# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဉစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက် | ၂၀၁၉ ခုနှစ်၊ ဩဂုတ် ၃၀ ရက်၊ သောကြာနေ့ | အတွဲ (၅၈)၊ အမှတ် (၃၃၄)




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နော်ဝေနိုင်ငံ SN Power ကုမ္ပဏီ၏ ဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr. Oystein Oyehaug ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
## နော်ဝေနိုင်ငံ SN Power ကုမ္ပဏီ၏ ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နော်ဝေနိုင်ငံ SN Power ကုမ္ပဏီ၏ ဘုတ်အဖွဲ့ဥက္ကဋ္ဌဖြစ်သူ Mr. Oystein Oyehaug ဦးဆောင်သော အဖွဲ့ဝင် (၃)ဦး ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသည့် လျှပ်စစ်စွမ်းအင် လုံလောက်စွာရရှိရေးအတွက် ရေအားလျှပ်စစ်ထုတ်လုပ်ရေးကဏ္ဍတွင် မြန်မာနိုင်ငံအစိုးရနှင့် SN Power ကုမ္ပဏီတို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မှု အလားအလာများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

**တောင်ကိုရီးယားဗဟိုတရားရုံးက သမ္မတဟောင်း ပတ်ဂွန်ဟေးအမှုအား ပြန်လည်စစ်ဆေးရန် အမိန့်ထုတ်ပြန်**


နိုင်ငံတကာသတင်း | စာ » ၁၄


**ကုန်သွယ်ရေးစစ်ပွဲကြောင့် အာရှနိုင်ငံများ၏စီးပွားရေး အကျဘက်သို့ ဦးတည်လာ**


နိုင်ငံတကာရေးရာ | စာ » ၁၅


## ASOCIO Smart City Award 2019 အတွက် မန္တလေးမြို့အား ရွေးချယ်ဆုပေး

**မန္တလေး ဩဂုတ် ၂၉**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဩဂုတ် ၂၈ ရက်က ကျင်းပသည့် ASOCIO Smart City Summit 2019 အခမ်းအနားတွင် ASOCIO Smart City Award 2019 အတွက် မြန်မာနိုင်ငံမှ မန္တလေးမြို့ ရွေးချယ်ခြင်းခံရကြောင်း သိရသည်။

သုံးနှစ်တာကာလအတွင်း မြို့တော်စည်ပင်၏ လုပ်ဆောင်ချက်များကြောင့် တိုးတက်ပြောင်းလဲမှုများကို အခြေခံကာ အဆိုပါဆုကို ရွေးချယ်ခြင်းခံခဲ့ရကြောင်း၊ ယင်းဆုပေးပွဲကို ထိုင်းနိုင်ငံ Thai ICT Industry (ACTI) မှ လက်ခံကျင်းပပေးခြင်းဖြစ်ကြောင်း၊ ASOCIO သည် ဖွံ့ဖြိုးဆဲ စမတ်စီးတီးဖြစ်ပေါ်လာစေရန် လှုံ့ဆော်အားပေးသည့် အခမ်းအနားတစ်ခုဖြစ်ကြောင်း၊ ASOCIO Smart City Award 2019 ကျင်းပရန်အတွက်


*စာမျက်နှာ ၅ ကော်လံ ၄* ❁





မြန်မာ့အလင်း

# စာဖတ်ခြင်းဖြင့် ကြီးပွားတိုးတက်ရေး

နှစ်ဆယ်ရာစု နောက်ဆုံးပိုင်းကာလများမှာ ကမ္ဘာကြီး၏ နည်းပညာတိုးတက်မှုနှုန်းက မယုံကြည်နိုင်လောက်အောင် တစ်ဟုန်ထိုးမြန်ဆန်သွားခဲ့သည်။ ကွန်ရက်ချိတ်ဆက်မှုများက ကျယ်ပြန့်လာသည်နှင့်အမျှ ကမ္ဘာတစ်ဝန်း၏ ဆက်သွယ်ရေးစနစ်များက လက်ဖျစ်တစ်တွက်အတွင်းမှာ ကမ္ဘာ့အရှေ့ဖျား၊ အနောက်ဖျား၊ တောင်ဖျား၊ မြောက်ဖျား နေရာဒေသမရွေး တစ်မုဟုတ်ချင်းဆိုသလို ဆက်သွယ်နိုင်ကြ၊ စကားပြောဆိုနိုင်ကြ၊ သတင်းစကားပါးနိုင်ကြ။ ယခုဆိုလျှင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြောနိုင်ဆိုနိုင်ကြ ဖြစ်လာသည်။

ဤသည်က ဆက်သွယ်ရေးနယ်ပယ်တစ်ခုကိုသာ ဥပမာပေးထုတ်နုတ်ပြောဆိုလိုက်ခြင်း ဖြစ်ပါသည်။ အမှန်မှာတော့ နည်းပညာနယ်ပယ်အသီးသီးမှာ တိုးတက်ခေတ်မီလာသည်များက အရှိန်မြန်လွန်း၊ အဟုန်ကြီးလွန်း၍ နေ့ချင်းဆိုသလိုပင် အပြောင်းအလဲများ တိုးတက်မှုများက လိုက်မမီနိုင်အောင်ဖြစ်လာသည်။

မြန်မာနိုင်ငံက နည်းပညာ၊ အတတ်ပညာတို့ အကြောင်း ပြောရမည်ဆိုလျှင် ခေတ်နောက် အဝေးကြီးမှာ ပြတ်ကျန်ခဲ့သည်မှာပင် နှစ်ပေါင်းများစွာကြာခဲ့ပြီတည်း။ ဝါးလုံးခေါင်းထဲ လသာမနေကြဘဲ အပြင်လောကကို ထွက်ကြည့်ကြလျှင် ဤအချက်က ဘယ်လိုမှ ငြင်းဆန်လို့မရသည့် အနေအထားဖြစ်ပါသည်။

တိုးတက်မှုများကြားမှာ နောက်ကျကျန်နေခဲ့ခြင်းက နိုင်ငံအတွက် ဆင်းရဲတာရှည်မှုကို ခေါ်ဆောင်လာနေမည်။ ရေရှည်တွင် သဘာဝဘေးဒဏ်၊ ရာသီဥတုဖောက်ပြန်မှုဒဏ်၊ စားရေရိက္ခာ ရှားပါးမှုဒဏ် အစရှိသည်တို့ကို မလွဲမသွေကြုံကြရမည်ဆိုခြင်းကို မမေ့လျော့သင့်ဟု ယူဆပါသည်။

သည်လိုအခြေအနေက ခေတ်နှင့်အမီ အရှိန်တင် အပြေးလိုက်ကြဖို့ဆိုလျှင် မြန်မာတို့စာဖတ်ကြဖို့ဆိုသည်က အခြေခံလိုအပ်ချက်တစ်ခုဟု ဆိုရပါမည်။ နည်းပညာအပြောင်းအလဲကြီးက ကွန်ရက်စနစ်များ ပေါ်လာသည့်အခါ ယခင်ကာလများကလို စာအုပ်များအနေဖြင့်သာမက ကွန်ရက်ပေါ်က ဖတ်ရှုစရာတို့ကပါ နေ့စဉ်နှင့်အမျှ ပိုမိုများပြား၍ လာနေပြီဆိုသည်ကိုလည်း သတိချပ်ကြရန် လိုပါမည်။

မည်သို့သော ရင်းမြစ်ကဖြစ်ပါစေ ဖတ်ကြရှုကြ လေ့လာကြဖို့ လိုပြီဆိုသည်ကမူ အသေအချာပင်ဖြစ်ပါ၏။ တိုးတက်ခေတ်မီလာမှုများက နယ်ပယ်အသီးသီးမှာ တစ်ဟုန်ထိုး တက်လာနေခြင်းဖြစ်သည့်အတွက် မည်သည့်နယ်ပယ်၏တိုးတက်မှုကိုမဆို စာဖတ်ရန် မေ့လျော့နေးကွေးသွားသည်နှင့်တစ်ပြိုင်နက် နောက်ကျကျန်ခဲ့တော့မည်ဟုဆိုချင်ပါသည်။

ကမ္ဘာတစ်ဝန်း နယ်ပယ်အသီးသီးမှာ ရှာဖွေတွေ့ရှိနေကြသည့် အတွေ့အကြုံများ၊ သုတေသနများ၊ တီထွင်ဖန်တီးမှုများ၊ အောင်မြင်မှုများ၊ လမ်းမှား လမ်းလွဲများ အစရှိသည်အားလုံးတို့ကို မိမိတို့ ကိုယ်တိုင်ဖြတ်သန်းသိရှိဖို့ မဖြစ်နိုင်သည်မှာ သေချာနေသည့်အချိန်တွင် စာပေဖတ်ရှုခြင်း၊ စာအုပ်စာတမ်းများ၊ သုတေသနတွေ့ရှိချက်များ စသည့် ရင်းမြစ်အားလုံးတို့ကသာ အမီလိုက်နိုင်မည် ဆိုခြင်းကို အလေးအနက်ထားကြရန် လိုပါမည်။

အထူးသဖြင့်မူ ပညာရပ်နယ်ပယ်အသီးသီးက ဦးဆောင်မှုပေးရန်၊ ရှေ့တန်းရောက်နေရန် လိုအပ်သည့်သူများက ပိုမို၍ အရှိန်မြှင့်ဖတ်ရှုကြရမည့်အချိန်ဟု မြင်ပါသည်။

စာဖတ်ရှုလေ့လာမှုကို အလေးအနက်ထားဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏ တစ်ဦးချင်းဘဝများ တိုးတက်ထွန်းကားရေး၊ နိုင်ငံနှင့် ပြည်သူတို့ အဆင့်အတန်းမြင့်မားရေးတို့အတွက် ထောက်ကူမှုရှိ ဖြစ်ပေမည်ဟု ယုံကြည်ပါကြောင်း။ ။

## စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်ဆက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၉

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက် မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့်အထူးသတိပြုနေထိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

## လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်

နေပြည်တော် ဩဂုတ် ၂၉

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားကမ်းခြေအနီးတွင် လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ မိုး/ဇလ

# ဒို့ကျေးရွာဂျာနယ် အတွဲ (၁၆)၊ အမှတ် (၁၇) ထုတ်ဝေဖြန့်ချိ

နေပြည်တော် ဩဂုတ် ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ် အတွဲ (၁၆)၊ အမှတ် (၁၇) ကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ ၁ ရက်တွင် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် "တော်သလင်းလနှင့် ချစ်စရာမြန်မာ့ဓလေ့လှေပြိုင်ပွဲတော်၊ ဆန်စပါးအရည်အသွေးကောင်းစေရန် ရပ်ရွာအခြေပြု အခြောက်ခံစက်နှင့် အသေးစားသိုလှောင်ရုံများ တည်ထောင်ချိန်တန်ပြီ၊ တစ်နိုင်တစ်ပိုင်ခွံ့စိမ်းငှက်ပျောစိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများ၊ ဝက်တုပ်ကွေးရောဂါနှင့် သိမှတ်ဖွယ်ရာအချက်များ၊ တိရစ္ဆာန်များတွင် တွယ်ကပ်လျက်ရှိသော ကပ်ပါးအန္တရာယ်၊ နှလုံးရောဂါဖြစ်ခြင်းမှ ကာကွယ်ပေးမယ့်နည်းလမ်း ၁၂ သွယ်၊ မပေါ့ဆသင့်သော ကိုယ်ပူဖျားနာ၊ ဆရာကြီးလယ်တွင်းသား စောချစ်၏ ဒုတိယအရွယ် အခန်းဆက်ဝတ္ထုရှည်" အပါအဝင် အထူးဆောင်းပါး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ သုတ/ရသ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထု၊ ကာတွန်း၊ ကျေးလက်ဟာသများ၊ အနုပညာ၊ အားကစား၊ နိုင်ငံတကာသတင်း၊ မှုခင်းသတင်းများနှင့် မိုးလေဝသသတင်းများကို စုံလင်စွာ ဖော်ပြထားပါသည်။

ဒို့ကျေးရွာဂျာနယ်ကို တစ်စောင်လျှင် ကျပ် ၂၀၀ နှုန်းဖြင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

သတင်းစဉ်




# မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုပပျောက်ရေး ပြည်သူ့စကားဝိုင်းကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် လှိုင်မင်္ဂလာခန်းမ၌ ကျောင်းသားလူငယ်များ အသိပညာဗဟုသုတရရှိစေရန် မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုပပျောက်ရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီ က ကျင်းပရာ အခမ်းအနားတွင် ICEC (တာမွေ) ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဇော်ဝင်း (ကိုသောင်းပညာရေး) က အမှာစကားပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ရဲမှူးဝေလွင်၊ မူးယစ်တားဆီးကာကွယ်ရေး အထူးရဲတပ်ဖွဲ့ ရဲအုပ်အောင်မျိုးထွဋ်၊ လှိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါက်တာဖြိုးပိုင်၊ စာရေးဆရာလင်းသိုက်ညွန့်(မြန်မာ့မြေ)၊ လုပ်ငန်းအစီအစဉ် ဒါရိုက်တာရှေ့နေ ဦးနေဝင်းနိုင် (The Fifth Pillar) နှင့် အဆိုတော်သရုပ်ဆောင် အေးသင်ချိုဆွေတို့က ဆွေးနွေးကြသည်။

အခမ်းအနားသို့ လသာ၊ လှိုင်၊ တာမွေ၊ လှိုင်သာယာ ICEC ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ၁၃၀၀ ခန့် တက်ရောက်ခဲ့ပြီး ကျောင်းသား ကျောင်းသူများက သိလိုသည်များအား ပြန်လည်မေးမြန်းခဲ့ကြသည်။

သန္တာမေ(ပြန်/ဆက်)

# "A Short Film About Love" ရုပ်ရှင်ဇာတ်ကားကို ခွဲခြမ်းစိတ်ဖြာလေ့လာမှုအစီအစဉ် ပြုလုပ်မည်

ရန်ကုန် ဩဂုတ် ၂၉

"A Short Film About Love" ဇာတ်ကားကို စက်တင်ဘာ ၁ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ကြည့်ရှုပြီး ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမှုအစီအစဉ် ပြုလုပ်မည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်အဖြစ် (၂၄) ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။

"A Short Film About Love" အမည်ရှိ ရုပ်ရှင်ဇာတ်ကားသည် ဒါရိုက်တာ Krzysztof Kieslowski ၏ လက်ရာကောင်းတစ်ခုဖြစ်ပြီး ဇာတ်လမ်းအမျိုးအစားမှာ Drama, Romance အမျိုးအစားဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ်က Polish Film Festival တွင် Best Cinematography Award ၊ Best Actress Award၊ Best Supporting Actress Award နှင့် Golden Lion Award ဆု လေးခုကို ရရှိထားသည့် ဇာတ်ကားဖြစ်ကြောင်း၊ ဇာတ်လမ်းအကျဉ်းမှာ စာတိုက်အလုပ်သမား လူငယ်တစ်ယောက်သည် အိမ်ရှေ့တိုက်ခန်းရှိ ၎င်းထက်အသက်ကြီးပြီး ယောကျာ်းများစွာနှင့် အိပ်လေ့ရှိသည့် အမျိုးသမီးတစ်ဦးကို ချစ်မိသွားကြောင်း၊ လူငယ်သည် ၎င်းအမျိုးသမီးကို အဝေးကြည့်မှန်ပြောင်းဖြင့် ချောင်းကြည့်လေ့ရှိပြီး အချစ်ဆိုသည့်အရာကို အယုံအကြည်မရှိတော့သည့် ၎င်းအမျိုးသမီးကို အချစ်အကြောင်း ဖွင့်ဟပြောဆိုသကဲ့သို့ အမျိုးသမီးမှလည်း ၎င်း၏ရိုးသားသည့်အချစ်ကို လက်တွေ့ကျကျဖြင့် တုံ့ပြန်လိုက်သည့် ရုပ်ရှင်ဇာတ်ကားတစ်ခုဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၉

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး Mr. Sok Chea အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး Mr. Sok Chea အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို သုံးသပ်ခဲ့ကြပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စများကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# သဘာဝဘေးဒဏ်ကျရောက်နေသည့် ဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၉**

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော သဘာဝဘေးဒဏ် ကျရောက်နေသည့် ဒေသများရှိ ရေဘေးသင့်ပြည်သူများ အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ရုံးခန်း၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာ အောင်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ရေဘေးသင့်ပြည်သူများ အတွက် ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုး သား လွှတ်တော်ကိုယ်စားလှယ်များက လှူဒါန်းသော ငွေကျပ် ၂၂၅ သိန်းကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာ အောင်တို့က အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးထံ ပေးအပ်လှူဒါန်း ကြသည်။




ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်တို့က ရေဘေးသင့် ပြည်သူများအတွက် အလှူငွေများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံ ပေးအပ်လှူဒါန်းစဉ်။ သတင်းစဉ်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လက်ခံရယူသည်။

ရေဘေးသင့် ပြည်သူများအတွက် ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ငွေကျပ် ၆၃ ဒသမ ၆ သိန်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ၈၆ ဒသမ ၄ သိန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၃၀ ဒသမ ၂ သိန်း ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ၄၄ ဒသမ ၈ သိန်း စုစုပေါင်း ငွေကျပ် ၂၂၅ သိန်း လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မစ္စစ်ဟာနားမောတိုးလ်ဗားအား မြန်မာနိုင်ငံတော်ဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်

**နေပြည်တော် ဩဂုတ် ၃၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် မစ္စစ်ဟာနားမောတိုးလ်ဗားအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

မစ္စစ်ဟာနားမောတိုးလ်ဗားကို ၁၉၆၉ ခုနှစ်၊ မေလတွင် ချက်သမ္မတနိုင်ငံ၊ နပ်ဟွတ်မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၈၇ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ ပရာ့ဂ်မြို့ရှိ ချားလ်တက္ကသိုလ်တွင် ခေတ်သစ်ဝေါဟာရဗေဒပညာရပ်ကို လည်းကောင်း၊ ၁၉၉၄ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ အောက်စဖို့ဒ်တက္ကသိုလ်တွင် နိုင်ငံတကာ ဆက်ဆံရေးပညာရပ်ကို လည်းကောင်း၊ ၁၉၉၇ ခုနှစ်တွင် ပရင်စတန်တက္ကသိုလ်၌ အမေရိကန်လေ့လာရေးပညာရပ်ကို လည်းကောင်း လေ့လာဆည်းပူးခဲ့သည်။ ၁၉၉၂ ခုနှစ်မှ စတင်ကာ ချက်သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တာဝန် ထမ်းဆောင်ခဲ့ပြီး လန်ဒန်မြို့နှင့် ဝါရှင်တန်ဒီစီရှိ ချက်သမ္မတနိုင်ငံသံရုံးများတွင် တာဝန်အသီးသီး ထမ်းဆောင်ခဲ့သည်။ ၂၀၀၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ဥရောပ သမဂ္ဂဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် လည်းကောင်း၊ ဂရိနိုင်ငံနှင့် အိုင်ယာလန် နိုင်ငံဆိုင်ရာ ချက်သံအမတ်ကြီးအဖြစ် လည်းကောင်း၊ အာရှနှင့် ပစိဖိတ်ရေးရာ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၈ ခုနှစ်မှစတင်ကာ ချက်နိုင်ငံ၏ Brexit ဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် နိုင်ငံခြား ရေးရာ လေ့လာသုံးသပ်ရေးနှင့် စီမံကိန်းဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူး တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ မစ္စစ်ဟာနားမောတိုးလ်ဗားသည် အင်္ဂလိပ်၊ ပြင်သစ်နှင့် ဂရိဘာသာစကားများကို တတ်ကျွမ်းကာ အိမ်ထောင်သည် တစ်ဦးဖြစ်သည်။ **သတင်းစဉ်**

# မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။ **မိုး/ဇလ**

# ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ 700 MHz Band နှင့်စပ်လျဉ်း၍ လိုင်းနှုန်းပြင်ဆင်သတ်မှတ်

**နေပြည်တော် ဩဂုတ် ၂၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဆက်သွယ်ရေးဥပဒေ၏ ရည်ရွယ်ချက်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးဆိုင်ရာ နည်းပညာကို အသုံးပြု၍ နိုင်ငံတော်တစ်ဝန်းလုံးတွင် ဆက်သွယ်ရေး ကွန်ရက်ဖြန့်ကြက်ပြီး အများပြည်သူဆက်သွယ်အသုံးပြုနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိနိုင်ရန်အတွက် 700 MHz Frequency Band ကို WRC-15 ၏ ဆုံးဖြတ်ချက်နှင့်အညီ IMT (International Mobile Telecommunications) လိုင်းနှုန်းအဖြစ် သတ်မှတ်ချထားပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့ ထုတ်ပြန်လိုက်သည်။

**ပြင်ဆင်သတ်မှတ်**

ယင်းထုတ်ပြန်ချက်တွင် ၂၀၁၆ ခုနှစ် ဇူလိုင် ၁၇ ရက်က ထုတ်ပြန်ခဲ့ပြီးဖြစ်သော Technical Specifications for Short Range Devices (SRD) တွင် သတ်မှတ်ပေးထားသည့် (470 MHz – 806.00 MHz) ကို (470.00 - 702.00 MHz) နှင့် (804.00 - 806.00 MHz) ဖြင့် ပြင်ဆင်သတ်မှတ်ကြောင်း သိရသည်။

**ဝင်ရောက်ကြည့်ရှုနိုင်**

အဆိုပါ Technical Specifications for Short Range Devices (SRD) ပြင်ဆင်သည့် Amendment Notice ကို ဦးစီးဌာန၏ Website ဖြစ်သည့် www.ptd.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# ရွေးကောက်ပွဲဖြစ်စဉ်များတွင် ကဏ္ဍစုံမှပါဝင်ပတ်သက်သူများ ဆက်ဆံရေးနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကျင်းပ

နေပြည်တော် သြဂုတ် ၂၉

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် Asian Network for Free Elections (ANFREl) အဖွဲ့တို့ ပူးပေါင်း၍ ရွေးကောက်ပွဲဖြစ်စဉ်များတွင် ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ ဆက်ဆံရေးနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Horizon Lake View Resort Hotel ၌ ကျင်းပသည်။**

**ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ၊ မဲဆန္ဒရှင်ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်သည့် ရွေးကောက်ပွဲတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်ရန် ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန် ယုံကြည်မှုရှိခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲများကျင်းပရာတွင် လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်ရေးဆိုသည့် စံ (၅) ချက်နှင့်အညီ ဘက်လိုက်မှုကင်းစွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အဂတိကင်းစွာ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

**စနစ်တကျဖြစ်ရန် ဆောင်ရွက်ပေး**

ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် မဲဆန္ဒရှင်စာရင်းပြုစုခြင်း လုပ်ငန်းသည် အခြေခံအကျဆုံးဖြစ်ပြီး ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် ထိတွေ့ဆက်ဆံရသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်း ရရှိရန်နှင့် သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးရန်အတွက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျဖြစ်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂) အခန်း (၇)တွင် ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် ဆက်ဆံခြင်းအခန်းကို ထည့်သွင်းရေးဆွဲထားပါကြောင်း၊ ယနေ့ တွေ့ဆုံပွဲတွင် ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ ဆက်ဆံရေးနှင့်စပ်လျဉ်းပြီး နိုင်ငံတကာ အတွေ့အကြုံရရှိရန် ANFREl အဖွဲ့က စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ရွေးကောက်ပွဲဖြစ်စဉ်များတွင် ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ ဆက်ဆံရေးနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။** သတင်းစဉ်

**အပိုင်းလေးပိုင်းခွဲ ဆွေးနွေး**

ဆက်လက်၍ ANFREl အဖွဲ့၏ အမှုဆောင်ဒါရိုက်တာ Mrs. Chandanie Watawala က အမှာစကား ပြောကြားပြီး တက်ရောက်လာသူများက ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ အခွင့်အလမ်းများ၊ မျှော်မှန်းချက်များ၊ အခက်အခဲများနှင့် စပ်လျဉ်း၍ အပိုင်းလေးပိုင်းခွဲကာ ဆွေးနွေးကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ကချင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

နေပြည်တော် သြဂုတ် ၂၉

**နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့်အဖွဲ့သည် သြဂုတ် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မဝွေဇ-ခေါင်လန်ဖူးကားလမ်း (၆၅/၄)မိုင် ဖောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကာ ဆောင်ရွက်ပြီးစီးနေပြီဖြစ်သော မြေလမ်း (၃၈/၀)မိုင်၊ ကျောက်လမ်း (၂၄/၀)မိုင် ၊ တံတား ၁၉ စင်းနှင့် ရေပြွန်၊ ရေမြောင်းများအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေး၍ မိုးရာသီကာလအတွင်း ရေတိုက်စားမှုများကြောင့် ပြန်လည်ပြင်ဆင်ရန် လိုအပ်သောလုပ်ငန်းများအား ဆောလျင်စွာ ဆောင်ရွက်နိုင်ရန် ညှိနှိုင်းပေါင်းစပ်ပေးသည်။**

ထို့နောက် ဇီဝဒမ်စခန်း လမ်းလုပ်ငန်းရှင်းလင်းဆောင်၌ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာမှူးကြီးက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ မိုးရာသီကာလတွင် အနားမယူဘဲ မိုးမရွာသည့် အချိန်များတွင် လုပ်ငန်းများ ကြိုးပမ်း ဆောင်ရွက်ပေးနေကြသော လုပ်ငန်းခွင်ဝန်ထမ်းများကို အသိအမှတ်ပြုပါကြောင်း၊ ယခုဆောင်ရွက်နေသော လမ်းသည် ဒေသဖွံ့ဖြိုးရေးအတွက်သာမက နိုင်ငံတော်လုံခြုံရေး၊ ဖွံ့ဖြိုးရေးအတွက်လည်း အရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ လက်ရှိ လုပ်ငန်းဆောင်ရွက်နေသော အပိုင်းသည် ကျောက်တောင်များ ထူထပ်သောနေရာ၊ ခက်ခဲသော အပိုင်းဖြစ်သော်လည်း ဝန်ထမ်းများအနေဖြင့် အလေးထား ကြိုးပမ်းဆောင်ရွက်သည်ကို တွေ့ရှိရသဖြင့် အားရကျေနပ်မိပါကြောင်း၊ မိမိတို့၏ ကြိုးပမ်းမှုကြောင့် မည်သူမှ မမျှော်မှန်းထားသည့် ဆန်းလွတ်ချက်တောင်ထိပ်နှင့် အခက်အခဲဆုံးအပိုင်းဖြစ်သော တောင်ဆင်း (၄/၀)မိုင်ခန့်ကို ကားလမ်းဖောက်လုပ်နိုင်ခဲ့ပြီဖြစ်ရာ ခေါင်လန်ဖူးဒေသသို့လည်း မကြာမီ ကားလမ်းပေါက်အောင်မလျော့သော ဇွဲလုံ့လဖြင့် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း မှာကြား၍ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ပြီး လမ်းလုပ်ငန်းဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လက်ရှိ မိုးရာသီကာလတွင် လုပ်ငန်းဆောင်ရွက်နေသော ဆန်းလွတ်ချက်တောင်ကျော်လမ်း ဖောက်လုပ်နေသော လုပ်ငန်းခွင်သို့ရောက်ရှိပြီး လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ကချင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လုံးတုံဘိုတဲနေရာမှ နဝမ်ကောင်ဘိုတဲသို့ ဆက်လက်ဖောက်လုပ်မည့် လမ်းအူကြောင်းအခြေအနေနှင့် တံတား၊ ရေပြွန်ဆောင်ရွက်ရမည့် နေရာများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအတွက် လမ်းဖောက်လုပ်ရေးအဖွဲ့နှစ်ဖွဲ့ခွဲပြီး ဆောင်ရွက်နိုင်ရန် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးသည်။

လမ်းဖောက်လုပ်ရေးလုပ်ငန်းများ ဆောလျင်စွာပြီးစီးရေးအတွက် ခေါင်လန်ဖူးသို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သော စက်ယန္တရားနှစ်စီးဖြင့် ခေါင်လန်ဖူးမြို့မှ စတင် လမ်းဖောက်လုပ်ခြင်း၊ ကျောက်မိုင်းခွဲခြင်း လုပ်ငန်းများကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိရာ ယခုအခါ တစ်ကြောင်းထိုးမြေလမ်း ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ပူတာအို)သို့ ရောက်ရှိခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများနှင့် တွေ့ဆုံ၍ ပညာသင်ကြားရန်အတွက် အခက်အခဲရှိကြသော တိုင်းရင်းသားလူငယ်များအား နေထိုင်စားသောက်မှုစရိတ်၊ ပညာသင်ယူစရိတ် အစရှိသည်တို့ကို နိုင်ငံတော်မှ အလုံးစုံတာဝန်ယူ၍ လေ့ကျင့်သင်ကြားပေးလျက်ရှိရာ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် နိုင်ငံတော်၏ စေတနာကို အလေးထားပြီး အပတ်တကုတ် ကြိုးစားသင်ယူလေ့ကျင့်သွားရန် လိုအပ်ကြောင်း၊ ဤသင်တန်းကျောင်းမှ အတန်းပညာသာမက လူ့ဘဝတွင် အရေးပါသော စည်းကမ်းတကျနေထိုင်တတ်ရေး၊ အချိန်ကို တန်ဖိုးရှိအောင် ခွဲဝေအသုံးချတတ်ရေး၊ လူမှုပေါင်းသင်းဆက်ဆံရေး၊ ကျန်းမာသန်စွမ်းဖျတ်လတ်သော လူငယ်လူရွယ်များဖြစ်စေရေးတို့ကိုလည်း လေ့ကျင့်ပေးလျက်ရှိပြီး ခံယူတတ်ပါက ဘဝတစ်လျှောက်လုံး တိုးတက်အောင်မြင်ရေးအတွက် အသုံးဝင်သဖြင့် ကြိုးပမ်းလေ့လာသင်ယူသွားကြရန်နှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် စာသင်နှစ်အစမှ စတင်ကြိုးပမ်းလေ့လာသွားကြရန် ရှင်းလင်းမှာကြားခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများ၏ အိပ်ဆောင်များ၊ စာကြည့်တိုက်၊ နေထိုင်စားသောက်မှုအခြေအနေများနှင့် ကျောင်းဝင်းအတွင်း ယခုဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သော သုံးထပ်ကျောင်းသားအိပ်ဆောင် တည်ဆောက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှု၍လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း (ပူတာအို)သို့ ရောက်ရှိပြီး သင်တန်းသူများအားတွေ့ဆုံ၍ သင်တန်းသူများနှင့် ဝန်ထမ်းများအား ထောက်ပံ့ကြေးပေးအပ်ကာ ကျောင်းဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် သြဂုတ် ၂၉ - စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/၉လ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီစည်းဝေး

**နေပြည်တော် ဩဂုတ် ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၃၀/၂၀၁၉)ကို ယနေ့မွန်းလွဲ ၁ နာရီက ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၃၀/၂၀၁၉) ကျင်းပစဉ်။
သတင်းစဉ်



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး သစ်တောစိုက်ပျိုးရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

# မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး သစ်တောစိုက်ပျိုးရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဩဂုတ် ၂၉**

နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးတို့ ပူးပေါင်းဆောင်ရွက်သည့် မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး သစ်တောစိုက်ပျိုးရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-II ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအုန်းဝင်းနှင့် ဦးကျော်တင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ အမျိုးသားလွှတ်တော်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သီဟ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြန်မာ-တရုတ် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဗဟိုအသင်းဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်တို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီကိုယ်စား ဒုတိယအမြဲတမ်းအတွင်းဝန် ဦးထွန်းနိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးကိုယ်စား သံမှူး မစ္စတာယန်းရှိုကျန်းတို့က နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့ ရှေ့မှောက်၌ မြန်မာ-တရုတ်နှစ်နိုင်ငံချစ်ကြည်ရေး သစ်တောစိုက်ပျိုးရန် နားလည်မှုစာချွန်လွှာကို အပြန်အလှန် လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

ယင်းနောက် သစ်ပင်စိုက်ပျိုးခြင်းအခမ်းအနားကို မြန်မာ -တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးသစ်တောစိုက်ခင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်တို့က ပိတောက်ပင်များကို စိုက်ပျိုးပေးကြပြီး အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။

**(၄)နှစ် စီမံချက် စိုက်ပျိုးမည်**

အဆိုပါ မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး သစ်တောစိုက်ခင်းသည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိပန်းခြံ အမှတ်(၁) မြေနေရာနှင့် ဆက်စပ်လျက်ရှိသည့်မြေ (၁၈ ဒသမ ၆၂) ဧကတွင်တည်ရှိပြီး စိုက်ခင်းအတွင်း ကျွန်း၊ မဟော်ဂနီ၊ သင်းဝင်၊ ပိတောက်၊ ခရေနှင့် စိန်ပန်း စုစုပေါင်း ၃၃၅၃ ပင်ကို ၂၀၁၈ - ၂၀၁၉၊ ၂၀၁၉ - ၂၀၂၀၊ ၂၀၂၀ - ၂၀၂၁ နှင့် ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာရေးနှစ်များတွင် (၄)နှစ် စီမံချက်ဖြင့် စိုက်ပျိုးသွားမည်ဖြစ်သည်။

ထိုသို့စိုက်ပျိုးရာတွင် စိုက်ပျိုးမှုကုန်ကျစရိတ်၊ မြေနေရာနှင့် ချုံနွယ်များ ရှင်းလင်းခြင်း၊ လူသွားလမ်း၊ စကြံ၊ တံတားနှင့် Box Culvert များ၊ နားနေဆောင်များ ဆောက်လုပ်ခြင်း၊ ခြံစည်းရိုးကာရံခြင်းများနှင့် ပြုပြင်ထိန်းသိမ်းခြင်း ကုန်ကျစရိတ်များကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးက ကျခံပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီ Art Wave Co., Ltd သို့ လုပ်ငန်းအပ်နှံထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၉**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်အား ယနေ့နံနက် ၁၁ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံဥပဒေရေးရာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်နေမှုများနှင့် နှစ်နိုင်ငံရှေ့နေချုပ်ရုံးများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို ဆွေးနွေးကြသည်။

**သတင်းစဉ်**



❀ ***ရှေ့ဖုံးမှ***

၂၀၁၈ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ယင်းသို့ ဆောင်ရွက်နိုင်ရန် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် အစပြုခဲ့ကြောင်း သိရသည်။

"ASEAN Smart City Network ကွန်ပျူတာအသင်းတွေကလည်း စမတ်စီးတီးပြိုင်ပွဲကို ဝင်ပြိုင်ကြတယ်။ အမှတ်နဲ့ ရွေးချယ်တဲ့အခါ မန္တလေးက တိုးတက်မှုအမြန်ဆုံးထဲမှာ ပါသွားတယ်”ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးရဲမြတ်သူက ပြောသည်။

မန္တလေးမြို့တော်နှင့် မြို့နေပြည်သူလူထုအတွက် ကောင်းမွန်သည့် အနာဂတ်ကို ဖန်တီးနိုင်ရန်အတွက် လူမှုဆန်းသစ်တီထွင်မှု၊ မိတ်ဖက်တည်ဆောက်မှု၊ စီးပွားရေးအခွင့်အလမ်းများ ဖော်ထုတ်နိုင်မှုများကို တိုးမြှင့်ပေးနိုင်ရန်လည်းဖြစ်ကြောင်း၊ Asian-Oceanian Computing Industry Organization ASOCIO သည် ကွန်ပျူတာစက်မှုလုပ်ငန်း ဖက်ဒရေးရှင်းအဖွဲ့အစည်းတစ်ခုဖြစ်ပြီး အာရှပစိဖိတ်ဒေသနိုင်ငံများမှ အိုင်စီတီအဖွဲ့အစည်းများကို ကိုယ်စားပြုကြောင်း၊ ASOCIO တွင် ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်လ်၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ တရုတ်(တိုင်ပေ)၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ ကိုရီးယား၊ လာအို၊ မကာအို၊ မလေးရှား၊ မွန်ဂိုလီးယား၊ မြန်မာ၊ နီပေါ၊ နယူးဇီလန်၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ သီရိလင်္ကာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ကြောင်း၊ ASOCIO ကို ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ၁၉၈၄ ခုနှစ်က တည်ထောင်ခဲ့ပြီး အာရှအိုးရှင်းဒေသ အိုင်စီတီကုမ္ပဏီပေါင်း တစ်သောင်းကျော်ကို ကိုယ်စားပြုပါဝင်ပြီး အဖွဲ့ဝင်များအကြား ကုန်သွယ်မှုနှင့် ကွန်ပျူတာစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆက်ဆံရေးခိုင်မြဲစေရန်တို့ကို ရည်ရွယ်ကြောင်း သိရသည်။

**အောင်စံမောင်**






ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဒုတိယဝန်ကြီး ဦးတင်မြင့်တို့ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

သတင်းစဉ်

# အထွေထွေအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးမူဘောင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၉

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အထွေထွေအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေးမူဘောင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက ပထမအကြိမ်ပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မျှော်မှန်းချက်ဖြစ်သော ပြည်သူကိုဗဟိုပြုသည့် ကောင်းမွန်သော အုပ်ချုပ်ရေးယန္တရား တည်ဆောက်ရေး၊ ရည်မှန်းချက် ၄ ရပ်ဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ နိုင်ငံတော်အစိုးရ၏မူဝါဒများ အကောင်အထည်ဖော်ရေး၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖော်ဆောင်ရေး၊ ပြည်သူဗဟိုပြုဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရေး၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် ၃ ရပ်ဖြစ်သည့် မူဝါဒပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲရေး၊ လုပ်ထုံးလုပ်နည်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် လုပ်နည်းစနစ်ကောင်းများ တည်ဆောက်ရေး စသည့်ရလဒ်များကို ဖော်ထုတ်ချမှတ်နိုင်ခဲ့ပါကြောင်း။

## အကြိမ်ကြိမ်ဆွေးနွေးခဲ့ကြ

ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲမှ ဆွေးနွေးဖော်ထုတ်ရရှိသည့် ရလဒ်များ၊ မြေပြင်ကွင်းဆင်းတွေ့ရှိချက် အစီရင်ခံစာများနှင့် နိုင်ငံတကာတွင် ဆောင်ရွက်နေသည့် ပုံစံများအပေါ် မူတည်ပြီး အကြံပေးအဖွဲ့နှင့် တာဝန်ရှိသူများ အကြိမ်ကြိမ်ဆွေးနွေးခဲ့ကြပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် ၃ ရပ်၊ လုပ်ငန်းနယ်ပယ် ၆ ခု၊ လုပ်ငန်းနယ်ပယ်အလိုက် မျှော်မှန်းရလဒ်နှင့် အသေးစိတ်လုပ်ငန်းအစီအစဉ်များ ပါဝင်သည့် ပြုပြင်ပြောင်းလဲရေးမူဘောင်(မူကြမ်း)ကို ရေးဆွဲခဲ့ပြီးဖြစ်ပါကြောင်း။

## မူဘောင်တစ်ခုအဖြစ် ဆောင်ရွက်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ဗဟိုအစိုးရအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် ငြိမ်းချမ်းပြီး သာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတစ်ခုဖြစ်လာရန် ဖော်ဆောင်ရာတွင် "မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan-MSDP)"မှ ဘက်စုံပူးပေါင်းဆောင်ရွက်မှု မူဘောင်တစ်ခုအဖြစ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သကဲ့သို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် MSDP စီမံကိန်းကို သိရှိနားလည်ထားရန် လိုအပ်သည်ဟု မှာကြားခဲ့ပါကြောင်း။

ယခုအကြိမ် အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးကြမည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြုပြင်ပြောင်းလဲရေးမူဘောင်(မူကြမ်း)ပါ လုပ်ငန်းစဉ်များသည်လည်း "မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)"၏ မဏ္ဍိုင် (၁)ဖြစ်သည့် "ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု"၏ အောက်တွင်ပါရှိသော ပန်းတိုင်(၁)"ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သောအုပ်ချုပ်မှု" ခေါင်းစဉ်အောက်တွင်ပါဝင်သည့် "ကောင်းမွန်သော အုပ်ချုပ်မှု၊ အဖွဲ့အစည်းများ၏ စွမ်းဆောင်မှု တိုးတက်ကောင်းမွန်ရေးနှင့် ပြည်သူအားလုံး အစိုးရနှင့် ဆက်သွယ်လုပ်ကိုင်နိုင်စွမ်းတိုးမြှင့်ရေး"ကဏ္ဍများနှင့် ချိတ်ဆက်ပြုစုရေးဆွဲထားသည့် ပြုပြင်ပြောင်းလဲရေးမူဘောင်(မူကြမ်း) ပင်ဖြစ်ပါကြောင်း။

## အရေးပါသည့် ကဏ္ဍတစ်ခု

ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အရေးအကြီးဆုံးဖြစ်သည့် မူဝါဒလုပ်ငန်းစဉ်များ ချမှတ်သည့်အဆင့်မှ ယင်းမူဝါဒများကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ကြရသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အဆင့်ဆင့်သော ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အရေးပါသည့် ကဏ္ဍတစ်ခုအဖြစ် ခိုင်ခိုင်မာမာ ပါဝင်လျက်ရှိပါကြောင်း၊ မည်သည့်လုပ်ငန်းမျိုးမဆို အောင်မြင်အောင် ဆောင်ရွက်ကြသည့်အခါတွင် ပါဝင်ပတ်သက်သူအားလုံး လုပ်ငန်းစဉ်အဆင့်ဆင့်ကို ကျေညက်စွာ နားလည်သဘောပေါက်မှသာ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရန် အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြုပြင်ပြောင်းလဲရေးမူဘောင်(မူကြမ်း)တွင် ပါဝင်သည့် လုပ်ငန်းနယ်ပယ်အလိုက် အသေးစိတ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ပါဝင်ဆောင်ရွက်သူအားလုံး သိရှိနားလည်နိုင်မည့် လက်တွေ့အကောင်အထည်ဖော်မည့် လုပ်ငန်းများကို အထောက်အကူပြုနိုင်မည့် အသေးစိတ်လုပ်ငန်း အစီအစဉ်များကို ရေးဆွဲဖော်ထုတ်နိုင်ရေးအတွက် ရည်ရွယ်ပြီး ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်း ဖြစ်ပါကြောင်း။

## ဝိုင်းဝန်းဆွေးနွေးကြစေလို

ယနေ့ ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲတွင် လုပ်ငန်းနယ်ပယ်အလိုက် အသေးစိတ်လုပ်ငန်းစဉ်များအပြင် ၂၀၁၉ ခုနှစ်ကုန်အတွင်း အမြန်အကောင်အထည်ဖော် ဆောင်ရွက်ရန် ရည်မှန်းထားသည့် လုပ်ငန်းစဉ်များကိုလည်း ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း၊ ၂၀၁၉ ခုနှစ် မကုန်မီ ရပ်ကွက်၊ ကျေးရွာအုပ်စုလက်စွဲစာစောင် ရေးဆွဲပြုစုပြီး ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ဖြန့်ဝေပေးနိုင်ရေး ရည်မှန်းထားပါကြောင်း၊ အဆိုပါ ရပ်ကွက်၊ ကျေးရွာလက်စွဲထဲတွင် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ဆောင်ရွက်ရမည့် တည်ဆဲဥပဒေများက သတ်မှတ်ပေးထားသည့်လုပ်ငန်းတာဝန်များ ပြည့်ပြည့်စုံစုံပါဝင်ရန် လိုအပ်ပါကြောင်း။

၂၀၁၂ ခုနှစ် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေ၊ နည်းဥပဒေများတွင် ရပ်ကွက်၊ ကျေးရွာအတွင်း နေထိုင်သူမဟုတ်သော မသင်္ကာဖွယ်သူစိမ်းတွေ့ရှိပါက သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အနီးဆုံးရဲတပ်ဖွဲ့စခန်းသို့ သတင်းပို့ရမည်၊ တရားဥပဒေစိုးမိုးရေး၊ မူခင်းကျဆင်းရေးနှင့် လုံခြုံရေးတို့အတွက် စစ်ဆေးရန်လိုအပ်သော နေအိမ်ဥပစာနှင့် နေရာများကို အဖွဲ့ဖြင့် စနစ်တကျ ဝင်ရောက်စစ်ဆေးရမည်ဟု ပါရှိပြီးသော်လည်း ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးအချို့အနေဖြင့် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ကျင့်သုံးဆောင်ရွက်မှု အားနည်းနေသည်ကို တွေ့ရှိနေရပါကြောင်း။

## အကြံပြုပေးကြရန် တိုက်တွန်း

ထို့ကြောင့် ၂၀၁၂ ခုနှစ် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေများတွင် တိတိကျကျ ပြဋ္ဌာန်းပေးအပ်ထားသည့် တာဝန်များကို ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအနေဖြင့် ကျင့်သုံးဆောင်ရွက်နိုင်စေရန် ရပ်ကွက်၊ ကျေးရွာလက်စွဲထဲတွင် ပြည့်ပြည့်စုံစုံထည့်သွင်းပေးရန် လိုအပ်မည်ဖြစ်သည့်အတွက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူအားလုံး ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြရန် တိုက်တွန်းလိုပါကြောင်း၊ ထို့ပြင် မြို့နယ်အုပ်ချုပ်ရေးမှူးများအနေဖြင့် မြို့နယ်ပြည်သူလူထုနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ရှင်းလင်းတင်ပြရန်၊ ပြည်သူလူထု၏ တင်ပြချက်များနှင့် ပြည်သူ့အသံများကို နားထောင်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် (Town Hall Meeting) များ ပြုလုပ်သွားရန်လည်း ရှိပါကြောင်း၊ ယင်းလုပ်ငန်းစဉ်ကိုလည်း မည်သို့အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဆိုသည်ကို အကြံပြုဆွေးနွေးကြရန် လိုအပ်ပါကြောင်း။

## တိုင်ကြားစာစီမံခန့်ခွဲမှု

ထို့ပြင် ပြည်နယ်တစ်ခု မြို့နယ်တစ်ခု (One State One Township) စီမံချက်ကို ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲတွင် အသေးစိတ်အချက်အလက်များ အတည်ပြုပြီးပါက စီမံကိန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် အကြံပြုဆွေးနွေးကြစေလိုပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်သည့် တိုင်ကြားစာများအပေါ်တွင် ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းပေးနိုင်ရန် တိုင်ကြားစာစီမံခန့်ခွဲမှု ပိုမိုကောင်းမွန်စေမည့်စနစ်များ ဖော်ထုတ်ပေးနိုင်ရန်အတွက် လုပ်ငန်းစဉ်များကိုလည်း ဝိုင်းဝန်းဆွေးနွေး အကြံပြုစေလိုပါကြောင်း။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ရုံးများအဖြစ် တာဝန်ယူ ဆောင်ရွက်နေကြရသည့်အတွက် နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ အောင်မြင်ရေး၊ အုပ်ချုပ်ရေးယန္တရား ချောမွေ့စွာ လည်ပတ်နိုင်ရေးကို အထောက်အကူဖြစ်စေမည့် လုပ်ငန်းစဉ်များကိုလည်း ထည့်သွင်းဆွေးနွေး အကြံပြုစေလိုပါကြောင်း။

## တိုက်တွန်းပြောကြား

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြုပြင်ပြောင်းလဲရေးမူဘောင် (မူကြမ်း)ပါ လုပ်ငန်းစဉ်များကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရှင်းလင်းလွယ်ကူသည့် အသေးစိတ်လုပ်ငန်းစဉ်များ ဖော်ထုတ်ပေးနိုင်ရန်အတွက် ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆွေးနွေးပေးကြပါရန် တိုက်တွန်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ရှင်းလင်းပြောကြား

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို စတင်ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဦးစီးဌာန၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ခဲ့မှုများ၊ ပြုပြင်ပြောင်းလဲရေး မူဘောင် (မူကြမ်း)၊ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် ဆွေးနွေးရန်လိုအပ်သည့် နယ်ပယ်များ၊ မျှော်မှန်းရလဒ်များနှင့် အသေးစိတ်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးမှူးက ပြည်နယ်တစ်ခု မြို့နယ်တစ်ခု (One State One Township) စီမံချက်အဖြစ် ကလောမြို့နှင့် အောင်ပန်းမြို့တို့တွင် အမှိုက်ကင်းစင်ရေးနှင့် မူးယစ်ဆေးဝါးကင်းစင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ရရှိသည့် အကျိုးကျေးဇူးများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

## အကြံပြု ဆွေးနွေး

ယင်းနောက် နယ်ပယ်အလိုက် ရည်ရွယ်ချက်များနှင့် မျှော်မှန်းရလဒ်များအား အကောင်အထည်ဖော်ရာတွင် မူဝါဒရေးရာ ထည့်သွင်းစဉ်းစားသင့်သည့် အချက်များ ရှင်းလင်းခြင်း၊ မေးမြန်းဆွေးနွေးခြင်း၊ နယ်ပယ်အလိုက် ရည်ရွယ်ချက်များ၊ မျှော်မှန်းရလဒ်များနှင့် လုပ်ငန်းစဉ် အသေးစိတ်ဇယားအပေါ် သုံးသပ်ဆွေးနွေးခြင်း၊ ပြင်ဆင်ဖြည့်စွက်သင့်သည့် အချက်များအား အကြံပြုဆွေးနွေးခြင်း၊ နယ်ပယ်အလိုက် လုပ်ငန်းစဉ်အသေးစိတ်ဇယားကို အကောင်အထည်ဖော်ရာတွင် မြေပြင်တွင် ကြုံတွေ့နိုင်သော အခက်အခဲများနှင့် ကျော်လွှားနိုင်မည့် နည်းလမ်းများကို အကြံပြုဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်းနှင့် အထွေထွေအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးမူဘောင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အဆိုပါဟိုတယ်၌ ဩဂုတ် ၃၀ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနား မစတင်မီ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုဝန်ကြီး၏ အကြံပေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်း ကိုယ်စားလှယ်များ၊ နယ်ပယ်ရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ခွင့်ပေးပိုင်ခွင့်ရှိသူက တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ နိုင်ငံရပ်ခြားသို့ မိမိအစီအစဉ်ဖြင့် ခရီးသွားလာစေခြင်းကိစ္စများအတွက် ခွင့်ခံစားခွင့်ကို ဆောင်ရွက်ပေးနိုင်မည်


ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်း


ပိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး


ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ


ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း


ဒုတိယဝန်ကြီး ဦးတင်မြင့်


ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး

**နေပြည်တော် ဩဂုတ် ၂၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီ တွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ဖွဲ့စည်းပုံပါရာထူးတစ်ခုတွင် အတည်ပြုခန့်ထားခြင်းခံရသော နိုင်ငံ့ဝန်ထမ်းတစ်ဦးသည် နိုင်ငံတော်၏အကျိုးအတွက် ပေးအပ်သည့်တာဝန်များ ထမ်းဆောင်ရသဖြင့် နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၁၁ ပါ အခွင့်အရေးများကို သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိ

အစည်းအဝေးတွင် ပိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး၏ **နိုင်ငံ့ဝန်ထမ်းများအပေါ် မြန်မာနိုင်ငံကူးလက်မှတ် လွတ်လပ်စွာလျှောက်ထားရယူခြင်းနှင့် ခရီးသွားလာခြင်း ကန့်သတ်ခဲ့ခြင်းများအား ယခုအချိန်တွင် တရားဝင်ခွင့်ရက်ခံစားပြီး နိုင်ငံရပ်ခြားသို့ သွားလာလည်ပတ်ခွင့်ကို ခွင့်ပြုပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းက နိုင်ငံ့ဝန်ထမ်းများအပါအဝင် နိုင်ငံသားအားလုံးအတွက် နိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်းကို မြန်မာနိုင်ငံ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာနက အဆင်ပြေစွာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများရှိ ဖွဲ့စည်းပုံပါ ရာထူးတစ်ခုတွင် အတည်ပြုခန့်ထားခြင်းခံရသော နိုင်ငံ့ဝန်ထမ်းတစ်ဦးသည် နိုင်ငံတော်၏အကျိုးအတွက် ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ရသဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၁ ပါ အခွင့်အရေးများကို သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိပါကြောင်း။

ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများအနေဖြင့် ခွင့်များကို ခံစားခွင့်ပြုရာတွင် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၌ ပြည်တွင်း၊ ပြည်ပဟူ၍ ခွဲခြားသတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိပါသဖြင့် နိုင်ငံ့ဝန်ထမ်းများက သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသောခွင့်များကို တောင်းခံလာပါက ပြည်တွင်း၌ ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ ခံစားခွင့်ပြုရာတွင် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၇၀၊ နည်းဥပဒေ ၇၃၊ နည်းဥပဒေ ၈၇ နှင့် နည်းဥပဒေ ၉၆ တို့ပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုနည်းလမ်းအရ ခွင့်ပေးပိုင်ခွင့်ရှိသူက တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ နိုင်ငံရပ်ခြားသို့ မိမိအစီအစဉ်ဖြင့် ခရီးသွားလာစေခြင်းကိစ္စများအတွက် ခွင့်ခံစားခွင့်ကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း၏ **ကန်ပက်လက်မြို့နယ်ရှိ ခေါ်နူးစုမ် အမျိုးသားဥယျာဉ်သို့ လာရောက်လည်ပတ်ကြသော ပြည်တွင်းပြည်ပမှ ခရီးသွားများ စည်းကမ်းတကျ အပန်းဖြေသွားလာရေးအတွက် မည်သို့ဆောင်ရွက်ထားသည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာမှုကြောင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမရှိစေရန်အတွက် အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်ခြင်း မပြုလုပ်ရန်နှင့် တောင်ဇလပ်ပန်း၊ ချယ်ရီပန်းနှင့် အခြားပန်းများကို ခူးဆွတ်ခြင်း မပြုလုပ်ကြရန် ခေါ်နူးစုမ်(ဝိတိုရိယ) တောင်ထိပ်သို့ သွားရောက်သည့်လမ်းကြောင်းတစ်လျှောက်တွင် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားခြင်း၊ ဝန်ထမ်းများနှင့် ဒေသခံလူငယ်များ စုပေါင်း၍ အမှိုက်သိမ်းဆည်းခြင်း၊ ပညာပေးဟောပြောခြင်းနှင့် ပန်းများခူးခြင်းအား တားဆီးခြင်း၊ ခရီးသွားဧည့်သည်များမှ အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်ခြင်း မပြုလုပ်ရေးအတွက် အမှိုက်စွန့်ပစ်ရန်နေရာများ သတ်မှတ်၍ အမှိုက်ပုံးများထားရှိပေးခြင်း၊ နှစ်ခန်းတွဲ ယင်လုံအိမ်သာသုံးလုံး ဆောက်လုပ်ခြင်း၊ တောင်ခြေရှိ ၁၀ မိုင်ခွဲ စခန်းတွင် ဝန်ထမ်းများတာဝန်ချထား၍ စစ်ဆေးခြင်းတို့ကို အမျိုးသားဥယျာဉ်မှ ဆောင်ရွက်လျက်ရှိပါကြောင်း။

ခရီးသွားလုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုနည်းပါးနိုင်သမျှ နည်းပါးစေရန် ခရီးသွားဧည့်သည်များအား တောင်ထိပ်သို့ ကားဖြင့်လည်းကောင်း၊ ဆိုင်ကယ်ဖြင့် လည်းကောင်း တက်ရောက်ခြင်းကို ပိတ်ထားပြီးဖြစ်ပါကြောင်း၊ ခရီးသွားဧည့်သည်များ အဆင်ပြေရေးနှင့် ဒေသခံများခရီးသွားလုပ်ငန်းမှ ဝင်ငွေရရှိရေးတို့အတွက် ဆိုင်ကယ်ကယ်ရီဖြင့် တောင်ထိပ်သို့ ခရီးသည်များပို့ဆောင်ခြင်းကို ခွင့်ပြုပေးထားပါကြောင်း၊ အမျိုးသားဥယျာဉ်အတွင်းရှိ တောင်ဇလပ်ပန်းများ၊ ချယ်ရီပန်းများနှင့် အခြားပန်းမန်နှင့် သဘာဝအပင်များ ခူးယူသွားခြင်း၊ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းတို့ လျော့နည်းစေရန် သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ အသိပညာပေးခြင်းနှင့် သတိပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ဥပဒေနှင့်အညီ အရေးယူခြင်း၊ အမှိုက်စွန့်ပစ်မည့်နေရာများသတ်မှတ်၍ အမှိုက်ပုံးများထားရှိခြင်းနှင့် ၎င်းအမှိုက်များအား သိမ်းဆည်းဖျက်ဆီးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး၏ **သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လက်ရှိအသုံးမပြုသော၊ အသုံးပြုရန် မလိုအပ်တော့သော၊ ရှေ့ဆက်အသုံးပြုရန် အစီအစဉ်မရှိသော မြေနှင့်အဆောက်အဦများ၊ နိုင်ငံတော်အတွက် အရှုံးပြနေပြီး ဝန်ထုပ်ဝန်ပိုးဖြစ်နေသော စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုနေသောမြေများကို နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အသုံးပြုရန်လိုအပ်နေသော ဝန်ကြီးဌာနများသို့ လွှဲပြောင်းပေးနိုင်ရေး (မူဝါဒ) လုပ်ငန်းစဉ်တစ်ခု ချမှတ်ဖော်ဆောင်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၃/၂၀၁၈) အရလည်းကောင်း၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ လုပ်ငန်းစဉ်အရ လည်းကောင်း၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ မူဝါဒလုပ်ငန်းစဉ် ၅၂ ချက်အရလည်းကောင်း၊ မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက်အရလည်းကောင်း၊ မူဝါဒချမှတ်၍ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါသဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနအနေဖြင့် (မူဝါဒ) လုပ်ငန်းစဉ်တစ်ခု ချမှတ်ဖော်ဆောင်ပေးရန် လတ်တလောတွင် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ အလုံမဲဆန္ဒနယ်မှ ဦးရဲလွင်၏ **အလုံမြို့နယ်ရှိ မီးရထားလမ်းဟောင်းအား ဆက်လက်အသုံးပြုရန်နှင့် မီးရထားလမ်းဟောင်းမြေအား တိုင်းတာ သတ်မှတ်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက လည်းကောင်း၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၏ **ကျေးငှက်များ သဘာဝအလျောက် လွတ်လပ်အန္တရာယ်ကင်းစွာ နေထိုင်ကျက်စား အသက်ရှင်ရပ်တည်နိုင်ရေး၊ သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ကောင်းမွန်စေရေး၊ ကျေးငှက်များကို အဆိပ်ချဖမ်းဆီးမှုများ မပြုလုပ်နိုင်ရေး၊ နိုင်ငံအတွင်းရှိ ရေကန်၊ ရေအိုင်၊ အင်းများသို့ အဆိပ်သင့်ရေဆိုးများ မဝင်လာစေရေးတို့အတွက် လက်ရှိဆောင်ရွက်နေသော လုပ်ငန်းအခြေအနေများကို သိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေကလည်းကောင်း၊ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း၏ **မောက်မယ်မြို့နယ်ရှိ ကျေးရွာများတွင် အိမ်ခြံ၊ မြေကွက်များအတွက် မြေငှားဂရန် ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၏ **တောင်သူများ၏ ကျွဲ၊ နွားများအတွက် လိုအပ်နေသော နွားစားကျက်မြက်ခင်းများကို ပိုင်ဆိုင်မှုပုံစံ(၇) ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်မြင့်ကလည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

## စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေကြမ်း အစီရင်ခံစာ တင်သွင်း

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော **စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေကြမ်း**ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး ဥပဒေကြမ်းကော်မတီဝင် ဒေါ်မာမာခိုင်က အစီရင်ခံစာတင်သွင်းသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း၏ **နိုင်ငံအဝန်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဖြေရှင်းဆောင်ရွက်သွားနိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရပ်ကျွမ်းကျင်သူများ မွေးထုတ်သွားရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကို ခရိုင်၊ မြို့နယ်အဆင့်ထိ စနစ်တကျတိုးချဲ့ဖွဲ့စည်းပြီး ဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များအောင်မြင်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် ရာသီဥတုပြောင်းလဲမှုများကြောင့် သဘာဝဘေးအန္တရာယ်များဖြစ်သည့် မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ အပူလှိုင်းများကျရောက်ခြင်းနှင့် ဆူနာမီဖြစ်ခြင်းတို့သည် အကြိမ်အရေအတွက်များပြားလာပြီး နိုင်ငံတိုင်းတွင် အနည်းနှင့်အများ ကြုံတွေ့နေရပါကြောင်း။

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို မိမိတို့နိုင်ငံအနေဖြင့် စဉ်ဆက်မပြတ် ဖြေရှင်းဆောင်ရွက်သွားနိုင်ရန်အတွက် အဆိုတင်သွင်းရခြင်းဖြစ်

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကြောင့် ဂေဟစနစ်များ ပျက်ယွင်းပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေရုံသာမက သတ္တဝါမျိုးစိတ်များနှင့် ဇီဝမျိုးစိတ်များသည် မူရင်းဒေသမှ ပြောင်းရွှေ့ကုန်ခြင်း၊ မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်များနှင့်ကြုံတွေ့နေရခြင်း၊ သီးနှံဖျက်ပိုးမွှားများ ပေါက်ပွားနှုန်းမြင့်မားလာခြင်းတို့ကို ကြုံတွေ့နေရပါကြောင်း၊ ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများကို လူသားများသာမက သက်ရှိဇီဝမျိုးစိတ်များပါ ခြိမ်းခြောက်ခံနေရပါကြောင်း၊ ထို့ကြောင့် ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့ကို တွန်းလှန်ရန်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို မိမိတို့နိုင်ငံအနေဖြင့် စဉ်ဆက်မပြတ် ဖြေရှင်းဆောင်ရွက်သွားနိုင်ရန်အတွက် အဆိုတင်သွင်းရခြင်းဖြစ်ပါကြောင်း။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် မျိုးဆက်သစ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရပ်ကျွမ်းကျင်သူများကို စဉ်ဆက်မပြတ်မွေးထုတ်ပေးပြီး ခရိုင်၊ မြို့နယ်အဆင့်အထိ စနစ်တကျတိုးချဲ့ဖွဲ့စည်းသွားနိုင်မည်ဆိုပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ယခုထက် ပိုမိုဆောင်ရွက်လာနိုင်မည်ဖြစ်ခြင်း၊ ၂၀၁၂ ခုနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပါ ရည်ရွယ်ချက်များအတိုင်း ထိရောက်စွာဆောင်ရွက်လာနိုင်မည်ဖြစ်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု လေ့လာဆန်းစစ်ခြင်းလုပ်ငန်းများနှင့် ပတ်ဝန်းကျင်ထိခိုက်စေမည့် စီမံကိန်းလုပ်ငန်းများ မဖြစ်စေရေးအတွက် ဆက်စပ်ဌာနများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်မည်ဖြစ်ခြင်း၊ ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာတွင် ဌာနတွင်း ဆောင်ရွက်ချက်များ ပိုမိုအားကောင်းလာမည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသူအားလုံး သန့်ရှင်းသောပတ်ဝန်းကျင်၊ ကောင်းမွန်သော ဂေဟစနစ်၊ မျှတသော ရာသီဥတုကောင်းများ စဉ်ဆက်မပြတ် ရရှိပိုင်ဆိုင်စေလိုသည့် စေတနာဖြင့် အဆိုတင်သွင်းရခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင်က အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို စက်တင်ဘာ ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်၊ ကျော်ဇင်ထိုက်**

# ဗန်းမောက်မြို့နယ် ဇလုံတောင် အပန်းဖြေဆင်စခန်းဖွင့်ပွဲ ကျင်းပမည်

**ငါ့သရောက် ဩဂုတ် ၂၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း၊စစ်ကိုင်းတိုင်းဒေသကြီး ကသာအနောက်သစ်ထုတ်လုပ်ရေးဒေသ၏ ဇလုံတောင်အပန်းဖြေဆင်စခန်းကို စက်တင်ဘာ ၁ ရက် နံနက် ၁၀နာရီတွင် ဗန်းမောက်မြို့နယ် ဇလုံတောင်ခြေရင်းရှိ ဇလုံတောင်အပန်းဖြေဆင်စခန်းတွင် ဆင်စခန်းဖွင့်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြု

**နေပြည်တော် သြဂုတ် ၂၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် **ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း၏ ရခိုင်ပြည်နယ်အတွင်း ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**နှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များ ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာလုပ်ငန်းများကို ၂၀၁၇ ခုနှစ် ဇူလိုင်လမှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် ယနေ့အထိ လူမှလူသို့ ထောက်ပံ့ခြင်းစနစ်ကိုသာ ကျင့်သုံးလျက်ရှိပါကြောင်း၊ ထိုသို့ ငွေကြေးထောက်ပံ့ခြင်းစနစ်ကို Electronic Cash Transfer သို့ ပြောင်းလဲရန်အစီအစဉ်ရှိပါကြောင်း၊ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်၏ ဒုတိယခြောက်လပတ်အတွင်း စတင်၍ ရခိုင်ပြည်နယ်အတွင်းတွင်ရှိသည့် မြို့ပေါ်ရပ်ကွက်များတွင် စတင်စမ်းသပ်အကောင်အထည်ဖော်သွားမည် ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဝင်းမြတ်အေး



ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ
ဦးကျော်ကျော်ဝင်း

## တိုက်ပွဲဖြစ်သည့် ဒေသများတွင် မြို့ပေါ်ရပ်ကွက်များ၌ အဆိုပါ ရပ်ကွက်ရှိ ပြည်သူ့ဝန်ဆောင်မှုရုံးများတွင် လူမှုဝန်ထမ်းဦးစီးဌာနကောင်တာ ဖွင့်လှစ်၍ ဆောင်ရွက်ပေးနေ

ရခိုင်ပြည်နယ်အတွင်း တိုက်ပွဲဖြစ်ပွားရာဒေသများ၌ မည်သည့်နည်းလမ်းဖြင့် ငွေကြေးထောက်ပံ့နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်း၍ တိုက်ပွဲဖြစ်သည့် ဒေသများတွင်လည်း မြို့ပေါ်ရပ်ကွက်များ၌ အဆိုပါ ရပ်ကွက်ရှိ ပြည်သူ့ဝန်ဆောင်မှုရုံးများတွင်



ဒုတိယဝန်ကြီး
ဦးလှကျော်



တနင်္သာရီတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း

လူမှုဝန်ထမ်းဦးစီးဌာနကောင်တာ ဖွင့်လှစ်၍ ဆောင်ရွက်ပေးနေပါကြောင်း၊ လုံခြုံရေးအရ သွားရောက်နိုင်သည် ကျေးရွာများသို့လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့က အဖွဲ့ဖွဲ့၍ သွားရောက်ထောက်ပံ့ခြင်းဖြစ်ပါကြောင်း၊ ငွေကြေးထောက်ပံ့ပေးမှုနှင့် စာရင်းပေးသွင်းလက်ခံသည့်နေရာတွင် မကျေနပ်မှုများရှိပါက လူမှုဝန်ထမ်းဦးစီးဌာန ဖုန်းနံပါတ် ၀၆၇-၃၄၀၄၂၂၂ နှင့် ၀၆၇-၃၄၀၄၉၉၉ သို့လည်းကောင်း၊ နီးစပ်ရာဦးစီးဌာနရုံးများသို့ လည်းကောင်း တိုင်ကြားနိုင်ပြီး ကွင်းဆင်း၍ စုံစမ်းဖြေရှင်းပေးခြင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများပါဝင်သည့်အဖွဲ့ဖြင့် စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ကာ တိုင်ကြားမှုမှန်ကန်ပါက အကျိုးခံစားခွင့်ရှိသူများ မနစ်နာအောင် ဆောင်ရွက်ပေးခြင်းနှင့် နစ်နာအောင် ပြုလုပ်သူအား ထိရောက်သော အရေးယူအပြစ်ပေးမှုများ ဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း၏ **မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့် ပတ်သက်၍ ဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် အခြေအနေနှင့် မည်သည့်ကာလအတွင်း လွှတ်တော်သို့ တင်သွင်းနိုင်မည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က အသစ်ရေးဆွဲထားသည့် ပင်လယ်ငါးလုပ်ငန်း ဥပဒေမူကြမ်းတွင် အခန်း(၁၆)ခန်း ပုဒ်မ (၇၇)ခု ပါဝင်၍ ရည်ရွယ်ချက် (၆) ရပ်ရှိပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဥပဒေအကြံပြုချက် ထပ်မံရယူမှုနှင့်အတူ ၂၀၁၉ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ၏ (၅/၂၀၁၉) ကြိမ်မြောက်အစည်းအဝေးသို့ တင်ပြခဲ့ပါကြောင်း၊ ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောထားကိုရယူခဲ့ပါကြောင်း၊ ယင်းဝန်ကြီးဌာန၏ သဘောထားအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကိုလည်း သဘောထားတောင်းခံသင့်ကြောင်း ဖော်ပြမှုရှိခဲ့သည့်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို ဆက်လက်သဘောထား တောင်းခံထားပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သဘောထားမှတ်ချက် ပြန်လည်ရရှိပြီးပါက ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဥပဒေအဖြစ်ပြဋ္ဌာန်းနိုင်ရေး ဆက်လက်တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

## သထုံမြို့စိုက်ပျိုးရေးသိပ္ပံကျောင်းအတွက် လိုအပ်သည့် ထမင်းစားခန်း RCC တစ်ထပ်ဆောင်ဆောက်လုပ်ရန်အတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံဆောင်ရွက်သွားမည်

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ **မွန်ပြည်နယ် သထုံမြို့စိုက်ပျိုးရေးသိပ္ပံကျောင်းတွင် RCC နှစ်ထပ်ဆောင် တစ်ဆောင်နှင့် ထမင်းစားခန်းမ RCC တစ်ထပ်ဆောင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က မွန်ပြည်နယ် သထုံမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်းအတွက် ကျောင်းသား ကျောင်းသူအိပ်ဆောင် နှစ်ထပ် (မိလ္လာ၊ Apron) အပါအဝင် RC တစ်လုံးအတွက် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ငွေကျပ် ၂၇၆ ဒသမ ၈ သန်း လျာထားပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ လိုအပ်သည့် ထမင်းစားခန်း RCC တစ်ထပ်ဆောင်ဆောက်လုပ်ရန်အတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝေ့တင်း၏ **ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် ကူညီထောက်ပံ့မှုများ ပေးရန် မေးခွန်း**နှင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေး၏ **ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ရှိ မြိုင်ကြီးငူစစ်ဘေးရှောင်စခန်းမှ ပြည်သူများအတွက် မည်သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**တို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လည်းကောင်း၊ ကယားပြည်နယ်မဲဆန္ဒနယ်အမှတ် (၉)မှ ဦးစိုးသိန်း၏ **နိုင်ငံတော်အနေဖြင့် အနာဂတ်ကာလတွင် စားနပ်ရိက္ခာဖူလုံရေး (Food Security)၊ ရေဖူလုံရေး (Water Security) နှင့် စွမ်းအင်ဖူလုံရေး (Energy Security) တို့အတွက် မည်ကဲ့သို့ အစီအမံများ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်ကလည်းကောင်း ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းထွန်းအောင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း ဖတ်ကြားရှင်းလင်း

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းထွန်းအောင်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြား ရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း၏ **ရှေးအစဉ်အဆက်အသုံးပြုခဲ့သော ကျေးလက်နေပြည်သူများထိန်းသိမ်းသည့် မိုးရေကန်များ၊ သောက်သုံးရေကန်များ၊ ဆည်ငယ်/တမံငယ်များကို ရေချိုမိုးရေ စုဆောင်းသိုလှောင်ရန်၊ သောက်သုံးရေရရှိရန်၊ မြေအောက်ရေဖြည့်ဆည်းရန်၊ လုပ်ကွက်ငယ်တောင်သူများ စိုက်ပျိုးရေရရှိရန်၊ သဘာဝဂေဟစနစ် မပျက်ရန်အတွက် ကန်တူးပေးခြင်း၊ ကန်ပေါင်ဆယ်ပေးခြင်း၊ ကန်ငယ်၊ ဆည်ငယ်၊ တမံငယ်များကို ပြုပြင်ထိန်းသိမ်းရန်နှင့် အသစ်တိုးချဲ့တည်ဆောက်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြင်းဆွေနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းတို့က ဆက်လက် ဆွေးနွေးကြသည်။

**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြင်းဆွေ**က ကန်ငယ်၊ ဆည်ငယ်များကို တည်ဆောက်ပေးခြင်းအားဖြင့် အဆိုပါ နေရာများ၏ အနီးပတ်ဝန်းကျင်တွင် သစ်ပင်များပေါက်ရောက်ရှင်သန်လာပြီး စိမ်းလန်းစိုပြည်လာမည် ဖြစ်ပါကြောင်း၊ အဆိုပါ သစ်ပင်များကြောင့် မိုးခေါင်သည့်ဒေသများတွင် မိုးရွာလာနိုင်ပါကြောင်း၊ ယနေ့ မိမိတို့နိုင်ငံသည် ရာသီဥတုဖောက်ပြန်သည့်ဒဏ်ကို စတင်ခံစားနေရပြီဖြစ်ပါကြောင်း၊ စိုက်ပျိုးရေ၊ သောက်သုံးရေ ရရှိရေးအခက်အခဲများကိုလည်း နှစ်စဉ်ရင်ဆိုင်နေရပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်တွင် ကြုံတွေ့လာနိုင်မည့် ရေရှားပါးမှုအခက်အခဲများကို ဖြေရှင်းနိုင်ရန် ကြိုတင်မျှော်မှန်း၍ နိုင်ငံအနှံ့တွင် ရေရရှိနိုင်မည့် အရင်းအမြစ်များကို နည်းမျိုးစုံဖြင့် ဖော်ထုတ်အသုံးချ၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုကို အကောင်အထည်ဖော်ခြင်းအားဖြင့် ယနေ့ကြုံတွေ့နေရသည့် ရေအခက်အခဲကို ဖြေရှင်းနိုင်မည်ဖြစ်သည့်အပြင် အနာဂတ်တွင်ကြုံတွေ့လာနိုင်မည့် ရေအခက်အခဲကိုပါ စီမံဆောင်ရွက်ပြီးဖြစ်သည့်အတွက် အဆိုကိုလေးနက်စွာထောက်ခံပါကြောင်း ဆွေးနွေးသည်။

## ဒေသလိုအပ်ချက်များအရ ရရှိနိုင်သည့် ရေအရင်းအမြစ်များကို ဖော်ထုတ်အသုံးချ၍ အနာဂတ်ရေရှားပါးလာနိုင်သည့် အခက်အခဲများကို ဖြေရှင်းနိုင်ရန် ကြိုတင်မျှော်မှန်းအကောင်အထည်ဖော်သည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ယင်းအဆိုနှင့် စပ်လျဉ်း၍ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်**က ပြန်လည်ဖြေရှင်းဆွေးနွေးရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအနှံ့အပြားတွင် ဒေသလိုအပ်ချက်များအရ ရရှိနိုင်သည့် ရေအရင်း



အမျိုးသားလွှတ်တော်
ဥပဒေကြမ်းကော်မတီဝင်
ဦးစိုင်းထွန်းအောင်



မကွေးတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြင်းဆွေ

အမြစ်များကို ဖော်ထုတ်အသုံးချ၍ အနာဂတ်ရေရှားပါးလာနိုင်သည့် အခက်အခဲများကို ဖြေရှင်းနိုင်ရန် ကြိုတင်မျှော်မှန်းအကောင်အထည်ဖော်သည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံအနှံ့တွင် မိမိတို့ဝန်ကြီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသည့် ရေလှောင်တမံနှင့် ဆည်၊ ကန်များအပြင် ဒေသမှ တည်ဆောက်ထိန်းသိမ်းထားသည့် ဆည်၊ ကန်များစွာလည်း ရှိပါကြောင်း၊ ၂၀၁၀ - ၂၀၁၁ ဘဏ္ဍာနှစ်မှစ၍ ဆည်၊ ကန်များ ပြုပြင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ပါကြောင်း။

ရေသယံဇာတများ ဖော်ထုတ်အသုံးပြုမှု စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဒေသတွင်း ရှိရင်းစွဲရေအရင်းအမြစ်များအပေါ်တွင် စနစ်တကျထိန်းသိမ်းသိုလှောင်သုံးစွဲနိုင်ရန်အတွက် မိမိတို့၏ ရှိရင်းစွဲအရင်းအမြစ်များကို အခြေပြု၍ ရေကဏ္ဍဆိုင်ရာ အခြေခံအဆောက်အအုံများကို အကောင်အထည်ဖော်ဆောင်ရွက်နေသော်လည်း အရှိန်အဟုန်နှင့် ဖြစ်တည်လာမှုအနေအထားမှာ လိုအပ်ချက်များ ရှိနေသေးသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်၏ အဆိုသည် မိမိတို့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ အောင်မြင်ရန်အတွက် များစွာအထောက်အကူပေးနိုင်မည့်အဆို ဖြစ်သည့်အတွက် အတည်ပြုသင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုကိုအတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို စက်တင်ဘာ ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

---

# ဖျာပုံမြို့နယ်၌ လယ်မြေများအတွက် လျော်ကြေးငွေပေးအပ်

**ဖျာပုံ သြဂုတ် ၂၉**

ဖျာပုံခရိုင် ဖျာပုံမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း တာဝန်ယူ တည်ဆောက်ခဲ့သည့် ငါးကြီးရိုးရေတံခါး (၄ပေ× ၅ပေ -၅ပေါက်) တည်ဆောက်ရာတွင် အသုံးပြုခဲ့သည့် လယ်မြေများအတွက် မြေယာ လျော်ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို သြဂုတ် ၂၇ ရက် နံနက် ၉ နာရီက ဖျာပုံမြို့ဇင်းဘောင်ရိပ်သာ၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုမင်းဇော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးတို့က အမှာစကားပြောကြားပြီး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဇော်က မြေယာလျော်ကြေးပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရေတံခါးဆောက်လုပ်ရာတွင် အသုံးပြုခဲ့သည့် လယ်မြေ ၅ ဒသမ ၁၉ ဧကအတွက် မြေယာလျော်ကြေးငွေကျပ် ၄၁၅၂၀၀၀ ကို တောင်သူ ဦးအောင်သန်းနှင့် ဦးဝင်းတင်တို့အား တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**သပြေထွန်း**

## ဒီမိုကရေစီပါတီသစ်(ကချင်) [New Democracy Party (Kachin)] [N.D.P (Kachin)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၆၅ / ၂၀၁၉ )**
**၁၃၈၁ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်**
**( ၂၀၁၉ ခုနှစ် ၊ ဩဂုတ်လ ၂၉ ရက် )**

**ဒီမိုကရေစီပါတီသစ်(ကချင်) [New Democracy Party (Kachin)] [N.D.P (Kachin)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ချီဖွေမြို့နယ်၊ ပန်ဝါမြို့ အမှတ်(၃)ရပ်ကွက်၊ ချမ်းမေ‌ာအိမ်ရာ (၁၇)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ဒီမိုကရေစီပါတီသစ်(ကချင်) [New Democracy Party (Kachin)] [N.D.P (Kachin)]** ကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ဒီမိုကရေစီပါတီသစ်(ကချင်) [New Democracy Party (Kachin)] [N.D.P (Kachin)]** ၏ မှတ်ပုံတင်အမှတ်သည် (၁၁၉) ဖြစ်ပါသည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မလေးရှားနိုင်ငံ (၆၂)နှစ်မြောက် အမျိုးသားနေ့၊ (၅၆)နှစ်မြောက် မလေးရှားနိုင်ငံ တည်ထောင်သည့်နေ့နှင့် (၈၆) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ညှော်ခံပွဲကျင်းပ




**မလေးရှားနိုင်ငံ၏ (၆၂) နှစ်မြောက် အမျိုးသားနေ့၊ (၅၆)နှစ်မြောက် မလေးရှားနိုင်ငံ တည်ထောင်သည့်နေ့နှင့် (၈၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ညှော်ခံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး၊ မလေးရှားနိုင်ငံသံအမတ်ကြီး Mr.Zahairi Bin Baharim နှင့် အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

**ရန်ကုန် ဩဂုတ် ၂၉**
မလေးရှားနိုင်ငံ၏ (၆၂) နှစ်မြောက် အမျိုးသားနေ့၊ (၅၆)နှစ်မြောက် မလေးရှားနိုင်ငံ တည်ထောင်သည့်နေ့နှင့် (၈၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ညနေ ၇ နာရီတွင် ရန်ကုန်မြို့ Wyndham Grand Yangon ဟိုတယ်၌ ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း တက်ရောက်သည်။

**လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်**

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် မလေးရှားနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး Mr.Zahairi Bin Baharim က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မိမိအနေဖြင့် မလေးရှားနိုင်ငံ၏(၆၂) နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယကို အဆွေတော်တို့နှင့်အတူ အောင်ပွဲခံဆင်နွှဲနေရသည်ကို ဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း၊ မြန်မာအစိုးရနှင့် မြန်မာပြည်သူများကိုယ်စား လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ယခုလို မင်္ဂလာရှိသည့် အချိန်အခါသမယတွင် မလေးရှားအစိုးရနှင့် မလေးရှားပြည်သူများအတွက် ဆုမွန်ကောင်းများ တောင်းလိုက်ပါကြောင်း။

နှစ်နိုင်ငံကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုကောင်းမွန်လာရေးနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးမြှင့်အောင် ဆောင်ရွက်မှုများတွင် မလေးရှားနိုင်ငံ သံအမတ်ကြီး၏ ခိုင်မာသည့် ကြိုးစားမှုများကိုလည်း အသိအမှတ်ပြုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးကို ၁၉၅၇ ခုနှစ်ကတည်းက တည်ထောင်ခဲ့သော်လည်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများသည် မိမိပြောနေသည့်စကားများထက် ပိုမိုနက်နဲပါကြောင်း၊ သမိုင်းတွင် အမြစ်တွယ်နေပြီဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် နယ်ချဲ့ဝါဒ၏လွှမ်းမိုးမှုကို ခါးသီးစွာခံစားခဲ့ရကြောင်းနှင့် လွတ်လပ်ရေးရရှိအောင် ကာလရှည်ကြာ ကြိုးစားခဲ့ရကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည်နှင့်အညီ မိမိတို့ကြားမျှော်လင့်မှုများ၊ ငြိမ်းချမ်းရေးဆန္ဒများနှင့် ကြွယ်ဝချမ်းသာမှုများကို အတူတကွမျှဝေခံစားခဲ့ကြကြောင်း၊ အာဆီယံမျှော်မှန်းချက် ၂၀၂၀ ကလည်း မိမိတို့၏ဘုံသဘောထားများကို ပိုမိုလေးနက်စေကြောင်း။

မကြာသေးမီ ကာလအတွင်း မလေးရှား နိုင်ငံခြားရေးဝန်ကြီး နေပြည်တော်သို့ အလည်အပတ်ရောက်လာစဉ်ကလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မလေးရှား နိုင်ငံခြားရေးဝန်ကြီးတို့ နှစ်နိုင်ငံကြား နယ်ပယ်ကဏ္ဍစုံတွင် မည်သို့မည်ပုံ ပူးပေါင်းဆောင်ရွက်ရမည်ဆိုသည်ကို အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း။

**စီးပွားရေးဆိုင်ရာတိုးတက်**

လွတ်လပ်ရေး ရကတည်းက မလေးရှားနိုင်ငံသည် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ပြီး စီးပွားရေးကိုလည်း ဘက်စုံဖြန့်ကြက်ခဲ့ရာ ကမ္ဘာ့အပွင့်လင်းဆုံး စီးပွားရေးတစ်ခုဖြစ်လာခဲ့ကြောင်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတွင် ထိုကဲ့သို့ စီးပွားရေးဆိုင်ရာ လမ်းပွင့်မှုကြောင့် အလုပ်အကိုင်ဖန်တီးမှုများနှင့် စီးပွားရေးဆိုင်ရာ တိုးတက်မှုများဖြစ်ပေါ်လာခဲ့ကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း ဘက်စုံကဏ္ဍစုံတွင် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေပြီ ဖြစ်သောကြောင့် မြန်မာ့စီးပွားရေးသည် ဆက်လက်ကျယ်ပြန့်လာခဲ့ရာ ၂၀၁၈ ခုနှစ်တွင် ဂျီဒီပီသည် အမေရိကန်ဒေါ်လာ ၇၁ ဘီလီယံအထိ မြင့်တက်လာခဲ့ကြောင်း၊ ယင်းက မြန်မာနိုင်ငံကို အာဆီယံတွင် အမြန်ဆုံး စီးပွားရေးတိုးတက်မှု ဖြစ်စေခဲ့ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံသည် မြန်မာ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်ကို အကောင်အထည်ဖော်လျက်ရှိသလို ရင်းနှီးမြှုပ်နှံသူများအတွက်လည်း မျှတသည့်အခြေအနေကို ဖန်တီးပေးလျက်ရှိကြောင်း။

**အဋ္ဌမမြောက်ရင်းနှီးမြှုပ်နှံသူ**

မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေသည်နှင့်အညီ နောက်လာမည့် ရင်းနှီးမြှုပ်နှံမှုများတွင် မလေးရှားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအသစ်များကလည်း မြန်မာ့စီးပွားရေးရှေ့သို့ ရောက်အောင်မောင်းနှင်နိုင်မည့် အဓိကမောင်းနှင်အားတစ်ခုပင်ဖြစ်ပါကြောင်း၊ မိမိတို့၏အောင်မြင်မှုများကို မလေးရှားနိုင်ငံနှင့်အတူ မျှဝေချင်ပါကြောင်း၊ မလေးရှားနိုင်ငံသည် မြန်မာနိုင်ငံ၏ အဋ္ဌမမြောက်အကြီးမားဆုံး ရင်းနှီးမြှုပ်နှံသူ ဖြစ်ပါကြောင်း။

နှစ်နိုင်ငံကြား ကုန်သွယ်မှုများသည် နှစ်ပေါင်းများစွာအထိ ဆက်လက်ရှင်သန်ဖြစ်တည်နေဦးမည်ဖြစ်ကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၇၃၈ သန်းအထိ ရောက်ရှိလာကြောင်း၊ လူဦးရေ ၅၄ သန်းခန့်ရှိသော မြန်မာနိုင်ငံတွင် လူငယ်လူရွယ်လုပ်အားများလည်းရှိကြောင်း၊ လုပ်ခလည်းဈေးချိုကြောင်းနှင့် စားသုံးသူဈေးကွက်လည်း လျင်မြန်စွာ ပေါ်ပေါက်နေပါကြောင်း၊ ယင်းအချက်များကြောင့် မလေးရှားနိုင်ငံအတွက် ရင်းနှီးမြှုပ်နှံစရာနေရာကောင်းတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

**ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေး**

ဆက်လက်၍ မိမိတို့အနေဖြင့် မလေးရှားနိုင်ငံအား အဓိကကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမိတ်ဖက်နိုင်ငံအဖြစ် ကြိုဆိုပါကြောင်း၊ တိုးတက်မှုဖြစ်စဉ်များ ရှိခဲ့သော်လည်း မိမိတို့အနေဖြင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရမည်ဖြစ်ကြောင်း၊ မြန်မာအစိုးရသစ်တာဝန်ယူသည့်ကာလကတည်းက တရားဥပဒေစိုးမိုးရေး၊ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးသည်ထိပ်တန်းဦးစားပေး ကိစ္စရပ်ဖြစ်သည်နှင့်အညီ ယခုလည်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးနှင့် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များကို ထိပ်တန်းဦးစားပေးအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ ချင်း၊ ကယား၊ ကရင်နှင့် ရခိုင်ပြည်နယ်တို့သည် ရင်းနှီးမြှုပ်နှံမှုလုပ်ရန်သင့်တော်သောနေရာများ ဖြစ်ကြောင်း။

**နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားမည်**

အာဆီယံမိသားစုဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများ ၂၀၃၀ ရည်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည် စီးပွားရေးဆက်လက်ဖွံ့ဖြိုးတိုးတက်ရန် ခိုင်မာသော သဘောတူညီချက်များ ရှိပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မလေးရှားနိုင်ငံအနေဖြင့် ပြည့်စုံကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မလေးရှားနိုင်ငံ (၆၂) နှစ်မြောက် အမျိုးသားနေ့၊ (၅၆)နှစ်မြောက် မလေးရှားနိုင်ငံ တည်ထောင်သည့်နေ့နှင့် (၈၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။

ယင်းနောက် သံအမတ်ကြီးနှင့် ပြည်ထောင်စုဝန်ကြီးတို့သည် တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တီမောလက်စ်တေ ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံသမ္မတ **Francisco Guterres Lu-Olo** နှင့် ဇနီးတို့ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်စဉ်။ သတင်းစဉ်

# တီမောလက်စ်တေနိုင်ငံသမ္မတနှင့် ဇနီးတို့ ဧည့်ခံသည့် ညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်

**ဒီလီ ဩဂုတ် ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ ညပိုင်းတွင် တီမောလက်စ်တေနိုင်ငံ မြို့တော် ဒီလီရှိ သမ္မတအိမ်တော်၌ ကျင်းပသည့် တီမောလက်စ်တေ ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံသမ္မတ Francisco Guterres Lu-Olo နှင့် ဇနီးတို့ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

**နှစ်(၂၀)ပြည့်အထိမ်းအမှတ်**

ပြည်ထောင်စုဝန်ကြီးသည် တီမောလက်စ်တေနိုင်ငံ ဒီလီမြို့၌ ဩဂုတ် ၃၀ ရက်တွင်ကျင်းပမည့် တီမောလက်စ်တေဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၏ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ နှစ်(၂၀)ပြည့်အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိနေခြင်း ဖြစ်သည်။

**ကုန်သွယ်ရေးဆိုင်ရာ အချက်အချာနေရာဖြစ်**

ဒီလီမြို့သည် ဆိပ်ကမ်းမြို့ဖြစ်ပြီး အရှေ့တောင်အာရှဒေသရှိ အင်ဒိုနီးရှား ကျွန်းစုကြီး၏ အရှေ့ဖျားတွင် တည်ရှိသော (အရှေ့တီမော)ဟု ခေါ်ဆိုသည့် တီမောလက်စ်တေ ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၏ မြို့တော်ဖြစ်သည်။ ၎င်းနိုင်ငံနှင့် အင်ဒိုနီးရှား၊ ဩစတြေးလျနိုင်ငံတို့ တြိဂံနယ်မြေပုံစံ လွတ်လပ်သောကုန်သွယ်ရေးဇုန်တွင်ပါဝင်ပြီး ကုန်သွယ်ရေးဆိုင်ရာ အချက်အချာနေရာဖြစ်သည်။ ပေါ်တူဂီ၊ ဂျပန်နှင့် အင်ဒိုနီးရှားတို့ သိမ်းပိုက်အုပ်စိုးမှုခံခဲ့ရသော သမိုင်းဝင်မြို့ဖြစ်ပြီး ၁၉၉၉ ခုနှစ်တွင် ကုလသမဂ္ဂ၏ ကြီးကြပ်အုပ်ချုပ်မှုဖြင့် တည်ရှိခဲ့ရာမှ ၂၀၀၂ ခုနှစ် မေ ၂၀ ရက်မှစ၍ လွတ်လပ်သော တီမောလက်စ်တေ ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ဖြစ်ပေါ်လာမှုနှင့်အတူ ဒီလီမြို့ကိုလည်း ၎င်းနိုင်ငံ၏ မြို့တော်အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပေးပို့သော စာရင်းအင်းများအရ မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှုစာရင်း

| စဉ် | အကြောင်းအရာ | ၂၀၁၈ ဇန်နဝါရီမှ ဇူလိုင်အထိ | ၂၀၁၉ ဇန်နဝါရီမှ ဇူလိုင်အထိ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | လေကြောင်းဖြင့်လာရောက်သူများ | ၇၄၅၁၆၀ | ၉၇၇၅၉၈ | ၂၃၂၄၃၈ | (+) ၃၁ % |
| ၂ | အပျော်စီးသင်္ဘောဖြင့်ဝင်ရောက်သူများ | ၆၉၃၆ | ၆၀၈၄ | -၈၅၂ | (-) ၁၂ % |
| ၃ | နယ်စပ်ဝင်ပေါက်မှအတွင်းပိုင်းထိလာရောက်သူများ | ၂၅၂၉၇ | ၇၀၆၆၈ | ၄၅၃၇၁ | (+)၁၇၉% |
| | **ဗီဇာဖြင့်လာရောက်သူပေါင်း** | **၇၇၇၃၉၃** | **၁၀၅၄၃၅၀** | **၂၇၆၉၅၇** | **(+)၃၆%** |
| ၄ | နယ်စပ်တွင်ဝင်ရောက်သူများ | ၁၁၉၂၆၂၀ | ၁၄၁၉၉၆၁ | ၂၂၇၃၄၁ | (+)၁၉% |
| | **စုစုပေါင်း** | **၁၉၇၀၀၁၃** | **၂၄၇၄၃၁၁** | **၅၀၄၂၉၈** | **(+)၂၆%** |

## နိုင်ငံအလိုက် ခရီးသွားဝင်ရောက်မှု(နှိုင်းယှဉ်ဇယား)

| စဉ် | နိုင်ငံ | ၂၀၁၈ ဇူလိုင် | ၂၀၁၉ ဇူလိုင် | ခြားနားချက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| | မြောက်အမေရိက | ၄၄၆၂၉ | ၄၅၆၇၄ | ၁၀၄၅ | ၂% |
| ၁ | အမေရိကန် | ၃၇၉၀၁ | ၃၉၁၄၆ | ၁၂၄၅ | ၃% |
| ၂ | ကနေဒါ | ၆၇၂၈ | ၆၅၂၈ | -၂၀၀ | -၃% |
| | အခြားအမေရိက | ၆၄၅၅ | ၆၀၅၀ | -၄၀၅ | -၆% |
| | အနောက်ဥရောပ | ၁၀၂၆၀၁ | ၁၀၀၁၆၀ | -၂၄၄၁ | -၂% |
| ၁ | ပြင်သစ် | ၂၅၅၁၃ | ၂၄၇၉၀ | -၇၂၃ | -၃% |
| ၂ | ဗြိတိန် | ၂၂၁၉၄ | ၁၉၈၀၁၃ | -၂၃၈၁ | -၁၁% |
| ၃ | ဂျာမနီ | ၁၅၇၄၈ | ၁၅၅၈၀ | -၁၆၈ | -၁% |
| ၄ | အီတလီ | ၇၉၆၂ | ၉၆၉၀ | ၁၇၂၈ | ၂၂% |
| ၅ | ဆွစ်ဇာလန် | ၅၃၃၀ | ၄၈၀၂ | -၅၂၈ | -၁၀% |
| ၆ | နယ်သာလန် | ၅၅၀၀ | ၅၄၁၂ | -၈၈ | -၂% |
| ၇ | ဘယ်လ်ဂျီယံ | ၃၁၂၄ | ၂၉၁၁ | -၂၁၃ | -၇% |
| ၈ | ဩစတြီးယား | ၁၈၃၉ | ၂၀၃၂ | ၁၉၃ | ၁၀% |
| ၉ | စပိန် | ၅၀၁၄ | ၅၆၈၀ | ၆၆၆ | ၁၃% |
| ၁၀ | အခြားနိုင်ငံများ | ၁၀၃၇၇ | ၉၄၅၀ | -၉၂၇ | -၉% |
| | အရှေ့ဥရောပ | ၁၀၂၀၉ | ၉၉၉၅ | -၂၁၄ | -၂% |
| ၁ | ရုရှား | ၃၀၁၄ | ၂၈၀၄ | -၂၁၀ | -၇% |
| ၂ | အခြားနိုင်ငံများ | ၇၁၉၅ | ၇၁၉၁ | -၄ | ၀% |
| | အာဖရိက | ၂၄၃၂ | ၂၄၇၂ | ၄၀ | ၂% |
| | အရှေ့အလယ်ပိုင်း | ၂၉၄၆ | ၃၁၆၂ | ၂၁၆ | ၇% |
| | အာရှ | ၅၉၀၄၃၈ | ၈၇၀၄၅၂ | ၂၈၀၀၁၄ | ၄၇% |
| ၁ | တရုတ် | ၁၅၃၇၀၇ | ၃၈၅၉၄၂ | ၂၃၂၂၃၅ | ၁၅၁% |
| ၂ | ထိုင်း | ၁၇၅၀၉၅ | ၁၅၇၂၆၁ | -၁၇၈၃၄ | -၁၀% |
| ၃ | ကိုရီးယား | ၃၇၇၉၄ | ၆၇၈၇၃ | ၃၀၀၇၉ | ၈၀% |
| ၄ | ဂျပန် | ၅၆၈၄၇ | ၆၉၇၅၆ | ၁၂၉၀၉ | ၂၃% |
| ၅ | စင်ကာပူ | ၃၂၀၆၀ | ၃၁၃၀၉ | -၇၅၁ | -၂% |
| ၆ | ဗီယက်နမ် | ၃၁၅၇၀ | ၃၀၂၆၆ | -၁၃၀၄ | -၄% |
| ၇ | အိန္ဒိယ | ၂၅၃၂၄ | ၂၆၅၃၉ | ၁၂၁၅ | ၅% |
| ၈ | မလေးရှား | ၂၆၉၈၉ | ၂၄၁၉၆ | -၂၇၉၃ | -၁၀% |
| ၉ | တရုတ်(တိုင်ပေ) | ၂၀၉၅၁ | ၂၂၂၈၉ | ၁၃၃၈ | ၆% |
| ၁၀ | ဟောင်ကောင် | ၈၈ | ၁၈၉၀၂ | ၁၈၈၁၄ | |
| ၁၁ | မကာအို | ၂ | ၁၅၂၁ | ၁၅၁၉ | |
| ၁၂ | ဖိလစ်ပိုင် | ၉၇၀၄ | ၁၀၁၀၄ | ၄၀၀ | ၄% |
| ၁၃ | အခြားနိုင်ငံများ | ၂၀၃၀၇ | ၂၄၄၉၄ | ၄၁၈၇ | ၂၁% |
| | သမုဒ္ဒရာပိုင်းဒေသ | ၁၇၆၈၃ | ၁၆၃၈၅ | -၁၂၉၈ | -၇% |
| ၁ | ဩစတြေးလျ | ၁၅၂၄၇ | ၁၄၂၀၁ | -၁၀၄၆ | -၇% |
| ၂ | နယူးဇီလန် | ၂၂၈၄ | ၂၀၉၅ | -၁၈၉ | -၈% |
| ၃ | အခြားနိုင်ငံများ | ၁၅၂ | ၈၉ | -၆၃ | -၄၁% |
| | **စုစုပေါင်း** | **၇၇၇၃၉၃** | **၁၀၅၄၃၅၀** | **၂၇၆၉၅၇** | **၃၆%** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းရပ်ကွက်၊ ကမ္ဘာ့ဇတာဝါ၊ အမှတ် (၁၀/ဘီ) တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်သူ့ရှေ့ဆောင်ပါတီ (People’s Pioneer Party)** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၆-၈-၂၀၁၉ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်သူ့ရှေ့ဆောင်ပါတီ (People’s Pioneer Party) ၏ အလံပုံစံ**

**ပြည်သူ့ရှေ့ဆောင်ပါတီ (People’s Pioneer Party) ၏ တံဆိပ်ပုံစံ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် သြဂုတ် ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Ichiro Maruyama ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ဂျပန်နိုင်ငံမှ NHK သတင်းဌာနတို့အကြား ထုတ်လွှင့်သည့်အစီအစဉ်များ ဖလှယ်ရေး၊ ဝန်ထမ်းများအား စွမ်းရည်မြှင့်တင်ရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချပေးနိုင်ရေးနှင့် နှစ်နိုင်ငံမီဒီယာကဏ္ဍ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့်အတူ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျပန်သံအမတ်ကြီးနှင့်အတူ NHK သတင်းဌာနအမှုဆောင်ညွှန်ကြားရေးမှူး Mr.Yuji Itano နှင့် တာဝန်ရှိသံရုံးအရာရှိများ လိုက်ပါလာကြောင်း သိရှိရသည်။

**သတင်းစဉ်**



**ဒုတိယဝန်ကြီး ဦးအောင်လှထွန်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Ichiro Maruyama ဦးဆောင်သော အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# ပြည်တွင်းပြည်ပ သတင်းမီဒီယာများပါဝင်သော သတင်းအဖွဲ့ လှဖိုးခေါင်ကြားစခန်းသို့ သွားရောက်သတင်းရယူ



ပြည်တွင်း ပြည်ပသတင်းမီဒီယာများပါဝင်သော သတင်းအဖွဲ့ လှဖိုးခေါင်ကြားစခန်းအတွင်း လှည့်လည်ပြီး သတင်းရယူစဉ်။

**မောင်တော သြဂုတ် ၂၉**

ပြည်တွင်းပြည်ပ သတင်းမီဒီယာများပါဝင်သော သတင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ရောက်ရှိကြပြီး အငှားမော်မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် မောင်တောမြို့သို့ ရောက်ရှိကြသည်။

မွန်းလွဲပိုင်းတွင် သတင်းမီဒီယာအဖွဲ့သည် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် တွေ့ဆုံရာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက သတင်းမီဒီယာအဖွဲ့ သိရှိလိုသည်များကို ဖြေကြားသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့သည် လှဖိုးခေါင်ကြားစခန်းသို့ ရောက်ရှိကြရာ လှဖိုးခေါင်ကြားစခန်း တာဝန်ခံ ဦးစိုးရွှေအောင် (ညွှန်ကြားရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)က မေးမြန်းချက်များကို ရှင်းလင်းဖြေကြားသည်။

သတင်းမီဒီယာအဖွဲ့တွင် Courrier Japon၊ Nishinippon Shimbun၊ Nippon TV၊ VOA၊ BBC၊ MRTV၊ MITV၊ MIR နှင့် MNA သတင်းဌာနတို့မှ သတင်းသမားများပါရှိသည်။

သတင်းမီဒီယာအဖွဲ့များ ရခိုင်ပြည်နယ် မောင်တောဒေသသို့ သွားရောက်သတင်းရယူမှုအနေဖြင့် ယခုအကြိမ်နှင့်ဆိုလျှင် စုစုပေါင်း ၃၄ ကြိမ်ရှိပြီဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၇ ခုနှစ်တွင် ရှစ်ကြိမ်၊ ၂၀၁၈ ခုနှစ်တွင် အကြိမ် ၂၀၊ ၂၀၁၉ ခုနှစ်တွင် ငါးကြိမ်ရှိပြီဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ယခုပညာသင်နှစ်မှစတင်၍ အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်ကြောင်းလက်မှတ် ပေးအပ်မည်

နေပြည်တော် သြဂုတ် ၂၉

**၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှစတင်၍ အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်ကြောင်းလက်မှတ် (High School Completion Certificate) ပေးအပ်သွားမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။**

အခြေခံပညာ အထက်တန်းဆင့် ပြီးမြောက်ကြောင်း လက်မှတ်သည် အခြေခံပညာအထက်တန်းဆင့် ပြီးဆုံးအောင် သင်ယူလေ့လာခဲ့သော ကျောင်းသားအား ချီးမြှင့်ပေးအပ်မည့် အထောက်အထား လက်မှတ်တစ်ခု ဖြစ်သည်။

မြန်မာနိုင်ငံတွင် အခြေခံပညာ အဆင့်၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြင့် တက္ကသိုလ် ဆက်လက်တက်ရောက်ခွင့်ကို ဆုံးဖြတ်နေခြင်းဖြစ်ကြောင်း၊ နှစ်စဉ် တက္ကသိုလ်ဝင်တန်း အောင်ချက်ကို ကြည့်မည်ဆိုပါက ၃ ပုံ ၁ ပုံ ဝန်းကျင်သာ စာမေးပွဲအောင်မြင်ပြီး ကျန် ၃ ပုံ ၂ ပုံသော ကျောင်းသားများသည် တက္ကသိုလ် ဆက်လက်တက်ရောက်ခွင့်မရဘဲ အခွင့်အလမ်းဆုံးရှုံးနေသည်ကို တွေ့ရပါကြောင်း အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်မောင်ဝင်းက ပြောကြားသည်။

"၇၀ ရာခိုင်နှုန်း ဝန်းကျင်ရှိတဲ့ တက္ကသိုလ်ဝင်တန်းစာမေးပွဲ မအောင်မြင်တဲ့ ကျောင်းသားတွေအတွက်လည်း အသက်မွေးဝမ်းကျောင်း သင်တန်းတွေနဲ့ ချိတ်ဆက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိဖို့၊ လိုက်လျောညီထွေတဲ့ကျွမ်းကျင်မှုတွေရရှိပြီး လူမှုဘဝမြင့်မားလာရေးကို ဆောင်ရွက်ပေးနိုင်ဖို့၊ တစ်ဦးချင်းဝင်ငွေရရှိပြီး မိသားစုဝင်ငွေ မြင့်မားလာကာ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ဖို့ ရည်ရွယ်ပြီး ဒီလက်မှတ်ကို ပေးအပ်ဖို့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် အဆင့်မြင့်ပညာနဲ့ အသက်မွေးဝမ်းကျောင်း ပညာတွေ ဆက်လက်သင်ယူနိုင်ဖို့၊ လူတစ်ယောက် အနေနဲ့ ထားရှိအပ်တဲ့ "စံ"သတ်မှတ်ချက်တွေ ပြည့်မီအောင် ပိုမိုကြိုးစားလာနိုင်ဖို့၊ ကျောင်းသည် အရည်အသွေး အာမခံမှုရှိတဲ့ သင်ကြား/သင်ယူရာနေရာဖြစ်ပြီး အမျိုးသားပညာရေးစနစ် ရေရှည်ဖွံ့ဖြိုး တိုးတက်ဖို့လည်း ရည်ရွယ်တာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အခြေခံပညာ အထက်တန်းဆင့် ပြီးမြောက်ကြောင်း လက်မှတ်ထုတ်ပေးနိုင်ရေးအတွက် ပညာရှင်များစွာဖြင့် အကြိမ်ကြိမ် စိစစ်ဆွေးနွေးတိုင်ပင်မှုများလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနလက်အောက်ရှိ အခြေခံပညာ အထက်တန်းကျောင်းများ၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)များ/တွဲဖက်အထကများ၊ ကိုယ်ပိုင်ကျောင်း(ယာယီ)များ၊ ကိုယ်ပိုင်ကျောင်း(စမ်းသပ်)များအပါအဝင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်ကြောင်း လက်မှတ်ထုတ်ပေးရေးကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

"ကျောင်းအခြေပြု(School Based) အစီအစဉ်နဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အခြေခံပညာ အထက်တန်းဆင့် ပြီးမြောက်ကြောင်း လက်မှတ်ကို ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နဲ့ သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးတွေက လက်မှတ်ရေးထိုးပေးအပ်သွားမှာ ဖြစ်ပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်မောင်ဝင်းက ဆိုသည်။

အခြေခံပညာအထက်တန်းကျောင်းများ၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေး တက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်တို့ရှိ လေ့ကျင့်ရေးအထက်တန်းကျောင်းများ၊ တပ်မတော်အထက်တန်းကျောင်းများ၊ ကိုယ်ပိုင်ကျောင်း(ယာယီ)များသည် မိမိတို့ကျောင်းတွင် အရည်အသွေးအာမခံစိစစ်ရေးကော်မတီကိုဖွဲ့စည်းပြီး သတ်မှတ်ထားသည့် စံသတ်မှတ်ချက်များနှင့် ကိုက်ညီသူကိုသာ အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်ကြောင်း လက်မှတ် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။



**အခြေခံပညာအထက်တန်းဆင့်ပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်နိုင်ရေး သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။**

အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များ၊ ကိုယ်ပိုင်ကျောင်း(စမ်းသပ်)များ၊ ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများတွင် အရည်အသွေး စိစစ်ရေးအဖွဲ့ကို ကျောင်းများ၌ ဖွဲ့စည်းပြီး စံသတ်မှတ်ချက်များနှင့် ကိုက်ညီသူကို ပင်မကျောင်းများသို့ တင်ပြပြီး သက်ဆိုင်ရာပင်မကျောင်းများမှ အခြေခံပညာ အထက်တန်းဆင့် ပြီးမြောက်ကြောင်း လက်မှတ်ထုတ်ပေးသွားမည်ဖြစ်သည်။

အဆိုပါ လက်မှတ်ကို ကျောင်းများတွင် ဖွဲ့စည်းထားသော အရည်အသွေး စိစစ်ရေးအဖွဲ့က အကဲဖြတ်ပေးအပ်သွားမည်ဖြစ်သည်။ အဖွဲ့တွင် ကျောင်းအုပ်ကြီးက ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး လက်ရှိတွင် ဒသမတန်း(Grade 11)၏ အတန်းပိုင်များ၊ ဘာသာရပ်မှူး၊ ဘာသာပြဆရာများသည် အဖွဲ့ဝင်၊ အတန်းမှူးသည် အတွင်းရေးမှူးအဖြစ် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အခြေခံပညာ အထက်တန်းဆင့် ပြီးမြောက်ကြောင်း လက်မှတ်ကို ကျောင်းခေါ်ကြိမ်ပြည့်မီခြင်း၊ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်း၊ ဘာသာရပ်အလိုက်တတ်မြောက်မှုအဆင့်သတ်မှတ်ခြင်း၊ စာပေ၊ အနုပညာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ စာကြည့်တိုက်ဆိုင်ရာကဏ္ဍများ၏ လှုပ်ရှားမှုများတွင် ပါဝင်ခြင်း၊ လူမှုရေးပြစ်ချက်ကင်း၍ ကျောင်းစည်းကမ်းလိုက်နာခြင်း၊ အားကစားနှင့်ကာယ လှုပ်ရှားမှုများ ဆောင်ရွက်ခြင်း၊ ကျောင်းကောင်စီအသင်းအဖွဲ့များနှင့် လူမှုရေးအသင်းများတွင် ပါဝင်ဆောင်ရွက်ခြင်းစသည့် ကဏ္ဍခုနစ်ရပ်ဖြင့် ထည့်သွင်းစဉ်းစား ပေးအပ်သွားမည်ဖြစ်သည်။

အဆိုပါ အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **နန္ဒာဝင်း ၊ ဓာတ်ပုံ- ထိန်နန်နေ**

# မြန်မာ-ထိုင်း နှစ်နိုင်ငံ ရုပ်ရှင်ထုတ်လုပ်မှုဆိုင်ရာပြပွဲ ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၉**

ထိုင်းနိုင်ငံ စီးပွားရေးဝန်ကြီးဌာန နိုင်ငံတကာကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသော မြန်မာ-ထိုင်း နှစ်နိုင်ငံ ရုပ်ရှင်ထုတ်လုပ်မှုဆိုင်ရာပြပွဲ (Thai-Myanmar Business Matching In the film Industry 2019) ကို ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ Novotel Yangon Max Hotel ၌ ကျင်းပရာ ထိုင်းသံအမတ်ကြီး Mrs. Suphatra Srimaitreephithak၊ ထိုင်းစီးပွားရေးဒုတိယသံမှူး Miss Walikar Apayasiri၊ UMFCCI မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ တာဝန်ရှိသူများ၊ ပွဲတော်တွင် ပါဝင်ပြသသည့် ထိုင်းနိုင်ငံမှ ရုပ်ရှင်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ပြည်တွင်းမှ ရုပ်ရှင်ထုတ်လုပ်သူများ၊ ဒါရိုက်တာများ၊ အနုပညာရှင်များ၊ ရုပ်သံလွှင့်မီဒီယာများ၊ အခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် မီဒီယာများ တက်ရောက်ခဲ့သည်။

ယခုကျင်းပသော Thai-Myanmar Business Matching In the film Industry 2019 ပြပွဲသည် တတိယအကြိမ် ကျင်းပခြင်းဖြစ်ပြီး နှစ်နိုင်ငံအကြား ရုပ်ရှင်အသိပညာ၊ အတတ်ပညာဆိုင်ရာများဖလှယ်နိုင်ရန်၊ နှစ်နိုင်ငံထုတ်လုပ်သူများအချင်းချင်း စီးပွားရေးအကြောင်းများ ရင်းနှီးပွင့်လင်းစွာ ပြောဆိုပြီး ၎င်းတို့ရိုက်ကူးထုတ်လုပ်ထားသောရုပ်ရှင်ဇာတ်ကားများအား နှစ်နိုင်ငံရှိ ရုပ်ရှင်ရုံများတွင် ပြသနိုင်ရန်နှင့် ပိုမိုကောင်းမွန်သော ရုပ်ရှင်ဇာတ်ကားများ ဆက်လက်ရိုက်ကူးထုတ်လုပ်နိုင်ရန်အတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

ပြပွဲတွင် ထိုင်းနိုင်ငံမှ ပြခန်းပေါင်း ၁၈ ခန်းပါဝင်ပြီး ရုပ်ရှင်ထုတ်လုပ်ရေးမှ ပြခန်းရှစ်ခန်း၊ ကင်မရာနှင့်ဆက်စပ်ပစ္စည်းထုတ်လုပ်သည့်ကုမ္ပဏီမှ ပြခန်းနှစ်ခန်း၊ ရုပ်ရှင်ဇာတ်ကားဖြန့်ချိရေးမှပြခန်းတစ်ခန်း၊ ရုပ်သံထုတ်လွှင့်မှုဆိုင်ရာ ပြခန်းနှစ်ခန်း၊ Post Production ဆိုင်ရာနည်းပညာကုမ္ပဏီမှ ပြခန်းသုံးခန်းနှင့် Animation ရေးဆွဲသောကုမ္ပဏီမှ ပြခန်းနှစ်ခန်းတို့ အသီးသီးပြသထားသည်။

Thai-Myanmar Business Matching In the film Industry ပြပွဲကို ယခင် ၂၀၁၇ ခုနှစ် နှင့် ၂၀၁၈ ခုနှစ်တို့တွင် မြန်မာနိုင်ငံ၌ ကျင်းပခဲ့ရာ အောင်မြင်မှုများစွာရရှိခဲ့ပြီး မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရုပ်ရှင်ပူးပေါင်းရိုက်ကူးမှုများ ပိုမိုဆောင်ရွက်လာနိုင်ခဲ့သည်။ ယခုကျင်းပသော Thai-Myanmar Business Matching In the film Industry 2019 ပြပွဲကို ထိုင်းနိုင်ငံမှနည်းပညာမြင့်မားသော ကုမ္ပဏီ ၁၈ ခုမှ ပြခန်းပေါင်း ၁၈ ခန်းဖြင့် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ**



မြန်မာ-ထိုင်း နှစ်နိုင်ငံ ရုပ်ရှင်ထုတ်လုပ်မှုဆိုင်ရာပြပွဲ၌ ခင်းကျင်းပြသထားသော ပြခန်းများအား တာဝန်ရှိသူများ ကြည့်ရှုလေ့လာကြစဉ်။

# ကဗျာ့သဘော ကဗျာ့အရသာ စကားဝိုင်းကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်းတို့က ကြီးမှူးကျင်းပသော ကဗျာ့သဘော ကဗျာ့အရသာစကားဝိုင်းကို ဩဂုတ် ၃၁ ရက် (စနေနေ့)တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းခန်းမ၌ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ စကားဝိုင်းတွင် မြဝင်း (ဒဿန)၊ မြင့်စိုးလှိုင်၊ ဒေါက်တာအောင်ကြီးနှင့် မောင်လင်းရိပ်တို့ ပါဝင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**




❋ *ကျော်ဖုံးမှ*

ရန်ကုန်အသင်းမှာမူ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ ယင်းနှစ်သင်းစလုံးသည် ဖလားနှစ်လုံးလမ်းကြောင်းပေါ်တွင် ရှိနေပြီး ရှမ်းယူနိုက်တက်အသင်းသည် ၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် လက်ကျန်တစ်ပွဲအလို၌ နှစ်မှတ်အသာဖြင့် ဦးဆောင်နေသောကြောင့် ပိုမိုအခွင့်အရေးသာလျက်ရှိသည်။ ရှမ်းယူနိုက်တက်အသင်းသည် ရှုံးထွက်ပြိုင်ပွဲတွင် ချန်ပီယံဆုတစ်ကြိမ် ရဖူးပြီး ရန်ကုန်အသင်းက နှစ်ကြိမ်ဗိုလ်စွဲထားသည်။

MNL ကော်မတီသည် ရှုံးထွက်ပြိုင်ပွဲကို ၂၀၁၀ ပြည့်နှစ်တွင် စတင် ကျင်းပခဲ့ပြီး ၂၀၁၅ ရာသီတွင် ဗိုလ်ချုပ်အောင်ဆန်းဒိုင်းအမည်ဖြင့် ပြောင်းလဲကျင်းပခဲ့သည်။ ရှုံးထွက်ပြိုင်ပွဲကို ဆီးဂိမ်းပြိုင်ပွဲ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၁၃ ခုနှစ်တွင် ကျင်းပခြင်းမရှိဘဲ ကျန်နှစ်များတွင် ပုံမှန်အတိုင်း ကျင်းပလျက်ရှိသည်။ ကျင်းပပြီးစီးခဲ့သည့် ရှစ်ကြိမ်တွင် ရာဝတီအသင်းက သုံးကြိမ်ဖြင့် အများဆုံးဗိုလ်စွဲထားပြီး ရန်ကုန်အသင်းက နှစ်ကြိမ်၊ ဟံသာဝတီ၊ မကွေးနှင့် ရှမ်းယူနိုက်တက်အသင်းတို့က တစ်ကြိမ်စီ ဗိုလ်စွဲထားသည်။

ရှုံးထွက်ချန်ပီယံဆုကို ၂၀၁၀ ပြည့်နှစ်တွင် ဟံသာဝတီ၊ ၂၀၁၁ ခုနှစ်တွင် ရန်ကုန်၊ ၂၀၁၂ ခုနှစ်တွင် ရာဝတီ၊ ၂၀၁၄ ခုနှစ်တွင် ရာဝတီ၊ ၂၀၁၅ ခုနှစ်တွင် ရာဝတီ၊ ၂၀၁၆ ခုနှစ်တွင် မကွေး၊ ၂၀၁၇ ခုနှစ်တွင် ရှမ်းယူနိုက်တက်၊ ၂၀၁၈ ခုနှစ်တွင် ရန်ကုန်အသင်းတို့က ရရှိထားသည်။

**ညီမြတ်သော်တာ**




# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

## နေမာကို ပြန်လည်ခေါ်ယူနိုင်ရန် သဘောတူညီမှုရရှိ

ဘာစီလိုနာနှင့် ပီအက်စ်ဂျီအသင်းတို့သည် ဘရာဇီးတိုက်စစ်ကစားသမား နေမာကို ပြန်လည်ခေါ်ယူနိုင်ရန် သဘောတူညီမှုရရှိပြီဖြစ်သော်လည်း ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်လျက်ရှိနေကြောင်း၊ ပီအက်စ်ဂျီအသင်းသည် ဘာစီလိုနာအသင်းမှ ပြင်သစ်တိုက်စစ်ကစားသမား ဒမ်ဘီလီ (၂၂နှစ်) ကို အပြောင်းအရွှေ့တစ်စိတ်တစ်ပိုင်းအဖြစ် အလိုရှိနေကြောင်း မေရာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ဒေးလီးမေး၏ ဖော်ပြချက်တွင်မူ ဒမ်ဘီလီသည် နျူးကမ့်မှ ထွက်ခွာမည်မဟုတ်ဟု အဆိုပါကစားသမား၏ အေးဂျင့်ဖြစ်သူက ပြောကြားလိုက်ကြောင်း ဖော်ပြထားသည်။

## လီဂူးဝမ်းပွဲစဉ် (၄)အဖြစ် မက်ဇ်နှင့် ပီအက်စ်ဂျီတို့ ယနေ့ယှဉ်ပြိုင်ကစားမည်

လီဂူးဝမ်းပွဲစဉ် (၄) ၏ အစောဆုံးပွဲစဉ်အဖြစ် မက်ဇ်နှင့် ပီအက်စ်ဂျီအသင်းတို့ သောကြာနေ့ (ယနေ့) နံနက် ၁ နာရီ ၁၅ မိနစ်အချိန်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ မက်ဇ်အသင်းသည် လီဂူးဝမ်း သုံးပွဲကစားထားရာ တစ်ပွဲ သရေ၊ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ရမှတ် လေးမှတ်ရရှိထားသည်။ ပီအက်စ်ဂျီအသင်းက လီဂူးဝမ်း သုံးပွဲကစားပြီးချိန်တွင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ်ခြောက်မှတ်ရရှိထားသည်။

**အောင်ဇော်**



ယူအီးအက်ဖ်အေမှ ချီးမြှင့်သည့် အကောင်းဆုံးဆုရ ကစားသမားများ

❋ *ကျော်ဖုံးမှ*

ချန်ပီယံလိဂ်အုပ်စု ပွဲစဉ်များကို စက်တင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် စတင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယူအီးအက်ဖ်အေမှ ချန်ပီယံလိဂ် အကောင်းဆုံး ကစားသမားများကို ရွေးချယ်ခဲ့ရာ အကောင်းဆုံး ဂိုးသမားဆုကို လီဗာပူးဂိုးသမား အဲလစ်ဆန်ဘက်ခ်ကာ၊ အကောင်းဆုံး နောက်တန်း ကစားသမားဆုကို လီဗာပူးမှ ဗန်ဒိုက်၊ အကောင်းဆုံး ကွင်းလယ်ကစားသမားဆုကို ယခင် အိုင်ယက်စ်ကစားသမား ယခု ဘာစီလိုနာကစားသမား ဒီဂျောင်နှင့် အကောင်းဆုံး တိုက်စစ်ကစားသမားဆုကို မက်ဆီက ဆွတ်ခူးရရှိခဲ့သည်။

ယူအီးအက်ဖ်အေမှ ၂၀၁၈-၂၀၁၉ ရာသီအကောင်းဆုံး ကစားသမားဆုများချီးမြှင့်ရာ အမျိုးသားဆုကို လီဗာပူးနောက်တန်းမှ ဗန်ဒိုက်ရရှိပြီး အမျိုးသမီးဆုကို လိုင်ယွန်မှ လူစီဘရွန်ဇီက ရရှိခဲ့သည်။

**သီဟ**

❑ *ကျော်ဖုံးမှ*

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ လေပြင်းတိုက်ခတ်ခြင်းနှင့်အတူ မိုးသည်းထန်စွာ ရွာခြင်းတို့ကြောင့် လျှပ်တစ်ပြက်ရေကြီးခြင်း၊ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# သဖန်းဆိပ်ဆည်ရေ လျော့နည်းသွားချိန် ကျေးရွာဟောင်းများပေါ်လာ

**ကျွန်းလှ ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ဆည် ရေအောက်ရောက်ကျေးရွာများ ပေါ်လာ၍ သွားရောက်ကြည့်ရှုသူ များပြားလျက်ရှိကြောင်း သိရသည်။

သဖန်းဆိပ်ရေလှောင်တမံကို ၁၉၉၆-၁၉၉၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ကျွန်းလှမြို့နှင့် ကျေးရွာပေါင်း ၇၃ ရွာ ရေအောက်ရောက်ရှိခဲ့ကြောင်း၊ နှစ်ပေါင်း ၂၀ အတွင်း သဖန်းဆိပ်ဆည်ရေနည်း၍ ဒုတိယအကြိမ် ကျေးရွာဟောင်းများ ပေါ်နေခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ ကျွန်းလှမြို့ဟောင်း၊ ရွှေတောင်၊ လက်ပံကြီးတော၊ တင်းတိန်ရန်၊ ရွာသီ၊ ပေါက်ကုန်း၊ ကျွဲတဲ၊ ကျီကုန်း၊ အင်တိုင်းကျေးရွာဟောင်းများရှိ စေတီပုထိုးများ၊ ရေတွင်း၊ ရေကန်များနှင့် ခြံစည်းရိုးများ ပေါ်နေခြင်းဖြစ်ကြောင်း ဒေသခံတစ်ဦးဖြစ်သူ ကိုသင်းက ပြောကြားသည်။

သဖန်းဆိပ်ရေလှောင်တမံသည် ကန်ရေပြည့်အမှတ် ၅၄၅ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏ ၂၇၉၄၀၀၀ ဧကပေ ဖြစ်သော်လည်း ဩဂုတ်လနောက်ဆုံးပတ်အထိ ၁၂၂၇၈ ဧကပေ စီးဝင်ပြီး ရေအမှတ် ၅၀၆ ဒသမ ၁၅ ပေ၊ သိုလှောင်ပမာဏ ၄၇၅၇၅၅ ဧကပေသာရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်မိုးဝင်းက ပြောကြားသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



သဖန်းဆိပ်ဆည်ရေအောက်မှ ပြန်ပေါ်လာသည့် ဘုရားတစ်ဆူအား လာရောက်ဖူးမြော်လေ့လာသူများကို တွေ့ရစဉ်။

# မင်္ဂလာတောင်ညွန့်မြို့နယ်၌ ယာဉ်တစ်စီး သစ်ပင်ဝင်တိုက်မိကာ နှစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

**ရန်ကုန် ဩဂုတ် ၂၉**

မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်း အသင်းတိုက်မှတ်တိုင် အလွန်တွင် ကိုယ်ပိုင်ယာဉ်တစ်စီး အရှိန်လွန်ကာ သစ်ပင်အားတိုက်မိသဖြင့် ယာဉ်ပေါ်ပါသူ နှစ်ဦးသေဆုံးပြီး ယာဉ်မောင်းအပါအဝင် နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှ သိရသည်။



ယာဉ်တိုက်မှုကြောင့် ပျက်စီးသွားသည့် ယာဉ်ကို တွေ့ရစဉ်။

ယမန်နေ့ည ၁၁ နာရီ ၄၅ မိနစ်က မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းအတိုင်း ယာဉ်မောင်း ခင်ဇာလွင် မောင်းနှင်လာသည့် 3D/----မတ်တူးယာဉ်သည် အသင်းတိုက် မှတ်တိုင်အလွန်တွင် အရှိန်မထိန်းနိုင်ဘဲ သစ်ပင်အား တိုက်မိခဲ့သည်။ မြို့နယ်နေသူ ချစ်သဲစု(၁၉ နှစ်)နှင့် ယာဉ်တိုက်မှုကြောင့် ဒဂုံဆိပ်ကမ်း သဃ်န်းကျွန်းမြို့နယ် အမှတ်(၂၉) ရပ်ကွက်နေသူ ကျော်နန္ဒရှိန်(၂၂ နှစ်) တို့ နှစ်ဦးမှာ ဒဏ်ရာများရရှိပြီး သေဆုံးခဲ့သွားသည်။ ထို့ပြင် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ ရွှေအင်ကြင်းအိမ်ရာနေသူ မခင်ဇာလွင်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်နေသူ ဖူးသက်ဝေ(၂၂ နှစ်)တို့တွင် ဒဏ်ရာများရရှိသဖြင့် ရန်ကုန်ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိကြောင်း ရဲမှတ်တမ်းအရ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ခင်ဇာလွင်(၂၂ နှစ်) အား မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# ကျွန်းလှမြို့၌ ကျောင်းသား ကျောင်းသူ သုံးဦး ရေနစ်သေဆုံး

**ကျွန်းလှ ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် နောက်ကောက်ကျေးရွာအုပ်စု ဝေပူးကျေးရွာအနီး ချောင်းထဲတွင် ယမန်နေ့ ညနေ၅နာရီခွဲခန့်က ကျောင်းသားတစ်ဦး၊ ကျောင်းသူနှစ်ဦး ရေနစ်သေဆုံးသွားကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ပေပင်ချောင်ရဲကင်းစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ရာသို့ သွားရောက်စစ်ဆေးရာ ဝေပူးကျေးရွာနေ မောင်ဇင်ကိုထွန်းသည် ချောင်းအတွင်း အနက်ခြောက်ပေခန့်ရှိ ရေအိုင်တွင် ငါးဆင်းဖမ်းစဉ် လူခန္ဓာကိုယ်တစ်ခုကို တက်နင်းမိသဖြင့် ဆယ်ယူရာ မောင်ညီလွင်နိုင်အား သေဆုံးလျက်တွေ့ရပြီး ကမ်းစပ်တွင် ဖိနပ်သုံးရန် တွေ့၍ ဆက်လက်ရှာဖွေရာ မစုမွန်နိုင်နှင့် မစိုးပြည့်ခိုင်တို့ကို ထပ်မံတွေ့ရှိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ကျွန်းလှမြို့နယ် သဖန်းဆိပ်နယ်မြေရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

၃၀-၈-၂၀၁၉ (သောကြာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၀ - ရာသီတုပ်ကွေးရောဂါ ပြင်းထန်လက္ခဏာများ
- ၇း၃၅ - MRTV Travelogue
- ၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "ရင်တွင်းရေးပြဿနာ" (အပိုင်း-၁၅) (ဇာတ်သိမ်း)

**ညပိုင်း**

- ၁၆း၂၀ - ထိုင်ခုံခါးပတ်ပတ်ကြစို့၊ အသက်ကယ်ထိုင်ခုံခါးပတ်
- ၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း "သွေးအိတ်ရောဂါနှင့် အသားလုံးရောဂါအကြောင်း သိကောင်းစရာ"
- ၁၈း၂၀ - BBC Click
- ၁၈း၃၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ကျားကျားကြိုက်ကြိုက်"+ "CRUSH"အချစ်ဆုံး"
- ၁၉း၁၅ - "မမျှော်လင့်သောဖိတ်ခေါ်သံ" မိုးယံဇွန်၊ ထူးခြား၊ ဇင်မျိုး၊ ခင်ဇာခြည်ကျော်၊ ဂန္ထဝင်၊ ပိုင်ဖြိုးသု ဒါရိုက်တာ-ကျော်နှင်းဆီ
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၀ - ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ
- ၂၀း၃၅ - "ကြိုးကြာငှက်တို့ရဲ့ပျော်စရာ"
- - တစ်ခါက အနုပညာမှတ်တမ်းများ "မျှော်လင့်ခုတိုင်ပြဇာတ်"
- - "တန်ဖိုး"

# လှိုင်သာယာနှင့် တောင်ဥက္ကလာပမြို့နယ်တို့အတွင်း ခိုးမှုကျူးလွန်သူတစ်ဦးနှင့် ခါးပိုက်နှိုက်တစ်ဦး ဖမ်းဆီးရမိ

**ရန်ကုန် ဩဂုတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များသည် ဩဂုတ်လတတိယပတ်က သူရအောင်(ခ)ရာဟုကို လှိုင်သာယာမြို့နယ် (၂၀)ရပ်ကွက် ဂိတ်ဟောင်းမှတ်တိုင်အနီးတွင် ဟွာဝေးဖုန်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိသဖြင့် စစ်မေးရာ အဆိုပါရပ်ကွက်ရှိ နေအိမ်တစ်အိမ်အတွင်းမှ ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သည်။

ဆက်လက်၍ ဩဂုတ် ၂၄ ရက်က တောင်ဥက္ကလာပမြို့နယ်အတွင်း ဝဏ္ဏ(ခ)ကိုကိုအောင် (၁၂)ရပ်ကွက် သုမင်္ဂလာလမ်းမကြီး ၁၄/၁၅ လမ်းဆုံ ကားမှတ်တိုင်တွင် Mi-5X တစ်လုံးကိုင်ဆောင်၍ YBS-14 ယာဉ်ပေါ်မှ ဆင်းလာသည်ကို မသင်္ကာဖွယ်တွေ့ရှိရသဖြင့် စစ်ဆေးရာ ၎င်းယာဉ်ပေါ်ပါ အသက် ၂၅ နှစ်ခန့်ရှိ အမျိုးသားတစ်ဦး၏ ကျောပိုးအိတ်အတွင်းမှ နှိုက်ယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေး ပေါ်ပေါက်ခဲ့သည်။

ဖမ်းဆီးရမိသူ သူရအောင်(ခ)ရာဟုကို ဆက်လက်စစ်ဆေးရာ ၎င်းသည် မေ၊ ဇူလိုင်နှင့် ဩဂုတ်လများအတွင်း လှိုင်သာယာမြို့နယ်အတွင်းမှ ဟန်းဆက်မျိုးစုံ ငါးလုံးနှင့် ဆိုင်ကယ်နှစ်စီးတို့ကို ခိုးယူခဲ့ကြောင်း။

ထို့အတူ ဝဏ္ဏ(ခ)ကိုကိုအောင်ကိုလည်း ဆက်လက်စစ်ဆေးရာ ၎င်းသည် ဇူလိုင်နှင့် ဩဂုတ်လများအတွင်း YBS ယာဉ်များပေါ်တွင် လိုက်ပါစီးနင်းသူများထံမှ ဟန်းဆက်မျိုးစုံ ၁၂ လုံး နှိုက်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ပြစ်မှုကျူးလွန်သူ သူရအောင် (ခ)ရာဟုနှင့် ဝဏ္ဏ(ခ)ကိုကိုအောင်တို့ နှစ်ဦးကို အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် ပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာ မြို့မရဲစခန်းသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**ကိုရဲ**

# အင်းစိန်၊ မင်္ဂလာဒုံနှင့် ရွှေပြည်သာမြို့နယ်များအတွင်း လုယက်မှုကျူးလွန်သူနှစ်ဦး ဖမ်းဆီးရမိ

**ရန်ကုန် ဩဂုတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၄ ရက် မွန်းလွဲပိုင်းက အင်းစိန်မြို့နယ်အတွင်း လုယက်မှုများကျူးလွန်ကြောင်း သတင်းရရှိထားသည့် မင်းသန့်မောင်မောင်နှင့် သီဟထွန်း(ခ)ကတုံးတို့ နှစ်ဦးကို စစ်ဆေးရာ ဇူလိုင်လအတွင်း ဆိုင်ကယ်တစ်စီးနှင့်အတူ အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်း တည်းကုန်းမှတ်တိုင်အနီး အမျိုးသားတစ်ဦးထံမှ Mi ဖုန်းတစ်လုံးအား လုယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဖမ်းဆီးခဲ့သည်။



သီဟထွန်း၊ မင်းသန့်မောင်မောင်နှင့် သက်သေခံပစ္စည်းများ။

ဖမ်းဆီးရမိသူ နှစ်ဦးအား အသေးစိတ်စစ်ဆေးရာ မေ၊ ဇွန်နှင့် ဩဂုတ်လများအတွင်း ဆိုင်ကယ်တစ်စီးဖြင့် ဟန်းဆက်မျိုးစုံ ၁၅ လုံး ခိုးယူ၊ လုယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ စစ်ဆေးပေါ်ပေါက်ချက်အရ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ပြစ်မှုကျူးလွန်သူ မင်းသန့်မောင်မောင်နှင့် သီဟထွန်း(ခ)ကတုံးတို့နှစ်ဦးကို အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် ပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာမြို့မရဲစခန်းသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **ကိုရဲ**

# မိုင်းဖြတ်၌ ယာဉ်တစ်စီးတိမ်းမှောက်၍ အမျိုးသမီးတစ်ဦးသေဆုံး

**မိုင်းဖြတ် ဩဂုတ် ၂၉**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် ယမန်နေ့ ညနေ ၃ နာရီ မိနစ် ၄၀ ခန့်က ကျိုင်းတုံဘက်မှ တာချီလိတ်ဘက်သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးသည် မိုင်တိုင်အမှတ် ၇၁၈/၇၁၉ ကီလိုမီတာကြားတွင် အရှိန်လွန်တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါ အမျိုးသမီးတစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ယမန်နေ့ ညနေ ၃ နာရီ မိနစ် ၄၀ ခန့်က ကျိုင်းတုံဘက်မှ တာချီလိတ်ဘက်သို့ မြောက်ဥက္ကလာပမြို့နယ်နေသူ ယာဉ်မောင်း ဦးသိန်းတန်(၅၀နှစ်)မောင်းနှင်လာသည့် ယာဉ်အမှတ် DD/----- နစ်ဆန်းအေဒီဗန်ယာဉ်သည် မိုင်တိုင်အမှတ် ၇၁၈/၇၁၉ ကီလိုမီတာကြားအရောက် အရှိန်မထိန်းနိုင်ဘဲ တောင်နံရံအား ဝင်တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ယာဉ်ပေါ်ပါ ဒေါ်ခင်သန္တာစော(၄၄နှစ်)တွင် ဒဏ်ရာ(စိုးရိမ်ရ) ရရှိသဖြင့် မိုင်းဖြတ်မြို့ပြည်သူ့ဆေးရုံမှတစ်ဆင့် ကျိုင်းတုံပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ်သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ယာဉ်မောင်း ဦးသိန်းတန်ကို မိုင်းဖြတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

# စလင်းမြို့၌ ဆိုင်ကယ်တူးဘောက်အတွင်းမှ ငွေကျပ် သိန်း ၁၀၀ ခိုးယူခံရ

**စလင်း ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့ ပေါင်းနားရပ် လက်ဖက်ရည်ဆိုင်ရှေ့၌ ယမန်နေ့ နံနက် ၉ နာရီခွဲခန့်က ရပ်ထားသော ဆိုင်ကယ်တူးဘောက်အတွင်းမှ ငွေကျပ် သိန်း ၁၀၀ ခိုးယူခံရကြောင်း သိရသည်။

စလင်းမြို့နယ် တည်ဘိုကန်ကျေးရွာနေ ဦးစိုးခိုင်(၄၅ နှစ်)သည် ယမန်နေ့နံနက် ၉ နာရီခန့်က ကမ္ဘောဇဘဏ်မှ ငွေကျပ် ၁၃၁ သိန်းကျော်ထုတ်ယူ၍ ၎င်း၏ဆိုင်ကယ်တူးဘောက်အတွင်း ထည့်လာကြောင်း၊ ထို့နောက် လက်ရွေးစင်လက်ဖက်ရည်ဆိုင်တွင် နာရီဝက်အကြာ လက်ဖက်ရည်သောက်ပြီး ပြန်လာစဉ် စိတ်တိုင်းကျ ဆန်စက်အရောက် ဆိုင်ကယ်တူးဘောက်ကိုဖွင့်ကြည့်ရာ ငွေကျပ် သိန်း ၁၀၀ ပါအထုပ်မှာ ပျောက်ဆုံးနေသည်ကို တွေ့ရှိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူအား အရေးယူပေးပါရန် စလင်းမြို့မရဲစခန်းသို့ တိုင်ကြားသဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# အမေရိကန်သည် အီရန်နှင့်တွေ့ဆုံဆွေးနွေးမှုလုပ်လိုလျှင် နျူကလီးယားစာချုပ်အပေါ် ပြန်လည်ဆန်းစစ်ရမည်ဟု အီရန်ပြော

**တီဟီရန် ဩဂုတ် ၂၉**

အမေရိကန်နိုင်ငံသည် အီရန်နှင့် တွေ့ဆုံဆွေးနွေးမှုလုပ်လိုလျှင် အရေးကြီးသော နျူကလီးယားသဘောတူစာချုပ်နှင့် ပတ်သက်ပြီး ပြန်လည်ဆန်းစစ်ရန်လိုကြောင်း၊ အီရန်အပေါ်ချမှတ်ထားသည့် စီးပွားရေးဆိုင်ရာ ဒဏ်ခတ်ပိတ်ဆို့မှုများကိုလည်း ရပ်တန့်ရမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက ဩဂုတ် ၂၉ ရက်တွင် ပြောကြားလိုက်သည်။

လွန်ခဲ့သောနှစ်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ၂၀၁၅ နျူကလီးယားသဘောတူစာချုပ်မှ နုတ်ထွက်ခဲ့သည့် အချိန်မှစကာ အီရန်နှင့် အမေရိကန်နိုင်ငံတို့အကြား ဆက်ဆံရေး တင်းမာမှုများ ဖြစ်ပေါ်လာခဲ့သည်။ ၂၀၁၅ နျူကလီးယားသဘောတူစာချုပ်အရ အီရန်နိုင်ငံအား အရေးယူပိတ်ဆို့မှုများမှ ကင်းလွတ်ခွင့်ပေးရမည်ဖြစ်သလို အပြန်အလှန်အားဖြင့် အီရန်နိုင်ငံက ၎င်း၏နျူကလီးယားအစီအစဉ်ကို လျှော့ချဖြတ်တောက်ရမည်ဖြစ်ကြောင်း သိရသည်။

ဂျီ-၇ အစည်းအဝေးကို ပြင်သစ်နိုင်ငံ ဘာရစ်ဇ်အပန်းဖြေမြို့တွင် ကျင်းပနေစဉ် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီနှင့် များမကြာမီရက်များအတွင်း တွေ့ဆုံရန် အဆင်သင့်ဖြစ်ကြောင်း ဩဂုတ် ၂၆ ရက်က ပြောကြားလိုက်သည်။

သို့သော်လည်း အီရန်ကို တွေ့ဆုံခြင်းမပြုမီ အမေရိကန်သည် ပထမဆုံးအနေဖြင့် ၂၀၁၅ နျူကလီးယားသဘောတူစာချုပ်မှ နုတ်ထွက်ပြီးနောက်ပိုင်း အီရန်နိုင်ငံအပေါ် ချမှတ်ထားသော ဒဏ်ခတ်ပိတ်ဆို့မှုများကို ဖယ်ရှားပေးရမည်ဖြစ်ကြောင်း အီရန်သမ္မတ ရိုဟာနီက ပြောကြားလိုက်သည်။ အဆိုပါကိစ္စကို အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက်ဇာအစ်က ထပ်လောင်းအတည်ပြု ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် အီရန်ပြည်သူများအပေါ် ဆန့်ကျင်ပြီး စီးပွားရေးစစ်ပွဲဖြစ်အောင် လုပ်ဆောင်နေကြောင်း၊ အမေရိကန်က စီးပွားရေးစစ်ပွဲဖြစ်ပွားအောင် လုပ်ဆောင်နေမှုကို မရပ်တန့်လျှင် မိမိတို့အနေဖြင့် အမေရိကန်နှင့် တွေ့ဆုံညှိနှိုင်းရန် မည်သို့မျှမဖြစ်နိုင်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက မလေးရှားနိုင်ငံခရီးစဉ်အတွင်း သတင်းသမားများကို ပြောကြားလိုက်သည်။

အီရန်နိုင်ငံသည် နျူကလီးယားစာချုပ်တွင် ပါဝင်သည့် တခြားကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့်လည်း တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန်အနေဖြင့် တွေ့ဆုံဆွေးနွေးမှုပြန်လုပ်လိုလျှင် တွေ့ဆုံဆွေးနွေးခွင့်ပေးမည့် လက်မှတ်ဝယ်ရမည်ဖြစ်ကြောင်းနှင့် ယင်းလက်မှတ်မှာလည်း အခြားမဟုတ်ဘဲ နျူကလီးယားသဘောတူစာချုပ်အပေါ် ပြန်လည်ဆန်းစစ်ရန်ပင်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ပင်လယ်ကွေ့ဒေသတွင်ဖြစ်ပေါ်နေသော တင်းမာမှုများ လျော့နည်းရန်အတွက် အမေရိကန်ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စ်ပါကလည်း ဩဂုတ် ၂၈ ရက်က အီရန်ကို ဆွေးနွေးပွဲတွင် ပါဝင်ရန် တိုက်တွန်းပြောကြားလိုက်သည်။ မိမိတို့သည် အီရန်နှင့် ပဋိပက္ခမဖြစ်ချင်ကြောင်း၊ သံတမန်နည်းလမ်းအရသာ ဆောင်ရွက်သွားလိုကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။



အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက်ဇာအစ်။

**အေအက်ဖ်ပီ**

# သေဒဏ်ချမှတ်ထားသည့် လိပ်ကျွန်းလူသတ်မှု ထိုင်းဗဟိုတရားရုံးအတည်ပြု

**ဗန်ကောက် ဩဂုတ် ၂၉**

ဗြိတိန်စုံတွဲကိုသတ်မှုဖြင့် သေဒဏ်ချမှတ်ခံထားရသော မြန်မာနိုင်ငံသားနှစ်ဦး၏အမှုကို ထိုင်းဗဟိုတရားရုံးက အတည်ပြုခဲ့ကြောင်း ဩဂုတ် ၂၉ ရက် နိုင်ငံတကာသတင်းများအရ သိရသည်။

ထိုင်းနိုင်ငံ စူရတ်ဌာနီခရိုင် လိပ်ကျွန်း (ကော့တောင်)တွင် ၂၀၁၄ ခုနှစ် စက်တင်ဘာလက ကမ္ဘာလှည့်ခရီးသွား ဗြိတိန်လူငယ်စုံတွဲဖြစ်သည့် အသက် (၂၃) နှစ်အရွယ် ဟန်နာဝီသာရိုက်ဒ်နှင့် အသက် (၂၄) နှစ်အရွယ် ဒေးဗစ်မီလာတို့ကို သတ်မှုဖြင့် မြန်မာရွှေ့ပြောင်းလုပ်သားနှစ်ဦးအား သေဒဏ်ချမှတ်မှုကို ထိုင်းဗဟိုတရားရုံးက အတည်ပြုလိုက်ကြောင်း သတင်းရရှိသည်။

ဗဟိုတရားရုံးက အမိန့်ချမှတ်သည့်အချိန်တွင် နွန်ထဘူရီခရိုင် အကျဉ်းထောင်တွင်ရှိသော မြန်မာရွှေ့ပြောင်းလုပ်သားနှစ်ဦးဖြစ်သည့် မောင်ဇော်လင်းနှင့် မောင်ဝင်းဇော်ထွန်းတို့ကို ဗွီဒီယိုကွန်ဖရင့်နှင့် ဆင့်ခေါ်ထားပြီး စကားပြန်လည်း ထားပေးထားကာ အမိန့်ချမှတ်ခဲ့သည်။

အစိုးရရှေ့နေများက မြန်မာရွှေ့ပြောင်းလုပ်သားများအပေါ် တင်ပြထားသည့် သက်သေသာဓကဖြစ်ရပ်များမှာ ရှင်းလင်းနေပြီဖြစ်ကြောင်း ထပ်မံပြောကြားပြီးနောက် နောက်ဆုံးကြားနာမှုကို ဩဂုတ် ၂၉ ရက်က ဗဟိုတရားရုံးတွင် ပြုလုပ်ခဲ့သည်။

ဗဟိုတရားရုံးက အောက်ရုံးများမှ ဆုံးဖြတ်လာသည့်အမှုများအပေါ် အတည်ပြုလိုက်ကြောင်း တရားသူကြီးတစ်ဦးက မြန်မာရွှေ့ပြောင်းလုပ်သားနှစ်ဦးကို ပြောကြားလိုက်သည်။

၎င်းတို့၏ နောက်ဆုံးမျှော်လင့်ချက်မှာ ထိုင်းဘုရင်မင်းမြတ်ဆီ အသနားခံစာတင်ရန် အခွင့်အရေးသာကျန်တော့ကြောင်း သိရသည်။ သေဒဏ်ပေးခံရမှုကလည်း ချက်ချင်းပေးခံရခြင်းမျိုးမဟုတ်ကြောင်းနှင့် ထိုင်းဘုရင်မင်းမြတ်ဆီ အသနားခံစာတင်သည့် အချိန်အတောအတွင်းတွင် အစိုးရ၏ တစ်နှစ်တစ်ခါ လွတ်ငြိမ်းချမ်းသာခွင့်ပေးသည့်အထဲတွင်လည်းပါနိုင်ရန် မျှော်လင့်နိုင်ကြောင်း၊ အဆိုပါအမှုအပေါ်လည်း မြန်မာဘက်မှ အနီးကပ်စောင့်ကြည့်နေကြောင်း သိရသည်။

**အေအက်ဖ်ပီ**



မြန်မာရွှေ့ပြောင်းလုပ်သားနှစ်ဦးဖြစ်သည့် မောင်ဝင်းဇော်ထွန်းနှင့် မောင်ဇော်လင်းတို့ကို တွေ့ရစဉ်။



တောင်ကိုရီးယားသမ္မတဟောင်း ပတ်ဂွန်ဟေး။

# တောင်ကိုရီးယားဗဟိုတရားရုံးက သမ္မတဟောင်း ပတ်ဂွန်ဟေးအမှုအား ပြန်လည်စစ်ဆေးရန် အမိန့်ထုတ်ပြန်

**ဆိုးလ် ဩဂုတ် ၂၉**

တောင်ကိုရီးယားဗဟိုတရားရုံးမှ ဩဂုတ် ၂၉ ရက်က တောင်ကိုရီးယားသမ္မတဟောင်း ပတ်ဂွန်ဟေးအား သမ္မတရာထူးမှ ပြုတ်ကျစေခဲ့ပြီး လူသိရှင်ကြားဖြစ်ခဲ့သော အရှုပ်တော်ပုံကြောင့် ပြစ်မှုထင်ရှားစီရင်ခံရခြင်းအပေါ် ပြန်လည်ကြားနာစစ်ဆေးရန် အမိန့်ထုတ်ပြန်လိုက်ကြောင်း သတင်းရရှိသည်။

ပတ်ဂွန်ဟေးသည် လွန်ခဲ့သောနှစ် ဧပြီလက လာဘ်ပေးလာဘ်ယူမှုနှင့် အာဏာအလွဲသုံးစားလုပ်မှုတို့ဖြင့် ပြစ်မှုထင်ရှားစီရင်ခံရပြီး ထောင်ဒဏ် ၂၄ နှစ် ချမှတ်ခြင်းခံရကာ နောက်ပိုင်းတွင် နောက်ထပ်တစ်နှစ်ထပ်မံတိုးမြှင့်၍ စုစုပေါင်းထောင်ဒဏ် ၂၅ နှစ်ချမှတ်ခံရကာ အမေရိကန်ဒေါ်လာ ၁၈ သန်း ပေးဆောင်ရမည့် ငွေဒဏ်လည်း အတပ်ခံလိုက်ရသည်။

ဗဟိုတရားရုံးက သီးခြားစီရင်ဆုံးဖြတ်မှုများသည် လာဘ်ပေးလာဘ်ယူမှုကိုသာ ဖော်ပြထားကြောင်း ပြောကြားခဲ့သည်။ ထို့နောက် ယင်းအမှုသွားအမှုလာကို ပြန်လည်စစ်ဆေးရန် ဆိုးလ်တရားရုံးသို့ ပေးပို့လိုက်ကြောင်း တရားသူကြီးချုပ် ကင်မြောင်ဆုက ပြောကြားလိုက်သည်။

ပတ်ဂွန်ဟေး၏ ပထမရုံးတင်စစ်ဆေးမှုသည် ၁၀ လ ကြာမြင့်ခဲ့ပြီး ၎င်း၏အမှုသည် အင်အားကြီးမားသည့် စီးပွားရေးလုပ်ငန်းစုနှင့် နိုင်ငံရေးဆိုင်ရာများ နီးနွယ်လျက်ရှိကြောင်း သိရသည်။ ပတ်ဂွန်ဟေးနှင့် သူ၏သူငယ်ချင်း ချိုင်ဆွန်အီလ်တို့ကို အထူးအခွင့်အရေးနှင့် လဲလှယ်ကာ အင်အားကြီးမားသည့် စီးပွားရေးလုပ်ငန်းစုများထံမှ လာဘ်စားခဲ့သည်ဟုဆို၍ စွဲချက်တင်ခဲ့ကြသည်။

အသက် ၆၇ နှစ်ရှိပြီဖြစ်သော ပတ်ဂွန်ဟေးကို ထိန်းသိမ်းစောင့်ရှောက်ထားကြောင်းလည်း သိရသည်။ ပတ်ဂွန်ဟေးသည် ၂၀၁၃ ခုနှစ်က တောင်ကိုရီးယားနိုင်ငံ၏ သမ္မတဖြစ်လာခဲ့သည်။

**အေအက်ဖ်ပီ**

## အောက်လွှတ်တော်ကို ဆိုင်းငံ့ထားရန် ဗြိတိန်ဝန်ကြီးချုပ်၏အမိန့်ကို ဆန္ဒပြ

**လန်ဒန် ဩဂုတ် ၂၉**

ဗြိတိန်နိုင်ငံဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်၏ အောက်လွှတ်တော်ကို ဆိုင်းငံ့ထားရန်ကြေညာချက်အား ကန့်ကွက်ဆန္ဒပြသည့်အနေဖြင့် ဗြိတိန်နိုင်ငံတစ်ဝန်း မြို့ကြီးများရှိ ရင်ပြင်များတွင် ထောင်ပေါင်းများစွာသော ပြည်သူများ စုဝေးခဲ့ကြသည်။ ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် နိုင်ငံရေးအာဏာသိမ်းမှုတစ်ရပ်ကို ကျူးလွန်နေကြောင်း စွပ်စွဲထားသည့် စာတန်းများကို ဆန္ဒပြသူများက ဝေ့ယမ်းကိုင်ဆောင်ခဲ့ကြသည်။ ဘောရစ်ဂျွန်ဆင်၏ ပြိုင်ဘက်များက ယခုလိုမျိုးလုပ်ရပ်သည် အီးယူမှ သဘောတူညီချက်မရဘဲနုတ်ထွက်မည့် ဘောရစ်ဂျွန်ဆင်၏အစီအစဉ်ကိုရပ်တန့်နိုင်သည့် လွှတ်တော်အမတ်များ၏လုပ်ဆောင်နိုင်မှုကို လျှော့ချရန် တစ်ဖက်သတ် ရည်ရွယ်လုပ်ဆောင်ခြင်းသာဖြစ်ကြောင်း ပြောခဲ့သည်။

ဩဂုတ်လ ၂၈ ရက်က လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ဖော်ပြထားသောသတင်းများအရ အချို့သောအတိုက်အခံများက ဘောရစ်ဂျွန်ဆင်၏အကြံကို ပယ်ဖျက်ရန်အတွက် လျှောက်ထားအသနားခံသည့်အနေဖြင့် နန်းတော်သို့ စာရေးအကြောင်းကြားခဲ့ကြောင်း သိရသည်။ ထို့အပြင် လန်ဒန်နှင့် အဓိကမြို့ကြီးများတွင် ပြည်သူများစုရုံးကာ လူတစ်သန်းခန့်တို့၏ အမည်များရေးထားသော ပြည်သူ့သဘောထား အသနားခံဖော်ပြချက်တစ်ခုကိုလည်း လွှတ်တော်သို့ပေးပို့ခဲ့ကြောင်း သိရသည်။ ထို့အတူ မန်ချက်စတာမြို့ရှိ အယ်လ်ဘတ်ရင်ပြင်တွင် ဆန္ဒပြသူအများအပြားက အာဏာသိမ်းမှုရပ်ဆိုင်းပါဟု ကြွေးကြော်အော်ဟစ်ကာ ဆန္ဒပြခဲ့ကြကြောင်းလည်း သတင်းရရှိသည်။

**ဆင်ဟွာ**

# ကုန်သွယ်ရေးစစ်ပွဲကြောင့် အာရှနိုင်ငံများ၏စီးပွားရေး အကျဘက်သို့ဦးတည်လာ

**ခြုံငုံသုံးသပ်ချက်**

**လက်ရှိဖြစ်ပေါ်နေတဲ့ ကုန်သွယ်ရေးစစ်ပွဲကြောင့် ကမ္ဘာ့စီးပွားရေးအပေါ်မှာ စိုးရိမ်ပူပန်ရမှုတွေ ပိုပိုပြီးမြင့်တက်လာနေပါတယ်။ စီးပွားရေးကျဆင်းမှုတွေရဲ့အကြောင်းဟာ လူပြောအများဆုံးအကြောင်းအရာ ဖြစ်ခဲ့ပါတယ်။ စီးပွားရေးကျဆင်းလာမှုနဲ့အတူ အလုပ်အကိုင်အခွင့်အလမ်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေမှာ မသေချာ မရေရာမှုတွေဟာလည်း ပျံ့နှံ့လာခဲ့ပါတယ်။**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်။

### နစ်နာမှုတွေပေါ်ပေါက်လာ

ကမ္ဘာ့စီးပွားရေးအင်အားကြီးနှစ်နိုင်ငံဖြစ်တဲ့ အမေရိကန်နဲ့ တရုတ်တို့ရဲ့ ကုန်သွယ်ရေးစစ်ပွဲကြောင့် ကမ္ဘာ့စီးပွားရေးအပေါ် အရိပ်ထိုးလာပြီး စီးပွားရေးဟာ အကျဘက်ကို ဦးတည်လာခဲ့ပါတယ်။ စီးပွားရေးကျဆင်းလာမှုဟာ အာရှမှာရှိတဲ့၊ ကြီးမားခိုင်မာတဲ့ စီးပွားရေးလုပ်ငန်းကြီးတွေအပေါ်မှာတော့ ခြိမ်းခြောက်မှုချက်ချင်း ဖြစ်မလာခဲ့ပါဘူး။ ဟောင်ကောင်၊ စင်ကာပူတို့မှာရှိတဲ့ အသေးစားစီးပွားရေးလုပ်ငန်းတွေမှာတော့ နစ်နာမှုတွေ သေချာပေါက် ပေါ်ပေါက်လာခဲ့ပါတယ်။ အောက်စ်ဖို့ဒ် အာရှစီးပွားရေးဌာနမှ အကြီးအကဲ လူးဝစ်ကူဝိစ်ကတော့ ဒီဖြစ်ရပ်ကို တရုတ်နဲ့ အမေရိကန်တို့ရဲ့ ကုန်သွယ်ရေးစစ်ပွဲမှာ ကြားညပ်ခံရတဲ့ အပြစ်ကင်းသူတွေလို့ ခေါ်ဝေါ်လိုက်ပါတယ်။

### စီးပွားရေးကျဆင်းမှုဒဏ်ခံရ

ဒီလိုလုပ်ငန်းငယ်လေးတွေဟာ လွတ်လွတ်လပ်လပ်ရှိပြီး တရုတ်နဲ့ ကုန်သွယ်ရေးဟာ အင်မတန်မှအရေးပါလှပါတယ်လို့ လူးဝစ်က ပြောပါတယ်။ အာရှရဲ့ ထိပ်သီး စီးပွားရေးအင်အားကြီးတွေလည်း စီးပွားရေးကျဆင်းမှုဒဏ်ကို ခံရတာပါပဲ။ တရုတ်ရဲ့ ဂျီဒီပီဟာ ဒုတိယသုံးလပတ်ကာလမှာတော့ ၆ ဒသမ ၂ ရာခိုင်နှုန်းခန့်ရှိပါတယ်။ အဲဒီနှုန်းထားဟာ ၁၉၉၀ ပြည့်နှစ်ဝန်းကျင်တွေကစလို့ အနှေးကွေးဆုံးသော ပမာဏလည်း ဖြစ်ပါတယ်။

### ကုန်သွယ်ရေးစစ်ပွဲ အရှိန်ကောင်းလာ

ဘီလီယံနဲ့ချီပြီးတန်ဖိုးရှိတဲ့ တရုတ်ကုန်ပစ္စည်းတွေအပေါ် အမေရိကန်က အခွန်ပိုမိုစည်းကြပ်မှု ပြုလုပ်လိုက်တာကြောင့် ကုန်သွယ်ရေးစစ်ပွဲဟာ ပိုမိုအရှိန်အားကောင်းလာခဲ့တာပါ။ ဒါကြောင့်လည်း တရုတ်ကုမ္ပဏီကြီးတွေကို ပိုမိုအထိနာစေခဲ့ပါတယ်။ ဘာလို့လဲဆိုရင် အကြမ်းဖျင်းအားဖြင့် ၂၀ ရာခိုင်နှုန်းသော တရုတ်နိုင်ငံရဲ့ ပို့ကုန်တွေဟာ အမေရိကန်ဆီ တင်ပို့လို့ပါပဲ။ ကာလရှည်ကြာ ကုန်သွယ်ရေးအငြင်းပွားမှုဟာ ဘယ်အချိန်မှာ အဆုံးသတ်မယ်ဆိုတာ မသိနိုင်သေးတဲ့အတွက်လည်း စီးပွားရေးကို ပိုမိုအထိနာစေခဲ့တာလို့ ယူဆဖွယ်ရှိပါတယ်။

### တစ်ခုတည်းသော အကြောင်းပြချက်

စီးပွားရေးလုပ်ငန်းတွေကို အထိနာစေတဲ့ တစ်ခုတည်းသောအကြောင်းအရာကတော့ တရုတ်-အမေရိကန် ကုန်သွယ်ရေးစစ်ပွဲရဲ့မသေချာမရေရာမှုကြောင့်ပါပဲ။ ဒါဟာ အခွန်စည်းကြပ်မှုတွေထက်ပိုပြီးအရေးပါတဲ့ အကြောင်းပြချက်တစ်ခုပါပဲလို့ မစ္စတာ လူးဝစ်က ပြောပါတယ်။ ဒီလိုမသေချာမှုတွေဟာ ကမ္ဘာ့စီးပွားရေးကို ထိခိုက်စေတဲ့ အဓိကအကြောင်းပြချက်တစ်ခုပါပဲ။ တရုတ်နိုင်ငံဟာ ဒီနှစ်ပိုင်းအတွင်းမှာ စီးပွားရေးကို အထောက်အကူဖြစ်စေဖို့အတွက် အရေးပါတဲ့ခြေလှမ်းတွေ ပြင်ဆင်ခဲ့ပါတယ်။ အခွန်ဖြတ်တောက်တာ၊ အခြေခံအဆောက်အအုံတွေမှာ သုံးစွဲတာ အစရှိတာတွေအပါအဝင် အခြားသောအရေးပါတဲ့ကိစ္စတွေကို လုပ်ဆောင်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်အတွင်းမှာ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ၆ ရာခိုင်နှုန်းနဲ့ ၆ ဒသမ ၅ ရာခိုင်နှုန်းအထိ ရှိလာအောင် တရုတ်အစိုးရက ပစ်မှတ်ထားလုပ်ဆောင်နေပါတယ်။ ဒါကတော့ တရုတ်နိုင်ငံရဲ့ စီးပွားရေးအခြေအနေပါပဲ။ ကျန်အာရှနိုင်ငံတွေမှာရော စီးပွားရေးအခြေအနေဟာ ဘယ်လိုမျိုးပါလဲ။

### ဂျပန်နိုင်ငံရဲ့စီးပွားရေး

ဂျပန်နိုင်ငံမှာတော့ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းဟာ နှေးကွေးလာပြီး စီးပွားရေးလုပ်ငန်းတွေမှာ ယုံကြည်စိတ်ချရမှုကိုလည်း သတိပေးသံတွေ ထွက်ပေါ်လာပါတယ်။ ဂျပန်နိုင်ငံဟာ အီလက်ထရောနစ်ပစ္စည်းတွေ၊ ကားအစိတ်အပိုင်းတွေ အဓိကထားပြီး တင်ပို့တဲ့နိုင်ငံလည်း ဖြစ်ပါတယ်။ ဒုတိယသုံးလပတ်မှာတော့ ဂျီဒီပီက ၀ ဒသမ ၄ ရာခိုင်နှုန်း တိုးလာပါတယ်။ မျှော်လင့်ထားတာထက် ၀ ဒသမ ၁ ရာခိုင်နှုန်း တိုးလာတာပါ။ ခိုင်မာတဲ့ဖောက်သည်တွေရှိနေတာကိုပဲ ကျေးဇူးတင်ရမှာပါ။ ကာလရှည်ကြာစောင့်ဆိုင်းနေတဲ့ ရောင်းခွန်တိုးမြှင့်မှုဟာလည်း အောက်တိုဘာလမှာ စတင်တော့မှာပါ။ ဒါကြောင့်လည်း ကမ္ဘာ့တတိယစီးပွားရေးအင်အားအကြီးဆုံး ဂျပန်အတွက် ခြိမ်းခြောက်မှုတွေနဲ့ ရင်ဆိုင်လာရဖွယ်ရှိပါတယ်။ အခွန်တွေတိုးမြှင့်လာတဲ့အခါ ပြည်တွင်းကဝယ်လိုအားကို လျော့သွားစေနိုင်တယ်လို့လည်း ဂျပန်စီးပွားရေးပညာရှင် မာဆယ်က ပြောပါတယ်။

### အိန္ဒိယမှာလည်း စီးပွားရေးနှေးကွေး

အာရှရဲ့တတိယစီးပွားရေးအင်အားအကြီးဆုံးဖြစ်တဲ့ အိန္ဒိယမှာတော့ ရင်းနှီးမြှုပ်နှံမှု အားနည်းတာရော၊ ပြည်တွင်းမှာ ဝယ်လိုအားနှေးကွေးနေတာကြောင့်ရယ်ပါ စီးပွားရေးဟာ တုံ့ဆိုင်းနေပါတယ်။ အိန္ဒိယရဲ့ ဂျီဒီပီကတော့ ငါးနှစ်အတွင်းမှာ ၅ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းနေပါတယ်။ နောက်တစ်ကြိမ် ဂျီဒီပီတိုင်းတာမှုကို ဩဂုတ် ၃၀ ရက်မှာ သိရမှာဖြစ်ပြီး ဆက်လက်၍ အားနည်းနေနိုင်သေးတယ်လို့ သိရပါတယ်။ တိုင်းပြည်ရဲ့ စီးပွားရေးကတော့ ပြည်တွင်းဝယ်လိုအားအပေါ်မှာ အဓိကမှီခိုနေပြီး သုံးစွဲနိုင်မှုပမာဏကတော့ သိသိသာသာပဲ လျော့ကျနေပါတယ်။ ကားတွေရောင်းချမှုမှာလည်း ပြဿနာတွေနဲ့ ရုန်းကန်နေရပါတယ်။ ဇူလိုင်လအတွင်းမှာ မော်တော်ကားရောင်းချမှုပမာဏဟာ ၃၁ ရာခိုင်နှုန်းအထိ ကျဆင်းသွားပါတယ်။ ဒါဟာ ဆယ်စုနှစ်နှစ်ခုစာအတွင်းမှာ သိသိသာသာထိုးကျသွားတာလည်း ဖြစ်ပါတယ်။ အရောင်းထိုင်းလာတဲ့အတွက် အလုပ်နေရာလျှော့ချတာတွေ၊ ထုတ်လုပ်မှုလျှော့ချတာတွေ လုပ်လာရပါတယ်။ ယခုနှစ်အတွင်းမှာ အိန္ဒိယဗဟိုဘဏ်ဟာ အခွန်ကို လေးကြိမ်တိုင်တိုင် ဖြတ်တောက်ပေးခဲ့ရပါတယ်။

### နည်းပညာမြင့်ပစ္စည်းတွေအပေါ် မှီခို

စင်ကာပူကတော့ နည်းပညာမြင့်ပစ္စည်းတွေတင်ပို့မှုအပေါ် မှီခိုအားထားရပါတယ်။ တစ်ကမ္ဘာလုံးက အီလက်ထရောနစ်ပစ္စည်းဝယ်လိုအားဟာ ကျဆင်းမယ့် အရိပ်ယောင်တွေ ရှိလာပါတယ်။ ဒုတိယသုံးလပတ်ကာလမှာ စီးပွားရေးဟာ ၃ ဒသမ ၃ ရာခိုင်နှုန်း ကျသွားပါတယ်။

ယခုနှစ်အတွင်းမှာ တောင်ကိုရီးယားရဲ့စီးပွားရေးဟာ အကျဘက်ကို ဦးတည်လာမှာကို စိုးရိမ်ခဲ့ရပါတယ်။ ဒါပေမယ့်လည်း တောင်ကိုရီးယားအစိုးရက စီပွားရေးမှာ အကူအညီပေးမှုတွေပြုလုပ်ပြီး စီးပွားရေးအကျဘက်ဦးတာလာတာကို ရှောင်းရှားနိုင်ခဲ့ပါတယ်။ ဒါကြောင့်မို့လည်း ဒုတိယသုံးလပတ်ကာလမှာ တစ်ဖန်ပြန်တိုးတက်လာခဲ့ပါတယ်။ သုံးလအတွင်း ဂျီဒီပီတိုးတက်မှုဟာ ၁ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး ယခင်နှစ်ကနဲ့ ယှဉ်ရင်တိုးတက်လာတာကို တွေ့မြင်ရမှာပါ။ ဇူလိုင်လအတွင်းမှာ ဗဟိုဘဏ်ဟာ သုံးနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် အခွန်နှုန်းထားကို ဖြတ်တောက်ခဲ့ပါတယ်။

### အာရှစီးပွားရေးကို တုံ့ဆိုင်းစေခဲ့

ကမ္ဘာ့အီလက်ထရောနစ်ဈေးကွက် အကျဘက်ကို ဦးတည်လာတဲ့အတွက် နည်းပညာပိုင်းဆိုင်ရာပစ္စည်းတွေတင်ပို့မှု နှေးကွေးလာပါတယ်။ တိုင်းပြည်ရဲ့ ၃၀ ရာခိုင်နှုန်းသော တင်ပို့ကုန်ဟာ အီလက်ထရောနစ်ပစ္စည်းတွေပါပဲ။ နောက်ပြီး ဂျပန်နိုင်ငံရဲ့နည်းပညာမြင့်ပစ္စည်းတွေ တောင်ကိုရီးယားကို တင်ပို့မှုကန့်သတ်လိုက်တာကြောင့်လည်း တောင်ကိုရီးယားရဲ့တိုးတက်မှုနှုန်းကို မသေမချာဖြစ်သွားစေခဲ့ပါတယ်။ အမေရိကန်နဲ့ တရုတ်တို့ကြား ကုန်သွယ်ရေးဆွေးနွေးပွဲ မသေချာမှုတွေကြောင့်လည်း အာရှစီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို တန့်နေစေခဲ့ပါတယ်။

### ဈေးကွက်ထိခိုက်လာ

အမေရိကန်-တရုတ် ကုန်သွယ်ရေးဆွေးနွေးပွဲဟာ ရင်းနှီးမြှုပ်နှံသူတွေကို စိုးရိမ်ပူပန်ရမှုတွေ ဖြစ်ပေါ်စေတာလည်း အမှန်ပါပဲ။ အမေရိကန်နဲ့ တရုတ်တို့ကြား အပြန်အလှန်အခွန်တိုးမြှင့်စည်းကြပ်မှုတွေဟာလည်း စက်တင်ဘာ ၁ ရက်ဆိုရင် စတင် သက်ရောက်တော့မှာပါ။ ကုန်သွယ်ရေးအတွက် ဆွေးနွေးကြသူတွေကိုယ်တိုင် ဘယ်အချိန်မှာ ဒီကိစ္စပြီးပြတ်မလဲဆိုတာ အတိအကျမပြောနိုင်ကြပါဘူး။ ကုန်သွယ်ရေးမှာ မသေချာမှုတွေကြောင့် ဈေးကွက်ကို ထိခိုက်လာတာကတော့ အမှန်ပါပဲ။ ။

**ကိုးကား - ဘီဘီစီ၊ စီအင်န်အင်န်**



## အမေဇုန်သစ်တောကာကွယ်ရေး အစည်းအဝေးကျင်းပမည်

**ရီယိုဒီဂျနေရိုး ဩဂုတ် ၂၉**

အမေဇုန်သစ်တောတွင် မီးလောင်မှုများ ဆက်လက်ဖြစ်ပွားနေသည့်အတွက် တောင်အမေရိကနိုင်ငံများအနေဖြင့် နောက်လအစောပိုင်းတွင် အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပသွားမည်ဖြစ်ကြောင်း ဘရာဇီးသမ္မတ ဂျာဘော်ဆွန်နာရိုးက ဩဂုတ် ၂၉ ရက်က ပြောကြားလိုက်သည်။

ဘော်ဆွန်နာရိုးက ချီလီသမ္မတ ဆယ်ဘက်စ်ရှန်ပိုင်နားရားနှင့် ဘရာဆီးလီးယားတွင် တွေ့ဆုံပြီးနောက် ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ ဘရာဇီးသမ္မတက အမေဇုန်သစ်တောကို မည်သို့ကာကွယ်မလဲဆိုသည့် နည်းလမ်းများရရှိရန်အတွက် အစည်းအဝေးကျင်းပခြင်းဖြစ်ကြောင်းနှင့် အဆိုပါအစည်းအဝေးကို စက်တင်ဘာ ၆ ရက်တွင် ကိုလံဘီယာမြို့လက်တီကာတွင် ကျင်းပမည်ဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံရေးအကျပ်အတည်းဖြစ်နေသည့် ဗင်နီဇွဲလားနိုင်ငံမှလွဲ၍ ကျန်ရှိနေသည့်ဒေသတွင်း အိမ်နီးချင်းနိုင်ငံများမှ ခေါင်းဆောင်များအားလုံး အဆိုပါအစည်းအဝေးကို တက်ရောက်မည်ဖြစ်ကြောင်း ဘော်ဆွန်နာရိုးက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## ဂျပန်နိုင်ငံအနောက်ပိုင်းရေကြီးမှု သေဆုံးသူ သုံးဦးအထိရှိလာ

**တိုကျို ဩဂုတ် ၂၉**

ဂျပန်နိုင်ငံအနောက်ပိုင်းတွင် ဩဂုတ် ၂၈ ရက်က ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားကာ ဆိုးရွားသောအခြေအနေများ ကြုံတွေ့ရပြီးနောက် ထိုကဲ့သို့အခြေအနေများ ဆက်လက်ဖြစ်ပွားနိုင်သည့်အတွက် မိုးလေဝသဌာနမှ အရာရှိများက ဩဂုတ် ၂၉ ရက်တွင် သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

ယခုအချိန်အထိ မိုးရွာသွန်းမှုများရှိနေသေးကြောင်းနှင့် နောက်ထပ်သေဆုံးသူတစ်ဦးအပါအဝင် စုစုပေါင်း သေဆုံးသူ သုံးဦးအထိ ရှိလာပြီဖြစ်ကြောင်း သတင်းရရှိသည်။ အရေးပေါ်သတိပေးချက်ကို ပြန်လည်ရုပ်သိမ်းလိုက်သော်လည်း အခြေအနေမှာ ဆိုးရွားနေဆဲပင်ရှိသေးသည်ဟု သတင်းများတွင် ဖော်ပြသည်။

အပေါ်စီးမြင်ကွင်းမှ မြင်ရသော ရုပ်ပုံများအရ ဆာဂါစီရင်စုရှိ အိုမာချီမြို့လေးနှင့် အနီးဝန်းကျင်ဒေသများသည် ရေများဖုံးလွှမ်းလျက်ရှိကြောင်း တွေ့ရသည်။ အဆိုပါဒေသတွင် လူပေါင်း ၁၈၀ ကျော်မှာ ဆေးရုံတစ်ခုအတွင်း ပိတ်မိလျက်ရှိကာ အများစုမှာ လူနာများဖြစ်ကြသည်။ ထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း ရေများဆေးရုံအတွင်း ဝင်ရောက်လာသောကြောင့် ရေလွတ်သည့်နေရာများသို့ ရွှေ့ပြောင်းနေထိုင်နေရသည်ဟု ဆိုသည်။

ဆာဂါစီရင်စုနှင့် နာဂါဆာကီစီရင်စုများတွင် တစ်လလုံးအတွက် ပုံမှန်မိုးရေချိန်သည် နှစ်ရက်အတွင်း ရွာသွန်းလိုက်သောမိုးကြောင့် နှစ်ဆစံချိန်တင်မြင့်တက်သွားသည်။ အဆိုပါစီရင်စုနှစ်စုနှင့် အိမ်နီးချင်း ဖူကူအိုကာစီရင်စုရှိ လူပေါင်း ၆၇၀၀၀၀ ခန့် ရွှေ့ပြောင်းမှုများလုပ်ဆောင်ရန် သတိပေးချက်များ ထုတ်ပြန်ထားဆဲဖြစ်သည်။ ရေဘေးကယ်ဆယ်ရေးအဖွဲ့များလည်း ကယ်ဆယ်မှုများ ဆောင်ရွက်လျက်ရှိပြီး အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များကလည်း အချိန်မီမပြောင်းရွှေ့နိုင်သည့် မိသားစုများထံသို့ ဖောင်များဖြင့် သွားရောက်ကယ်ဆယ်မှုများ ပြုလုပ်လျက်ရှိသည်။ ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များကလည်း အလွန်ဆိုးရွားသောနေရာများရှိ လူများကို ရဟတ်ယာဉ်များဖြင့် ရွှေ့ပြောင်းမှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

**အင်န်အိတ်ချ်ကေ**

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာခရိုင်နှင့် ရွှေဘိုခရိုင်အတွင်းရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

**မုံရွာ ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မုံရွာခရိုင်နှင့် ရွှေဘိုခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲများကို ယမန်နေ့က မုံရွာခရိုင် အရာတော်မြို့အမှတ်(၁) ပိတောက်မြိုင်ရပ်ကွက်ရှိ သီရိရတနာခန်းမ၌ လည်းကောင်း၊ ရွှေဘိုခရိုင် ဝက်လက်မြို့ ဝင်းလက်ရွှေစင်ခန်းမ၌ လည်းကောင်း ကျင်းပသည်။




တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် အရာတော်မြို့ဒေသခံများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးများက မိမိတို့တိုင်းဒေသကြီး ဝန်ကြီးဌာနများအလိုက် လမ်း၊ တံတား၊ သောက်သုံးရေ၊ စိုက်ပျိုးရေ၊ လျှပ်စစ်မီး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး နှင့်လမ်းပန်းဆက်သွယ်ရေးကဏ္ဍမျိုးစုံတို့ဖြင့် တိုင်းဒေသကြီးအတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ပြောကြားသည်။

ယင်းနောက် မုံရွာခရိုင်အတွင်းရှိ အရာတော်မြို့နယ်မှ တက်ရောက်လာကြသော ဒေသခံပြည်သူများက မိမိတို့ဒေသတွင် လိုအပ်သည့် သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ရရှိရေး၊ ငရဟိုးကျေးရွာ ချောင်းကူးတံတား အဆင့်မြှင့်တင်ပေးရေး၊ လမ်းများ အဆင့်မြှင့်တင်ပေးရေး၊ မင်းကျေးရွာ ပုံစံ(၇)ရရှိရေးနှင့် မြေယာကိစ္စရပ်များ၊ အရာတော်မြို့ပေါ်အတွင်း ကျူးကျော်အိမ်ရာများ ဖယ်ရှားပေးရေး၊ မီးမရရှိသေးသည့်ကျေးရွာများ မီးလင်းရေး စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်သည်များကို ဆွေးနွေးတင်ပြခဲ့ရာ သက်ဆိုင်ရာ ဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍများအလိုက် ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် ရွှေဘိုခရိုင် ဝက်လက်မြို့ ဝင်းလက်ရွှေစင်ခန်းမ၌ တွေ့ဆုံပွဲတွင် တက်ရောက်လာကြသော ဒေသခံပြည်သူများက မိမိတို့ဒေသတွင် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ မြေယာကိစ္စများ စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်သည်များကို တင်ပြကြရာ သက်ဆိုင်ရာဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ဖြေကြားသည်။

အဆိုပါ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး မဏ္ဍိုင်ကြီး(၃)ရပ်နှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူလူထုတွေ့ဆုံပွဲများတွင် တိုင်ကြားစာများကို သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများမှ လက်ခံဆောင်ရွက်ပေးလျက်ရှိရာ မုံရွာခရိုင်အတွင်းရှိ အရာတော်မြို့နယ်မှ သုံးစောင်နှင့် ရွှေဘိုခရိုင်အတွင်းရှိ ဝက်လက်မြို့နယ်မှ ၁၃ စောင်တို့ကို သက်ဆိုင်သူများထံသို့ တာဝန်ရှိသူများက ပြန်လည်ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကိုကို (ယင်းမာပင်)**

## ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကျုံတနီးကျေးရွာတွင် ဒေသခံပြည်သူများနှင့်တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၉**

ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးလှမိုးအောင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ဩဂုတ် ၂၄ ရက်က နေပြည်မြို့နယ်၊ ကျုံတနီး ကျေးရွာအုပ်စု အထက ကျုံတနီးတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲပြုလုပ်သည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ကျုံတနီးကျေးရွာအုပ်စု ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးလှမိုးအောင်က တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက် လာကြသူများမှ လျှပ်စစ်မီးရရှိရေးကိစ္စ၊ ကျောင်းအဆင့်တိုးမြှင့်နိုင်ရေးကိစ္စ၊ စွန့်လွှတ်မြေများ ပြန်လည်ရရှိရေးကိစ္စ၊ မြောင်းများ ပြန်လည်တူးဖော်ပေးစေလိုခြင်းကိစ္စ၊ ကုန်ထုတ်လမ်းကို ကွန်ကရစ်လမ်းအဖြစ်အဆင့် တိုးမြှင့်ပေးစေလိုခြင်းကိစ္စ၊ စိုက်ပျိုးရေးသုံး သွင်းအားစုများ အရည်အသွေးကောင်း၍ ဈေးနှုန်းချိုသာစွာ သုံးစွဲနိုင်ရေး ဆောင်ရွက်ပေးစေလိုခြင်းကိစ္စ၊ ဈေးသစ်ဆောက်လုပ်ပေးစေလိုခြင်းကိစ္စ၊ အထက ကျုံတနီးကျောင်းတွင် တိုးချဲ့ဆောင်ချထားပေးစေလိုခြင်းကိစ္စ၊ နေပြည်မြို့သို့ ဖြတ်သန်းစီးဆင်းသော ဗောဓိချောင်းအား ပန်းတနော်မြို့အနီးတွင် နှစ်နေရာပိတ်ထားခြင်းကို ဖွင့်ပေးစေလိုခြင်းကိစ္စ စသည် တို့ကိုတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြပြီး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်သူဟိဏ်း (နေပြည်)**

## မြန်မာနိုင်ငံစီးပွားရေးဝန်းကျင် ညွှန်းကိန်းစစ်တမ်းကောက်ယူခဲ့ခြင်းနှင့် တွေ့ရှိချက်များကို ရှင်းလင်းခြင်းအခမ်းအနားကျင်းပ

**ထားဝယ် ဩဂုတ် ၂၉**

အာရှဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံစီးပွားရေးဝန်းကျင်ညွှန်းကိန်း စစ်တမ်းကောက်ယူခဲ့ခြင်းနှင့် တွေ့ရှိချက်များအား ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယမန်နေ့က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဇေယျာထက် ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဒေါ်ရီရီချိုက မြန်မာ့စီးပွားရေးဝန်းကျင် ညွှန်းကိန်း၏ ရည်ရွယ်ချက်မှာ အားလုံးပါဝင်အကျိုးခံစားခွင့်ရရှိပြီး ရေရှည်တည်တံ့သော စီးပွားရေးတိုးတက်မှုဖြစ်ပေါ်လာစေရန်နှင့် ဒေသန္တရစီးပွားရေး အုပ်ချုပ်မှုစနစ် တိုးတက်ကောင်းမွန်လာစေရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံစီးပွားရေးဝန်းကျင်ညွှန်းကိန်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးဝန်းကျင်တွင် ချမှတ်ထားသည့် စည်းမျဉ်းအတွင်း ကန့်သတ်ချက်များနှင့် အခွင့်အလမ်းများကို မြန်မာနိုင်ငံတော်အစိုးရ၊ အထူးသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအတွက် ရှာဖွေဖော်ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသူများသည် ပိုမိုကောင်းမွန်ပြီး ထိရောက်သော မူဝါဒများ ချမှတ်နိုင်မည်ဖြစ်ကြောင်းနှင့် တက်တက်ကြွကြွ ပါဝင်ဆွေးနွေးပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အာရှဖောင်ဒေးရှင်း စီမံကိန်းမန်နေဂျာ Mr. Ville Peltovuori က မြန်မာ့စီးပွားရေးဝန်းကျင် ညွှန်းကိန်းစီမံချက်၏ ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားပြီး စီးပွားရေးဖွံ့ဖြိုးမှုပညာရှင် ဦးကျော်သူက မြန်မာ့စီးပွားရေးဝန်းကျင် ညွှန်းကိန်းသုတေသန တွေ့ရှိချက်များကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသူများနှင့် မေးခွန်းများ၊ အဖြေများ နှီးနှောဖလှယ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်အဖွဲ့များအား ငွေနှင့် ရိက္ခာများ ထောက်ပံ့ပေးအပ်

**ဒီးမော့ဆို ဩဂုတ် ၂၉**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်က ကယားဒေသအတွင်းရှိ မူလ/အသွင်ပြောင်း ပြည်သူ့စစ် (ဌာနေ)အဖွဲ့များအား ထောက်ပံ့ငွေနှင့် ရိက္ခာများ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာရှိ နယ်မြေခံတပ်ရင်း စုပေါင်းခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လင်းအောင်က တိုင်းစစ်ဌာနချုပ်အနေဖြင့် ပြည်နယ်အတွင်းရှိ ဌာနေပြည်သူ့စစ် ခြောက်ဖွဲ့အား ဆန်၊ ဆီ၊ ဆားနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့ပြီး ယခု ထောက်ပံ့ရာတွင် ဆန် ၉၄ အိတ်၊ ဆီ ၁၀၄ ပိဿာ၊ ဆား ၁၀၄ ပိဿာနှင့် ထောက်ပံ့ငွေကျပ် ၂၆၇၁၈၀၀၀ ကို ပေးအပ်ခဲ့ကြောင်း၊ ဌာနေပြည်သူ့စစ်များသည် စီးပွားရေး လုပ်ငန်းဆောင်ရွက်ရာတွင် ဥပဒေနှင့်လုပ်ကိုင်ဆောင်ရွက်ကြရန်၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ပါဝင်ပတ်သက်မှု မရှိအောင် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုအပ်ပြီး အခက်အခဲများရှိပါက တင်ပြဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် မျိုးသန့်နိုင်နှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မြင့်ဝေတို့က ဌာနေပြည်သူ့စစ်များဖြစ်သော ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့၊ မော်ချီးပြည်သူ့စစ် (ဌာနေ) အဖွဲ့၊ ကယန်းပြည်သစ်ပါတီ အသွင်ပြောင်းပြည်သူ့စစ် (ဌာနေ)အဖွဲ့၊ ကရင်နီအမျိုးသား ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ အသွင်ပြောင်း ပြည်သူ့စစ် (ဌာနေ) အဖွဲ့၊ ကယန်း အမျိုးသားကာကွယ်ရေးတပ် အသွင်ပြောင်း ပြည်သူ့စစ်(ဌာနေ) အဖွဲ့နှင့် လွိုင်လင်လေး ပြည်သူ့စစ်(ဌာနေ)အဖွဲ့တို့ကို ထောက်ပံ့ငွေနှင့် ရိက္ခာများထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရီရယ် (ဒီးမော့ဆို)**



မူလ/အသွင်ပြောင်း ပြည်သူ့စစ် (ဌာနေ)အဖွဲ့များအား ထောက်ပံ့ငွေပေးအပ်စဉ်။

## ကရင်စာပေနှင့်ယဉ်ကျေးမှုကို အလေးထားသင်ကြားရန် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂျိုးမြတ်မြတ်သူ ပြောကြား

**အမာ ဩဂုတ် ၂၉**

ဖျာပုံခရိုင် အမာမြို့ဘဝသစ်ကျေးရွာအုပ်စု လေးပင်ချောင်ကျေးရွာ တနင်္ဂနွေဘုရားကျောင်းအတွင်း ယမန်နေ့က ပြုလုပ်သော ဒေသခံကရင်တိုင်းရင်းသားများ၊ ကရင်စာပေသင်ကြားပေးနေသော ဆရာ ဆရာမများနှင့် ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂျိုးမြတ်မြတ်သူတို့ တွေ့ဆုံပွဲတွင် ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးက မိမိတို့တိုင်းရင်းသားကလေးငယ်များအား ကရင်စာပေကို တတ်ကျွမ်းအောင် သင်ကြားပေးကြရန်နှင့် ရိုးရာယဉ်ကျေးမှု မပျောက်ပျက်အောင် အလေးထားထိန်းသိမ်းကြရန် တိုက်တွန်းပြောကြားသည်။

တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့်အဖွဲ့သည် လေးပင်ချောင်ကျေးရွာသို့ရောက်ရှိပြီး ဒေသခံကရင်တိုင်းရင်းသားများ ကရင်စာပေသင်ကြားပေးနေသော ဆရာ ဆရာမများနှင့် တွေ့ဆုံရာ ဖျာပုံခရိုင် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ မန်းနံ့သာက မြို့နယ်အတွင်း လုပ်ကိုင်ဆောင်ရွက်နေမှုကို တင်ပြဆွေးနွေးသည်။

ဝန်ကြီးက တိုင်းရင်းသားတို့၏ ရိုးသားဖြူစင်မှု မိမိတို့၏စာပေနှင့် ယဉ်ကျေးမှုကို အလေးထားရန်၊ ကရင်ကလေးငယ်တိုင်း ကရင်စာပေကိုသင်ကြားရန်၊ ကရင် တိုင်းရင်းသားလူဦးရေ နည်းမသွားစေရန်အတွက် မြေပြင်လူဦးရေကောက်ခံရာတွင် အချက်အလက် မှန်ကန်စွာ ထည့်သွင်းရန်ပြောကြားသည်။ ဒေသခံများ၏ တင်ပြဆွေးနွေးချက်များကို ပြန်လည်ဆွေးနွေးပြီး ကရင်အမျိုးသားသီချင်းကို စုပေါင်းသီဆိုကြသည်။

အခမ်းအနားသို့ အမာမြို့အုပ်ချုပ်ရေးမှူး၊ ဘဝသစ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ဒေသခံကရင်တိုင်းရင်းသားများ၊ ကရင်စာပေသင်ကြားပေးနေသော ဆရာ ဆရာမများတက်ရောက်ခဲ့သည်။ အမာမြို့သည် ကရင်၊ ရခိုင်၊ ဗမာများ စုပေါင်းနေထိုင်ပြီး ကရင်တိုင်းသားအများစုနေထိုင်သည့် ကျေးရွာကိုးရွာရှိ အခြေခံပညာကျောင်းများတွင် ကရင်စာပေကို အချိန်တစ်ချိန် ဘာသာရပ်တစ်ခုအဖြစ် သင်ကြားပေးလျက်ရှိသည်။

**ဝင်းမြင့်အောင် (ပြန်/ဆက်)**

# နမ့်ခမ်းမြို့၌ တအာင်း (ပလောင်) စာပေနေ့အကြို စာပြုပုဂ္ဂိုလ်များနှင့် ဗုဒ္ဓတရားဘာသာပြန်ဆိုပေးကြသော သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

**နမ့်ခမ်း ဩဂုတ် ၂၉**

ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ခမ်းမြို့၌ တအာင်း (ပလောင်) စာပေပြုစုခဲ့ကြသော ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များနှင့် ဗုဒ္ဓတရားတော်ကို တအာင်း (ပလောင်) ဘာသာဖြင့် ပြန်ဆိုပေးခဲ့ကြသော သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲကို ယမန်နေ့က နမ့်ခမ်းမြို့ ဒက္ခိဏာရုံကျောင်းတိုက်၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားတွင် တအာင်း (ပလောင်) စာပေကို တီထွင်ပြုစုခဲ့သည့် စာပြုပညာရှင် ခုနစ်ဦးထဲတွင် တစ်ပါးတည်းသာ သက်ရှိထင်ရှားကျန်ရစ်ခဲ့သော သက်တော်(၉၉)နှစ်ရှိ နမ့်ခမ်းမြို့နယ်သြဝါဒါစရိယ၊ ဒက္ခိဏာရုံကျောင်းတိုက်ဦးစီးပဓာနနာယကဆရာတော်ဘဒ္ဒန္တနန္ဒာစရိယ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) နှင့်အတူ ဗုဒ္ဓတရားတော်များကို တအာင်း (ပလောင်) ဘာသာဖြင့် ဖတ်ရှုပူဇော်နိုင်ရန်အတွက် ဘာသာပြန်ရေးသားပြုစုခဲ့ကြသော နမ့်ခမ်းမြို့နယ်အတွင်း သီတင်းသုံးလျက်ရှိကြသော မန်တပ်ကျောင်းဆရာတော်ဘဒ္ဒန္တကုသလ၊ မန့်အိုင်ကျောင်းဆရာတော် ဘဒ္ဒန္တခေမာစာရ၊ တွန့်ဟုန်းကျောင်း ဆရာတော်ဘဒ္ဒန္တပဏ္ဍိတ၊ ကောင်းကတ်ကျောင်းဆရာတော်ဘဒ္ဒန္တပညာစက္ကတို့အား တက်ရောက်လာကြသော ပရိသတ်များက ပူဇော်ကန်တော့ကြသည်။ ထို့နောက် တအာင်း (ပလောင်)



စာပေနှင့် ယဉ်ကျေးမှုဥက္ကဋ္ဌ ဦးမြင့်ကျော်နှင့် ယဉ်ကျေးမှုအဖွဲ့ဝင်တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ဆက်ကပ်ခဲ့ပြီး ဒက္ခိဏာရုံဆရာတော်က သြဝါဒတရားချီးမြှင့်ကာ ရေစက်သွန်းချအမျှဝေခဲ့ကြသည်။ အခမ်းအနားသို့ တစ်မြို့နယ်လုံးရှိတအာင်း (ပလောင်) တိုင်းရင်းသားများ တက်ရောက်ကြကြောင်း သိရသည်။

**ညဏ်မင်း(နမ့်ခမ်း)**

# ကော့သောင်းနယ်စပ်ဂိတ်၌ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ပြန်လည်လက်ခံ

**ကော့သောင်း ဩဂုတ် ၂၉**

ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် မြန်မာအလုပ်သမားသံအရာရှိ ဦးကျော်စိုးဝေ ဦးဆောင်၍ ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာနမှ တာဝန်ရှိသူများက မြန်မာရွှေ့ပြောင်း အလုပ်သမားအမျိုးသား ၇၂ ဦး၊ အမျိုးသမီး ခြောက်ဦးကို ယမန်နေ့ညနေပိုင်းက



ဩဂုတ် ၂၈ရက်က ကော့သောင်းနယ်စပ်ဂိတ်၌ ပြန်လည်ဝင်ရောက်သည့် ရွှေ့ပြောင်းအလုပ်သမားများ တွေ့ရစဉ်။

ကော့သောင်းနယ်စပ်ဂိတ်သို့ ရေလမ်းခရီးဖြင့် ပြန်လည်လွှဲပြောင်းပေးအပ်ရာ ကော့သောင်းမြို့နယ် တာဝန်ရှိအဖွဲ့အစည်းများက ပြန်လည်လက်ခံခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာရွှေ့ပြောင်း အလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့် သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့ နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံဥပဒေများအရ အရေးယူခံရပြီး မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ရာ လာရောက်လွှဲပြောင်းပေးသည့် အလုပ်သမားများအား ကော့သောင်းခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကြိုဆိုလက်ခံကြကာ ပြည်သူ့ကျန်းမာရေးဌာနမှ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးပြီး ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာပြန်နိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# မြို့နယ်များရှိ မြစ်ချောင်းကန်များအတွင်း ငါးမျိုးများစိုက်ထည့်

**လေးမျက်နှာ**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတတိုးပွားရေးနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၂၈ ရက်က သခွပ်ချောင်းအုပ်စု ခတ္တုကျေးရွာရှိ ထူပါရုံစေတီတော်မြတ်ကြီးအနီး ငဝန်မြစ်ကမ်းဘေး၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထူးထက်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဒေါ်လှဲ့လှဲ့ခိုင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ငါးခုံးမကြီးနှင့် ငါးမြစ်ချင်း ကောင်ရေ စုစုပေါင်း ၂၀၀၀၀၀ ကို ငဝန်မြစ်အတွင်း စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတတိုးပွားရေးနှင့် ငါးပြုန်းတီးမှု မဖြစ်စေရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ငါးရစ်ငါးသန် ရာသီလွန်ကာလများတွင်လည်း ဥပဒေမဲ့စက်ကိရိယာများ အသုံးပြု၍ ဖမ်းဆီးခြင်း၊ ခွင့်ပြုချက်မရှိဘဲ ငါးဖမ်းဆီးမှုများမရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး ငါးသယံဇာတတိုးပွားရေး၊ ငါးထုတ်လုပ်မှု တိုးတက်စေရေး၊ ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေရေးနှင့် ငါးပြုန်းတီးမှု မဖြစ်စေရေးအတွက် ငါးလုပ်ငန်းဦးစီးဌာန၏ အစီအစဉ်ဖြင့် ငါးလုပ်ငန်းစခန်းများမှ ငါးသားပေါက်များကို ထုတ်လုပ်ပြီး သဘာဝရေပြင်နှင့် အင်းချောင်းများအတွင်း ယခုကဲ့သို့ အခမဲ့စိုက်ထည့်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ အဆိုပါလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးထံမှ သိရသည်။ **ရွှေမိုး(လေးမျက်နှာ)**

**ညောင်ရွှေ**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် လက်အောက်ခံ တောင်ကြီးတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများမှ အင်းလေးကန်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကို ဩဂုတ် ၂၈ ရက်က ညောင်ရွှေမြို့တောင်ဘက်ရှိ နန်းသဲကျေးရွာ၌ ပြုလုပ်သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုးနှင့် ဇနီး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းနှင့် ဌာနဆိုင်ရာများ၊ တပ်နယ် တပ်ရင်း၊ တပ်ဖွဲ့အသီးသီးမှ အရာရှိကြီးများနှင့် တပ်ဖွဲ့ဝင်များ၊ ရဲမေများ၊ ဒေသခံတိုင်းရင်းသားများက နန်းကပ်ချောင်းအတွင်းသို့ ငါးဖိန်း၊ ငါးမြစ်ချင်း၊ ငါးခုံးမသားပေါက်ကောင်ရေ ၁၀၀၀၀၀ကို စုပေါင်းစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**သာပေါင်း**

သာပေါင်းမြို့နယ် နယ်မြေခံ တပ်ရင်းမှ ဗိုလ်မှူးနိုင်ဦးသွင် ဦးဆောင်သော တပ်မတော်သားများ၊ တပ်ဖွဲ့ဝင်မိသားစုများက ငါးမျိုးစိတ် မပြုန်းတီးစေရေး၊ စားသုံးမှု ဖူလုံနိုင်ရေး၊ သားငါးမျိုးပြန့်ပွားများပြားလာနိုင်ရေး ရည်ရွယ်၍ ဩဂုတ် ၂၈ ရက်က လေ့ကြီးတတ်ကျေးရွာ ငဝန်မြစ်အတွင်းသို့ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၇၅၀၀၊ ငါးခုံးမကောင်ရေ ၇၅၀၀ တို့ကို စုပေါင်းစိုက်ထည့်ပေးခဲ့ကြောင်း သိရှိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၉-၈-၂၀၁၉

| ရွှေ | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၅၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၇၈၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၅၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၇၈၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀/၈၈၅ | ကျပ် | ၈၉၅/၉၀၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၅၀/၈၉၅ | ကျပ် | ၉၁၀/၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၇၄၀/၇၈၅ | ကျပ် | ၈၁၅/၈၃၅ | ကျပ် |
| အောက်တိန်း ၉၅ | ၈၃၀/၈၇၅ | ကျပ် | ၉၂၀/၉၃၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၁ · ၃ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၈၄ · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၆ · ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၅၄ · ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၃၀ · ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၂၆ · ၃ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၂ · ၈၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၂၀၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ · ၅၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၀ · ၇၅ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ · ၇၂၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

စတော့အိတ်ချိန်း ဈေးကွက် (၉-၈-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၂၀၀၀ | ၃၅၈၈ | ၄၂၉၀၃၅၀၀ |
| MTSH | ၄၁၀၀ | ၄၁၀၀ | ၁၀၃၄၉ | ၅၂၄၃၀၉၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၆၀၀ | ၅၀၄၀၀၀၀ |
| FPB | ၂၅၅၀၀ | ၂၅၅၀၀ | ၂၀၂ | ၅၁၅၁၀၀၀ |
| TMH | ၃၀၅၀ | ၃၀၅၀ | ၃၉၄၇ | ၁၁၈၄၆၈၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ချယ်လ်ဆီးရဲ့ ကြယ်ပွင့်ကစားသမား

# မက်ဆန်မောင့်

စတန်းဖို့ဒ်ဘရစ်ချ်ကနေ လူငယ်ကစားသမားကောင်းတွေ မထွက်ပေါ်တာဟာ ကာလအတန်ကြာခဲ့ပြီ။ လူငယ်ကစားသမားတွေနဲ့ ချယ်လ်ဆီးအသင်းရဲ့ကြားက ကွာဟမှုတံတိုင်းက လွန်ခဲ့တဲ့နှစ်တွေကတည်းက အတော်ကလေးကို မြင့်မားလွန်းခဲ့တယ်။ ဒီနှစ်က အရင်နှစ်နေတွေနဲ့မတူ။ ချယ်လ်ဆီးအသင်းမှာ အလားအလာကောင်းတွေ ရှိနေတဲ့ လူငယ်ကစားသမားတွေ နေရာရလာခဲ့ပြီလို့ပြောရမယ်။

ချယ်လ်ဆီးအသင်းအနေနဲ့ လွန်ခဲ့တဲ့နှစ်ပေါင်းအတော်ကြာကြာကတည်းက လူငယ်ကစားသမားတွေကို အသင်းကြီးမှာ အားဖြည့်ဖို့အတွက် အကောင်းဆုံးကြိုးစားခဲ့ကြတယ်။ အထူးသဖြင့် မက်အက်ခရမ်နဲ့ ချာလိုဘတ်လို ကစားသမားမျိုးတွေကိုပေါ့။ သူတို့နှစ်ဦးဆိုရင်လည်း လူငယ်အသင်းတွေမှာ အကောင်းဆုံးခြေစွမ်းတွေနဲ့ ရှိနေခဲ့ပေမယ့် အသင်းကြီးမှာကစားခွင့်ရတော့ ခြေစွမ်းပြနိုင်ခြင်း မရှိဘူး။ နောက်ဆုံးတော့အသင်းကို စွန့်ခွာသွားရတဲ့အခြေအနေအထိ ရောက်ရှိသွားခဲ့ကြတယ်။ ဒ့ါအပြင် အလားအလာရှိတဲ့ ဒီဘရူနီ၊ ဆာလတ်တို့လို ကစားသမားမျိုးတွေကိုလည်း ချယ်လ်ဆီးအသင်းအနေနဲ့ ထိန်းထားနိုင်ခြင်း မရှိခဲ့ဘူး။ အခုတော့ ချယ်လ်ဆီးအသင်းဟာ မန်နေဂျာလမ်းပတ်ရဲ့လက်အောက်မှာ လူငယ်ကစားသမားတော်တော်များများနေရာရနေခဲ့ပြီ။ အဲဒီထဲမှာတော့ မက်ဆန်မောင့်က တစ်ဦးအပါအဝင်လို့ ပြောရမယ်။

မက်ဆန်မောင့်ဟာ အင်္ဂလန်နိုင်ငံ ပို့စမောက်မြို့မှာ မွေးဖွားခဲ့တာဖြစ်ပြီး အသက်လေးနှစ်သားအရွယ်ကတည်းက ပို့စမောက်၊ ဆောက်သမ်တန်နဲ့ ချယ်လ်ဆီးအသင်းအကယ်ဒမီမှာ တစ်လှည့်စီလေ့ကျင့်မှုတွေကို ပြုလုပ်ခဲ့တဲ့သူ ဖြစ်ပါတယ်။ သူဟာ ချယ်လ်ဆီးအသင်းရဲ့ လူငယ်အကယ်ဒမီကို ၂၀၀၅ ခုနှစ် အသက်ခြောက်နှစ်အရွယ်မှာတက်ရောက်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ သူဟာချယ်လ်ဆီးအသင်းရဲ့လူငယ်အသင်းတွေတိုင်းမှာပါဝင်ကစားပြီးခြေစွမ်းပြနိုင်ခဲ့ပါတယ်။

၂၀၁၆-၁၇ ရာသီမှာတော့သူဟာ ချယ်လ်ဆီးယူ-၂၁ အသင်းနဲ့အတူ ပွဲပေါင်း ၃၀ ပါဝင်ကစားပြီး ၁၀ ဂိုးသွင်းယူပေးထားနိုင်သူဖြစ်ပါတယ်။ ဒါကြောင့်လည်း ၂၀၁၇ ခုနှစ် ဇူလိုင်လမှာအသင်းက သူ့ကို လေးနှစ်စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ သူဟာ အသင်းနဲ့စာချုပ်ချုပ်ဆိုပြီးမကြာခင်မှာပဲ ဟော်လန်ကလပ် ဗီတီစီအသင်းမှာ တစ်ရာသီအငှားနဲ့ပြောင်းရွှေ့ကစားခဲ့ပါတယ်။ အဲဒီအသင်းမှာတော့ သူဟာပြိုင်ပွဲစုံမှာ ၃၉ ပွဲအထိပါဝင်ကစားခွင့်ရခဲ့ပြီး ၁၂ ဂိုးသွင်းယူနိုင်ခဲ့တယ်။

သူ့အနေနဲ့ ဟော်လန်ကလပ် ဗီတီစီအသင်းမှာ ခြေစွမ်းပြကစားနိုင်ခဲ့ပေမယ့် ချယ်လ်ဆီးအသင်းမှာတော့ ကစားခွင့်မရသေးပါဘူး။ ဒါကြောင့်လည်း ပြီးခဲ့တဲ့ရာသီက သူဟာ လိဂ်ချန်ပီယံရှစ်ကလပ် ဒါဘီအသင်းမှာ တစ်ရာသီအငှားနဲ့ သွားရောက်ကစားခဲ့ ရပါတယ်။ သူဟာ ဒါဘီအသင်း မှာတော့ ပြိုင်ပွဲစုံ ၄၄ ပွဲအထိပါဝင်ကစားခွင့်ရခဲ့ပြီး ၁၁ ဂိုး သွင်းယူနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ရာသီက ဒါဘီအသင်းကို လမ်းပတ်ကိုင်တွယ်ခဲ့တာဖြစ်ပြီး မက်ဆန်မောင့်ဟာ ဒါဘီမှာတော့ လမ်းပတ်အားကိုးရတဲ့ကွင်းလယ်ကစားသမားတစ်ဦး ဖြစ်ခဲ့ပါတယ်။

**ပရီမီယာလိဂ်သုံးပွဲမှာ နှစ်ဂိုးသွင်းယူထားပြီး စောင့်ကြည့်ရမယ့်လူငယ်ကစားသမားအဖြစ် သတ်မှတ်ခြင်းခံနေရပြီလည်း ဖြစ်တယ်။ သူဟာ မန်ယူအသင်းကို ရှုံးခဲ့တဲ့ပွဲမှာတော့ စွမ်းဆောင်ရည်အနည်းငယ်ကျခဲ့ပေမယ့် လက်စတာ၊ နော့ဝှစ်ချ်အသင်းတို့နဲ့ ကစားတဲ့ပွဲမှာတော့ သူ့ရဲ့ကစားအားဟာ အမြင့်ဆုံးရှိခဲ့တယ်။**




ပြီးခဲ့တဲ့ရာသီက ဒါဘီအသင်းမှာ ကစားခဲ့တဲ့သူ့ရဲ့ခြေစွမ်းခြေစတွေကို နှစ်သက်လွန်းတာကြောင့်လည်း ဒီနှစ်ရာသီမှာတော့ လမ်းပတ်ဟာ မက်ဆန်မောင့်ကို အငှားချထားခြင်းမရှိဘဲ အသင်းမှာပဲ ဆက်လက်ကစားစေခဲ့ပါတယ်။ ဒ့ါအပြင် လမ်းပတ်အတွက်ကလည်း ပြီးခဲ့တဲ့အပြောင်းအရွှေ့ဈေးကွက်မှာကစားသမားခေါ်ယူခွင့်ကို ပိတ်ပင်ခံထားရခဲ့ရတယ်။ ဒါကြောင့်လည်း လမ်းပတ်အနေနဲ့ အသင်းရဲ့အရည် အချင်းရှိတဲ့ လူငယ်ပါရမီရှင်ကစားသမားတွေကို ပွဲထုတ်တာဟာအကောင်းဆုံးဖြစ်မယ်လို့ ဆိုရမယ်။

ဒါကြောင့်လည်း ချယ်လ်ဆီးအသင်းဟာ ဇူလိုင်လ ၁၅ ရက်မှာ မက်ဆန်မောင့်ကို ငါးနှစ်စာချုပ်ချုပ်ဆိုပြီး အသင်းမှာ ဆက်လက်ရှိနေစေခဲ့တယ်။ သူဟာ ဒီနှစ်ရာသီမှာတော့ ချယ်လ်ဆီးအသင်းနဲ့အတူ ပရီမီယာလိဂ်သုံးပွဲနဲ့ ဥရောပစူပါဖလား တစ်ပွဲပါဝင်ကစားထားခဲ့တယ်။ လက်ရှိအချိန်မှာ သူဟာ ပရီမီယာလိဂ် သုံးပွဲမှာ နှစ်ဂိုးသွင်းယူထားပြီး စောင့်ကြည့်ရမယ့်လူငယ်ကစားသမားအဖြစ် သတ်မှတ်ခြင်းခံနေရပြီလည်းဖြစ်တယ်။ သူဟာ မန်ယူအသင်းကို ရှုံးခဲ့တဲ့ပွဲမှာတော့ စွမ်းဆောင်ရည်အနည်းငယ်ကျခဲ့ပေမယ့် လက်စတာ၊ နော့ဝှစ်ချ်အသင်းတို့နဲ့ ကစားတဲ့ပွဲမှာတော့ သူ့ရဲ့ကစားအားဟာ အမြင့်ဆုံးရှိခဲ့တယ်။

ဒါကြောင့်လည်း ဒီနှစ်ရာသီမှာတော့ ချယ်လ်ဆီးအသင်းအနေနဲ့ ကစားသမားသစ်ခေါ်ယူခွင့်မရှိခြင်းဟာ မက်ဆန်မောင့်တို့လို ကစားသမားမျိုးတွေအတွက်တော့ ပါဝင်ကစားခွင့်ရဖို့အတွက် အခွင့်အရေးကောင်းတစ်ခုလို့လည်း ဆိုရမှာပါ။ ဒါကြောင့် ချယ်လ်ဆီးအသင်းရဲ့ကာလတာရှည်စွာပျောက်ဆုံးနေခဲ့တဲ့ အသင်းအကယ်ဒမီထွက်ပါရမီရှင်ကစားသမားဟာ ပေါ်ထွက်လာပြီလားဆိုတာကိုတော့ မက်ဆန်မောင့်ရဲ့ခြေစွမ်းနဲ့အတူဆက်လက်စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။ **အောင်က**

## ဘရူနိုဖာနန်ဒက်စ်အား မခေါ်ယူခဲ့ခြင်းသည် မန်ယူအတွက် အမှားဖြစ်ကြောင်း ဆာဟာ ပြောကြား

**ထက်အောင်**




ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် နွေရာသီကစားသမားအပြောင်းအရွှေ့ဈေးကွက်ကာလအတွင်းတွင် ပေါ်တူဂီကလပ် စပို့တင်းလစ္စဘွန်းအသင်း ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်အား ခေါ်ယူနိုင်မှုမရှိခဲ့ခြင်းသည် မန်ယူအသင်းအတွက် အမှားအယွင်းတစ်ခုဖြစ်ခဲ့ကြောင်း မန်ယူအသင်းတိုက်စစ်မှူးဟောင်း လူးဝစ်ဆာဟာက ထုတ်ဖော်ပြောကြားလိုက်သည်။

မန်ယူအသင်းသည် နွေရာသီဈေးကွက်ကာလအတွင်းတွင် ပေါ်တူဂီ ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်အား ခေါ်ယူရန် ဆက်သွယ်မှုများ ပြုလုပ်ခဲ့သော်လည်း အင်္ဂလန်ဘောလုံးလောက၏ နွေရာသီကစားသမားအပြောင်းအရွှေ့ဈေးကွက်ကာလ ပိတ်သိမ်းသည့် ဩဂုတ် ၈ ရက်မတိုင်မီတွင် ခေါ်ယူနိုင်ခဲ့ခြင်းမရှိပေ။ မန်ယူအသင်းအမှုဆောင်အရာရှိ အက်ဝုဒ်ဝက်သည် ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ် (၂၄ နှစ်) အနေဖြင့် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ရလိမ့်မည်ဟု ယူဆခဲ့ခြင်းကြောင့် မန်ယူအသင်းသည် ဘရူနိုဖာနန်ဒက်စ်အား ပြောင်းရွှေ့ကြေး ယူရို ၆၅ သန်းဖြင့် ခေါ်ယူမည့် အစီအစဉ် ပျက်ပြယ်ခဲ့ရခြင်းဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

ပြင်သစ်တိုက်စစ်မှူးဟောင်း ဆာဟာက “ဘရူနိုဖာနန်ဒက်စ်ဟာ နည်းစနစ်ပိုင်း ကျွမ်းကျင်တဲ့ ကစားသမားပါ။ သူဟာ မန်ယူအသင်းအတွက် ထောင့်ပေါင်းစုံကနေ အကျိုးပြုနိုင်တဲ့ ကစားသမားဖြစ်ပါတယ်။ သူဟာ အသင်းကို ဦးဆောင်ပေးနိုင်စွမ်းရှိတဲ့ ကစားသမားတစ်ဦးလည်းဖြစ်တယ်။ လက်ရှိ မန်ယူအသင်းမှာ ဒီလိုကစားသမားမျိုးပျောက်ဆုံးနေတယ်။ ပရီမီယာလိဂ်ပြိုင်ပွဲမှာ ဘရူနိုဖာနန်ဒက်စ်အနေနဲ့ ခြေစွမ်းပြနိုင်မပြနိုင်ဆိုတာကိုတော့ အချိန်ကသာ အဖြေပေးပါလိမ့်မယ်။ ဒါပေမယ့် သူ့ရဲ့စွမ်းဆောင်နိုင်ခဲ့မှုတွေအရဆိုရင်တော့ မန်ယူအသင်းအနေနဲ့ ဘရူနိုဖာနန်ဒက်စ်ကို မခေါ်ယူခဲ့တာ၊ ကွင်းလယ်ဖန်တီးရှင်ကစားသမားတစ်ဦးကို မခေါ်ယူခဲ့တာက မန်ယူအသင်းအတွက် အမှားတစ်ခုလို့ ပြောရမှာဖြစ်ပါတယ်”ဟု ပြောဆိုခဲ့သည်။

တိုက်စစ်မှူးဟောင်း ဆာဟာသည် ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ မန်ယူအသင်းတွင်ပါဝင်ကစားခဲ့သူဖြစ်ကာ မန်ယူအသင်းအတွက် စုစုပေါင်း ၁၂၄ ပွဲ ပါဝင်ကစားခဲ့ပြီး ၄၂ ဂိုး သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

မန်ယူအသင်းသည် ယခုနှစ် ပရီမီယာလိဂ်ပွဲ သုံးပွဲ ကစားပြီးချိန်တွင် နိုင်ပွဲတစ်ပွဲ၊ သရေပွဲတစ်ပွဲသာ ရရှိထားကာ တစ်ပွဲအရေးနိမ့်ထားရသည်။ ။

**ဖာနန်ဒက်စ်ဟာ နည်းစနစ်ပိုင်းကျွမ်းကျင်တဲ့ ကစားသမားပါ။ သူဟာ မန်ယူအသင်းအတွက် ထောင့်ပေါင်းစုံကနေ အကျိုးပြုနိုင်တဲ့ ကစားသမားဖြစ်ပါတယ်။ သူဟာ အသင်းကို ဦးဆောင်ပေးနိုင်စွမ်းရှိတဲ့ ကစားသမားတစ်ဦးလည်းဖြစ်တယ်။ လက်ရှိမန်ယူအသင်းမှာ ဒီလိုကစားသမားမျိုးပျောက်ဆုံးနေတယ်။ ပရီမီယာလိဂ်ပြိုင်ပွဲမှာ ဘရူနိုဖာနန်ဒက်စ် အနေနဲ့ခြေစွမ်းပြနိုင်မပြနိုင်ဆိုတာကိုတော့ အချိန်ကသာ အဖြေပေးပါလိမ့်မယ်။**

## 2019-20 EPL WEEK-4

# အရင်ကထက်ပိုမိုအကြိတ်အနယ်ရှိမယ့်လန်ဒန်ဒါဘီ

ဝေမိုးဆက်

ပရီမီယာလိဂ်ပွဲစဉ် ၄ ကို ဩဂုတ်လကုန်ပိုင်းမှာကျင်းပသွားမှာ ဖြစ်ပါတယ်။ ပွဲစဉ် ၃ မှာတုန်းက မန်ယူ၊ အာဆင်နယ်၊ စပါးတို့လို အသင်းကြီးတွေရလဒ်မကောင်းခဲ့ဘဲ ရှုံးပွဲတွေ ကြုံခဲ့ရပါတယ်။ ဒါကြောင့် ဒီပွဲစဉ် ၄ မှာ အဆိုပါအသင်းကြီးတွေ နိုင်ပွဲပြန်ရနိုင်မလား စောင့်ကြည့်ရမယ်။ အထူးသဖြင့် ဒီပွဲစဉ်မှာ အာဆင်နယ်နဲ့စပါး ထိပ်တိုက်တွေ့ဆုံနေလို့ ပိုမိုစိတ်ဝင်စားဖို့ကောင်းနေပါတယ်။

### St. Mary's Stadium

**ဆောက်သမ်တန် - မန်ယူ**

မန်ယူက ဝုဖ်နဲ့သရေကျခဲ့တဲ့အပြင် ပွဲစဉ် ၄ မှာလည်း ပဲလေ့စ်ကိုအရေးနိမ့်ခဲ့ရလို့ ဒီပွဲစဉ်မှာ ခြေကုန်ထုတ်လာမှာဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာလည်း ဆောက်သမ်တန်ရဲ့ ခြေစွမ်းက ကောင်းမွန်နေပါတယ်။ လီဗာပူးကို အကောင်းဆုံးခံကစားနိုင်ခဲ့သလို ဘရိုက်တန်ကိုလည်း အဝေးကွင်းမှာ အနိုင်ကစားနိုင်ခဲ့ပါတယ်။ ဆောက်သမ်တန်ရဲ့ခံကစားအားကြောင့် မန်ယူတို့အနိုင်ရခဲ့ရင်တောင် ဂိုးပြတ်ဖို့ခက်ပါတယ်။

### Selhurst Park

**ပဲလေ့စ် - ဗီလာ**

မန်ယူကို အနိုင်ကစားနိုင်ခဲ့တာကြောင့် ပဲလေ့စ်တို့ စိတ်ဓာတ်ပိုင်းကောင်းမွန်လာနိုင်ပါတယ်။ အိမ်ကွင်းလည်း ဖြစ်နေတာကြောင့် နိုင်ပွဲဆက်နိုင်ဖို့ အားစိုက်လာမှာ သေချာနေတယ်။ ဗီလာကလည်း နောက်ဆုံးပွဲမှာ အဲဗာတန်ကို အနိုင်ကစားနိုင်ခဲ့တာမှန်ပေမယ့် သူတို့ရဲ့အဝေးကွင်းခြေစွမ်းကတော့ တည်ငြိမ်ဖို့ခက်တယ်။ အထူးသဖြင့် ဗီလာခံစစ်ပိုင်းက အဝေးကွင်းပွဲတွေမှာ စိတ်ချရမှုမရှိဘူး။ ပဲလေ့စ်တို့အိမ်ကွင်းမှာ နိုင်ပွဲရမယ်။

### Stamford Bridge

**ချယ်လ်ဆီး - ရှက်ဖီးလ်ယူ**

နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ ချယ်လ်ဆီးတို့ နိုင်ပွဲရယူနိုင်ခဲ့တယ်ဆိုပေမယ့်လည်း နော့ဝှစ်ချ်ကို ခက်ခက်ခဲခဲရင်ဆိုင်ခဲ့ရပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းကပွဲတိုင်းဂိုးတွေပေးနေရလို့ ဒီပွဲမှာလည်း တန်ပြန်တိုက်စစ်နဲ့ရင်ဆိုင်လာမယ့် ရှက်ဖီးလ်ယူကို ဂိုးမပေးရအောင် ထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ ချယ်လ်ဆီးတို့ အိမ်ကွင်းမှာနိုင်ပွဲရဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ဂိုးပြတ်နိုင်ပွဲရဖို့တော့ ခက်ပါသေးတယ်။

### King Power Stadium

**လက်စတာ - ဘုန်းမောက်**

လက်စတာ ခြေစွမ်းပိုင်းမဆိုးဘူးလို့ ဆိုနိုင်ပါတယ်။ မက်ဂွိုင်းယားမရှိတော့တဲ့ခံစစ်က ပွဲတိုင်းနီးပါး ဂိုးတွေပေးနေရပေမယ့် တိုက်စစ်ပိုင်းကစားပုံကတော့ တစ်ပွဲထက်တစ်ပွဲ ပိုမိုပြီးကောင်းမွန်လာတာ တွေ့ရတယ်။ ဒါပေမယ့် ဘုန်းမောက်ကလည်း ခြေစွမ်းပိုင်းမဆိုးပါဘူး။ မန်စီးတီးကို ဂိုးပြတ်အရေးနိမ့်ခဲ့ရတယ်ဆိုပေမယ့် အဆိုပါပွဲရှုံးနိမ့်ခဲ့မှုကြောင့် ဘုန်းမောက်တို့ အားစိုက်ကစားလာမှာဖြစ်တယ်။ လက်စတာ သရေလောက်ပဲရမယ်။

### Etihad Stadium

**မန်စီးတီး - ဘရိုက်တန်**

မန်စီးတီးက ဘုန်းမောက်ကို ခက်ခက်ခဲခဲရင်ဆိုင်ခဲ့ရပေမယ့် တိုက်စစ်ပိုင်းစွမ်းဆောင်ရည်ထက်မြက်မှုကို ပြသနိုင်ခဲ့ကာ ဂိုးပြတ်အနိုင်ရခဲ့ပါတယ်။ ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်နေလို့ မန်စီးတီးတို့ နိုင်ပွဲဆက်နိုင်ဖို့ တိုက်စစ်ကိုသာ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အထူးသဖြင့် ဘရိုက်တန်ခြေက အားနည်းမှုတွေရှိတယ်။ ဒီပွဲမှာလည်းမန်စီးတီးပဲ ဂိုးပြတ်အနိုင်ရမယ်။

### St. James' Park

**ကာဆယ် - ဝက်ဖို့ဒ်**

ကာဆယ်က ခြေစွမ်းပိုင်းမဆိုးဘူးလို့ ဆိုနိုင်ပါတယ်။ သုံးပွဲကစားပြီးချိန်မှာ နော့ဝှစ်ချ်ကိုသာ ဂိုးပြတ်အရေးနိမ့်ခဲ့ပြီး ကျန်ပွဲတွေမှာတော့ အာဆင်နယ်ကို အကောင်းဆုံးခံကစားနိုင်ခဲ့သလို နောက်ဆုံးပွဲစဉ်မှာလည်း စပါးကိုတောင် အဝေးကွင်းမှာ အနိုင်ကစားနိုင်ခဲ့တာ တွေ့ရပါတယ်။ ဝက်ဖို့ဒ်ကတော့ ကစားပြီးသမျှပွဲတိုင်းအရေးနိမ့်ခဲ့ရတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာကာဆယ်တို့ နိုင်ပွဲဆက်နိုင်ပါတယ်။

### London Stadium

**ဝက်စ်ဟမ်း - နော့ဝှစ်ချ်**

နော့ဝှစ်ချ်က နောက်ဆုံးပွဲမှာခြေစွမ်းပိုင်း ကောင်းမွန်ခဲ့ပြီး ချယ်လ်ဆီးကိုအကောင်းဆုံးတုံ့ပြန်နိုင်ခဲ့ကာ ၂-၃ ဂိုးနဲ့သာကပ်ပြီးအရေးနိမ့်ခဲ့ရတာ ဖြစ်ပါတယ်။ တိုက်စစ်ပိုင်းစွမ်းဆောင်ရည်ထက်မြက်တယ်။ ဒါပေမယ့် ဝက်စ်ဟမ်းရဲ့ခြေစွမ်းကလည်း ကောင်းမွန်မှုရှိပြီး တိုက်စစ်ပိုင်းစွမ်းဆောင်ရည်လည်းမဆိုးဘူး။ သွင်းဂိုးများနိုင်ပြီး ဝက်စ်ဟမ်းကပ်နိုင်မယ်။

### Emirates Stadium

**အာဆင်နယ် - စပါး**

ပွဲစဉ် ၃ မှာ အာဆင်နယ်က လီဗာပူးကို အရေးနိမ့်ခဲ့ပြီး စပါးက ကာဆယ်ကိုရှုံးနိမ့်ခဲ့ရတာကြောင့် ဒီပွဲမှာနှစ်သင်းစလုံး နိုင်ပွဲပြန်ရှာဖို့အားစိုက်လာမှာဖြစ်တဲ့အတွက် ဒီလန်ဒန်ဒါဘီက ပိုမိုအကြိတ်အနယ်ရှိနိုင်ပါတယ်။ လက်ရှိအချိန်မှာနှစ်သင်းစလုံးရဲ့ခြေစွမ်းပိုင်းမတည်ငြိမ်ပေမယ့် အာဆင်နယ်မှာ အိမ်ကွင်းအားသာချက်ရှိတယ်။ အာဆင်နယ်နိုင်ပွဲကပ်ရမယ်။

### Turf Moor

**ဘန်လေ - လီဗာပူး**

ဘန်လေက အိမ်ကွင်းဖြစ်တာကြောင့် ရလဒ်ကောင်းဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါ့အပြင် ဘန်လေက နှစ်ပွဲဆက်အရေးနိမ့်ခဲ့တာကြောင့် နိုင်ပွဲပြန်ရဖို့ ပိုမိုအားစိုက်လာမှာ သေချာနေပါတယ်။ ဒါပေမယ့် လီဗာပူးကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရကောင်းမွန်နေပါတယ်။ တိုက်စစ်ပိုင်းလည်း ထက်မြက်နေတာကြောင့် ဒီပွဲမှာလည်း လီဗာပူးပဲ အနိုင်ရမယ်။

### Goodison Park

**အဲဗာတန် - ဝုဖ်**

နောက်ဆုံးပွဲစဉ်မှာ အဲဗာတန်ဟာ ဗီလာကို နှစ်ဂိုးပြတ်နဲ့အရေးနိမ့်ခဲ့ရပါတယ်။ အထူးသဖြင့် အဲဗာတန်အနေနဲ့ ဒီရာသီမှာတိုက်စစ်ပိုင်းစွမ်းဆောင်ရည် ကျဆင်းနေပြီး သုံးပွဲကစားပြီးချိန်မှာ တစ်ဂိုးသာ သွင်းယူထားနိုင်ပါတယ်။ ဒါပေမယ့် ဒီပွဲကအိမ်ကွင်းဖြစ်တယ်။ အထူးသဖြင့် ဝုဖ်က ယူရိုပါလိဂ်ခြေစစ်ပွဲကြောင့် ခြေစွမ်းမတည်ငြိမ်တာတွေ့ရတယ်။ သွင်းဂိုးအနည်းနဲ့ အဲဗာတန်နိုင်ပွဲရမယ်။

## တိုက်စစ်မှူး ဒီယေဂိုကော်စတာအား ခေါ်ယူရန် နာပိုလီအသင်း ပစ်မှတ်ထားနေ




တိုက်စစ်မှူးသစ်တစ်ဦးခေါ်ယူရန် ရှာဖွေနေသည့် စီးရီးအေကလပ် နာပိုလီအသင်းသည် အက်သလက်တီကို အသင်းတိုက်စစ်မှူး ဒီယေဂိုကော်စတာအား ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။ နာပိုလီအသင်းသည် အင်တာမီလန်တိုက်စစ်မှူး အိုင်ကာဒီနှင့် လက်ရှိအချိန်တွင် ကလပ်လက်မဲ့ ဖြစ်နေသူ စပိန်တိုက်စစ်မှူး ဖာနန်ဒို လောရန်တီတို့ကို ခေါ်ယူရန်လည်း စိတ်ဝင်စားနေသည့်အသင်းဖြစ်ကြောင်း သတင်းများ ထွက်ပေါ်နေသည်။

အီတလီဘောလုံးလောက၏ နွေရာသီကစားသမားအပြောင်းအရွှေ့ဈေးကွက်ကာလသည် စက်တင်ဘာ ၂ ရက်တွင် ပိတ်သိမ်းမည်ဖြစ်သည်။

ယခုနွေရာသီကစားသမား အပြောင်းအရွှေ့ဈေးကွက်စတင်ဖွင့်လှစ်ချိန်က တိုက်စစ်မှူး ဒီယေဂိုကော်စတာသည် အက်သလက်တီကိုအသင်းတွင် အပိုအလျှံ ကစားသမားတစ်ဦးဖြစ်နေသည်ဟု သတင်းများ ထွက်ပေါ်နေခဲ့သော်လည်း အက်သလက်တီကိုအသင်းအနေဖြင့် လက်ရှိအချိန်အထိ ချယ်လ်ဆီးတိုက်စစ်မှူးဟောင်း ဒီယေဂိုကော်စတာအား ရောင်းချခြင်း မရှိသေးပေ။

အသက် ၃၀ နှစ်အရွယ်ရှိ ဘရာဇီးနိုင်ငံဖွား စပိန်တိုက်စစ်မှူး ဒီယေဂို ကော်စတာသည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် စပိန်လာလီဂါပွဲ ၁၆ ပွဲအပါအဝင် စုစုပေါင်း ၂၁ ပွဲသာ ပါဝင်ကစားခွင့်ရရှိခဲ့သကဲ့သို့ သွင်းဂိုး ငါးဂိုးသာ ရယူနိုင်ခဲ့သူဖြစ်သည်။

တိုက်စစ်မှူး ဒီယေဂိုကော်စတာသည် ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ချယ်လ်ဆီးအသင်းတွင် ပါဝင်ကစားခဲ့စဉ်အတွင်း ချယ်လ်ဆီးအသင်းနှင့်အတူ ပရီမီယာလိဂ်ချန်ပီယံဆုဖလား နှစ်ကြိမ်၊ ကားလင်းဖလားတစ်ကြိမ် ရယူနိုင်ခဲ့သူဖြစ်သည်။

နာပိုလီအသင်းမှ ခေါ်ယူရန် စိတ်ဝင်စားနေသည့် တိုက်စစ်မှူးတစ်ဦးဖြစ်သူ ဖာနန်ဒိုလော်ရန်တီ (၃၄ နှစ်) သည် ပြီးခဲ့သည့် ၂၀၁၈-၁၉ ခုနှစ် ဘောလုံးရာသီအကုန်တွင် စပါးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် အသင်းသစ်ရှာဖွေနိုင်ခြင်း မရှိသေးသူဖြစ်၍ နာပိုလီအသင်းအနေဖြင့် လော်ရန်တီအား ခေါ်ယူမည်ဆိုပါက ပြောင်းရွှေ့ကြေးအလွတ်ဖြင့် ခေါ် ယူနိုင်မည်ဖြစ်သည်။

နာပိုလီအသင်းသည် ယခုနွေရာသီအတွင်းတွင် အိုင့်ဟိုဗင်အသင်းမှ တိုက်စစ်ကစားသမား ဟိုင်ဗင်းလိုဇာနို (၂၄) နှစ်အား ခေါ်ယူထားသည့်အသင်းဖြစ်သည်။

**ထက်အောင်**

## ပရီမီယာလိဂ်ပွဲစဉ် (၄)

| | | | |
|---|---|---|---|
| **စနေနေ့** | | | **၃၁-၈-၁၉** |
| ဆောက်သမ်တန် | - | မန်ယူ | ည ၆း၀၀ |
| ချယ်လ်ဆီး | - | ရှက်ဖီးလ်ယူ | ည ၈း၃၀ |
| ပဲလေ့စ် | - | ဗီလာ | ည ၈း၃၀ |
| လက်စတာ | - | ဘုန်းမောက် | ည ၈း၃၀ |
| မန်စီးတီး | - | ဘရိုက်တန် | ည ၈း၃၀ |
| ကာဆယ် | - | ဝက်ဖို့ဒ် | ည ၈း၃၀ |
| ဝက်စ်ဟမ်း | - | နော့ဝှစ်ချ် | ည ၈း၃၀ |
| ဘန်လေ | - | လီဗာပူး | ည ၁၁း၀၀ |
| **တနင်္ဂနွေနေ့** | | | **၁-၉-၁၉** |
| အဲဗာတန် | - | ဝုဖ် | ည ၇း၃၀ |
| အာဆင်နယ် | - | စပါး | ည ၁၀း၀၀ |

## လာလီဂါပွဲစဉ် (၃)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၃၀-၈-၁၉** |
| ဆီဗီလာ | - | ဆယ်တာဗီဂို | နံနက် ၀၀း၃၀ |
| ဘီဘာအို | - | ဆိုစီဒက်စ် | နံနက် ၂း၃၀ |
| **စနေနေ့** | | | **၃၁-၈-၁၉** |
| အိုဆာစူနာ | - | ဘာစီလိုနာ | ည ၉း၃၀ |
| ဂီတာဖေး | - | အလာဗက် | ည ၁၁း၃၀ |
| လီဗန်တေး | - | ဗယ်လာဒိုးလစ် | ည ၁၁း၃၀ |
| ဘက်တစ် | - | လီဂါနက်စ် | နံနက် ၁း၃၀ |
| **တနင်္ဂနွေနေ့** | | | **၁-၉-၁၉** |
| ဗလင်စီယာ | - | မာယော့ကာ | ည ၉း၃၀ |
| အက်သလက် | - | အီဘာ | ည ၁၁း၃၀ |
| အက်စ်ပန်ညို | - | ဂရန်နာဒါ | ည ၁၁း၃၀ |
| ဗီလာရီးရဲ | - | ရီးရဲ | နံနက် ၁း၃၀ |

## ပြင်သစ်ပထမတန်းပွဲစဉ်(၄)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၃၀-၈-၁၉** |
| မက်ဇ် | - | ပီအက်စ်ဂျီ | နံနက် ၁း၁၅ |
| **စနေနေ့** | | | **၃၁-၈-၁၉** |
| လိုင်ယွန် | - | ဘော်ဒိုး | ည ၁၀း၀၀ |
| အန်ဂျာ | - | ဒီဂျွန် | နံနက် ၀၀း၃၀ |
| တူးလောက်စ် | - | အာမီယံ | နံနက် ၀၀း၃၀ |
| နန့်စ် | - | မောင့်ပယ်လီယာ | နံနက် ၀၀း၃၀ |
| နီမက် | - | ဘီရက် | နံနက် ၀၀း၃၀ |
| **တနင်္ဂနွေနေ့** | | | **၁-၉-၁၉** |
| ရိမ်းစ် | - | လိုင်လီ | ည ၇း၃၀ |
| ရိန်းနက်စ် | - | နိုက်စ် | ည ၇း၃၀ |
| စထရက်ဘော့ချ် | - | မိုနာကို | ည ၉း၃၀ |
| မာဆေး | - | စိန့်အက်တီယန် | နံနက် ၁း၃၀ |

## စီးရီးအေပွဲစဉ် (၂)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၃၀-၈-၁၉** |
| ဘိုလော့ဂ်နာ | - | SPAL | နံနက် ၁း၁၅ |
| **စနေနေ့** | | | **၃၁-၈-၁၉** |
| မီလန် | - | ဘရက်ရှား | ည ၁၀း၃၀ |
| ဂျူဗင်တပ်စ် | - | နာပိုလီ | နံနက် ၁း၁၅ |
| **တနင်္ဂနွေနေ့** | | | **၁-၉-၁၉** |
| လာဇီယို | - | ရိုးမား | ည ၁၀း၃၀ |
| အတ္တလန္တာ | - | တိုရီနို | နံနက် ၁း၁၅ |
| ကယ်ဂလီယာရီ | - | အင်တာ | နံနက် ၁း၁၅ |
| ဂျီနိုအာ | - | ဖီအိုရင်တီးနား | နံနက် ၁း၁၅ |
| လေချီ | - | ဗီရိုနာ | နံနက် ၁း၁၅ |
| ဆက်ဆူအိုလို | - | ဆမ်ဒိုးရီးယား | နံနက် ၁း၁၅ |
| အူဒီးနိစ် | - | ပါးမား | နံနက် ၁း၁၅ |

# တနင်္သာရီမြစ်ရေ စိုးရိမ်ရေအမှတ်အထက် ဒုတိယအကြိမ်ကျော်လွန်ရောက်ရှိနေသဖြင့် ယာယီကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်

**တနင်္သာရီ ဩဂုတ် ၂၉**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း ဩဂုတ် ၂၃ ရက်မှစ၍ မိုးများအဆက်မပြတ် ရွာသွန်းခဲ့ရာမှ ဩဂုတ် ၂၇ ရက် နံနက်က တနင်္သာရီမြစ်ရေသည် စိုးရိမ်ရေအမှတ် ၁၇ ပေသို့ ပြန်လည်ရောက်ရှိခဲ့ပြီး ဒုတိယအကြိမ် မြစ်ရေကြီးလျက်ရှိသည်။

ဩဂုတ် ၂၈ ရက် ညနေပိုင်း မြစ်ရေတိုင်းတာချက်အရ တနင်္သာရီမြစ်ရေသည် စိုးရိမ်ရေအမှတ် ၁၇ ပေ အထက် (၂ပေနှင့် ၃ လက်မ) ကျော်လွန်ကာ ၁၉ ပေနှင့် ၃ လက်မ အထိ ရောက်ရှိနေပြီဖြစ်သဖြင့် အနိမ့်ပိုင်း ရပ်ကွက်/ကျေးရွာများရှိ အချို့နေရာများမှာ မြစ်ရေဝင်ရောက်နေပြီဖြစ်ရာ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ ယာယီရေဘေးကယ်ဆယ်ရေးစခန်း လေးခု ဖွင့်လှစ်ပေးထားကြောင်းနှင့် တနင်္သာရီမြစ်၏ စိုးရိမ်ရေအမှတ်မှာ ၁၇ ပေဖြစ်ပြီး အန္တရာယ်ရေအမှတ်သည် ၂၄ ပေ ဖြစ်ကြောင်း ယင်းကော်မတီထံမှ သိရသည်။



တနင်္သာရီမြို့အနိမ့်ပိုင်းရပ်ကွက်များ၌ မြစ်ရေဝင်ရောက်မှုကို တွေ့ရစဉ်။

ဩဂုတ် ၂၈ ရက် ညနေပိုင်းအထိ ရေဘေးသင့် ယာယီကယ်ဆယ်ရေးစခန်းများဖြစ်သည့် ချောင်းကြီးရပ်ကွက် တနင်္သာရီခန်းမ၌ အိမ်ထောင်စု ၁၅ စုမှ အမျိုးသား ၃၉ ဦး၊ အမျိုးသမီး ၃၅ ဦး၊ ချောင်းကြီးဘုန်းတော်ကြီးကျောင်း၌ အိမ်ထောင်စု ၉ စုမှ အမျိုးသား ၂၉ ဦးနှင့် အမျိုးသမီး ၂၃ ဦး၊ ချောင်းငယ်ရပ်ကွက်-ဘိုးဘွားရိပ်သာကျောင်း၌ အိမ်ထောင်စု ၂၀ စုမှ အမျိုးသား ၄၇ ဦးနှင့် အမျိုးသမီး၅၂ ဦးနှင့် ဆင်ခြေဖုန်းကျေးရွာအုပ်စု ဘန်းသဲကျေးရွာ ဘုန်းကြီးကျောင်း၌ အိမ်ထောင်စု ၁၀ စုမှ အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၂၈ ဦးတို့သည် ယာယီကယ်ဆယ်ရေးစခန်း အသီးသီးသို့ ပြောင်းရွှေ့နေထိုင်နေကြကြောင်း သိရသည်။

သို့ဖြစ်၍ အလှူခံရရှိရေး၊ ခွဲဝေသုံးစွဲရေးနှင့် ပြန်ကြားရေးကော်မတီ ရေဘေးအန္တရာယ်ယာယီကွပ်ကဲရေးရုံးကိုလည်း ပထမအကြိမ် မြစ်ရေကြီးစဉ် ဩဂုတ် ၈ ရက်မှစ၍ ယခုဒုတိယအကြိမ် မြစ်ရေပြန်လည်ကျဆင်းပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးသည်အထိ ဆက်လက်ဖွင့်လှစ်ထားရှိမည် ဖြစ်ကြောင်းနှင့် ရေဘေးသင့်ပြည်သူများအတွက် ငွေသား၊ ဆန်နှင့် စားနပ်ရိက္ခာများကို နယ်ပယ်ဒေသအသီးသီးမှ အလှူရှင်များ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း မြို့နယ်သဘာဝဘေးစီမံခန့်ခွဲရေးကော်မတီထံမှ သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# မော်လမြိုင်ကျွန်းမြို့နယ် အမြင့်တင်ရေစင်နှင့် ရေစက်ရုံတည်ဆောက်ပြီးစီး

**မော်လမြိုင်ကျွန်း ဩဂုတ် ၂၉**

နွေရာသီတွင် ရေရှားပါးမှုကြောင့် သန့်ရှင်းသောသောက်သုံးရေနှစ်စဉ်အခက်အခဲရှိနေသော မော်လမြိုင်ကျွန်းမြို့နယ် ဇရမ်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာတွင် သန့်ရှင်းသောသောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်စေရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀၊ ဒေသခံပြည်သူထည့်ဝင်ငွေကျပ် သုံးသိန်းတို့ဖြင့် အမြင့်တင်ရေစင်နှင့်ရေစက်ရုံကို မေ ၂၅ ရက်က စတင်အကောင်အထည်ဖော် ဆောက်လုပ်ခဲ့ရာ ဩဂုတ် ၂၅ ရက်တွင် တည်ဆောက်ပြီးစီးသွားပြီ ဖြစ်သည်။

ယင်းအမြင့်တင်ရေစင်နှင့် ရေစက်ရုံတည်ဆောက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်ဦးစီးမှူး ဦးအောင်သက်ဦးနှင့် ဝန်ထမ်းများက သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး သာယာကုန်းကျေးရွာ ရေကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးကာ အိမ်တိုင်ရာရောက် ရေပေးဝေရေးစနစ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ကြမည် ဖြစ်သည်။

**မော်ကျွန်း-မြင့်အောင်**

# မြောင်းမြမြို့နယ်ရှိ မြို့ဟောင်းချောင်း တံတားတည်ဆောက်မှု ၉၀ ရာခိုင်နှုန်းကျော်ပြီးစီး

**မြောင်းမြ ဩဂုတ် ၂၉**

မြောင်းမြမြို့နယ် မြို့ဟောင်းချောင်းကိုဖြတ်၍ ကျေးလက်ဒေသများနှင့် ဆက်သွယ်နိုင်သော မြို့ဟောင်းချောင်း ကွန်ကရစ်တံတားကို ကျေးလက်လမ်းဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိရာ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်လမ်းဦးစီးဌာနမှ သိရသည်။

မြို့ဟောင်းချောင်းကူး မူလသစ်သားတံတားမှာ ၁၉၉၄ ခုနှစ်က တည်ဆောက်ခဲ့ပြီး ယခုအခါ တံတားခံနိုင်မှု အားနည်းလာသောကြောင့် တံတားသစ်ကို တိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် ရွှေဆုရှင် ကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိရာ ၂၀၁၉ ခုနှစ် စက်တင်ဘာလကုန်အပြီး လုပ်ငန်းအပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။



အသစ်တည်ဆောက်လျက်ရှိသော မြို့ဟောင်းချောင်း ကွန်ကရစ်တံတားတည်ဆောက်မှု လုပ်ငန်းခွင်ကို တွေ့ရစဉ်။

"ဒီတံတားက သံကူကွန်ကရစ်တံတား အမျိုးအစားပါ၊ ကျွန်တော်တို့ အခု တံတားလက်ရမ်းတွေ တပ်ဆင်နေပါတယ်၊ ချဉ်းကပ်လမ်းမှာ စီမံကိန်းထဲမပါပေမယ့် ပိုမိုခိုင်ခံ့အောင် တစ်ဖက် ပေ ၁၀၀စီ မြေထိန်းနံရံကို ထည့်သွင်းဆောင်ရွက်ပေးနေပါတယ်။ အခုလက်ရှိ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးပါပြီ။ လာမယ့် စက်တင်ဘာလဝက်လောက်မှာ ၁၀၀ ရာခိုင်နှုန်းအပြီးအစီး လုပ်ငန်းအပ်နှံဖို့နဲ့ အရည်အသွေး စံချိန်စံညွှန်းအညီ ဆောင်ရွက်နေပါတယ်" ဟု တံတားတည်ဆောက်ရေးအဖွဲ့မှ စီမံကိန်းမန်နေဂျာ ဦးတိုးဝေထွန်းက ပြောသည်။

မြို့ဟောင်းချောင်း ကွန်ကရစ်တံတားမှာ အရှည် ၁၈၅ ပေ၊ အကျယ် ၁၆ ပေ၊ ရေလမ်းကင်းလွတ်နယ်မြေ ၇ ပေနှင့် တံတားတည်ဆောက်ပြီးစီးသွားပါက ခွင့်ပြု တန်ချိန် တန် ၆၀ အထိ သွားလာနိုင်မည်ဖြစ်ကြောင်း၊ တဲ့တဲ့ကူး၊ ငှက်ပျောတော၊ လပွတ်ကုလား၊ ကဝက်၊ ဒေါင့်ကြီး၊ သရက်ကုန်း၊ ပြင်ရွာ၊ ဒရယ်ပေါက်၊ ဒိုးပတ်၊ ကျောင်းစု စသည့် ကျေးရွာအုပ်စုပေါင်း ၃၀ ကျော် အတွက် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

## ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုမှ လျော့နည်းသက်သာစေရေးအတွက် ဒေသအလိုက်အုပ်ချုပ်မှုဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများပူးပေါင်း၍ ဆောင်ရွက်သင့်သည့် နည်းလမ်းများ (အကြံပြုချက်များ)

(၁) ဒေသတွင်း ရေကြီး၊ ရေလျှံမှုဖြစ်ရခြင်း၏အကြောင်းရင်းကို လေ့လာရှာဖွေခြင်း၊ သုံးသပ်ခြင်း၊ ဖြေရှင်းနိုင်မည့်နည်းလမ်းများ ဖော်ထုတ်ခြင်း၊

(၂) လူနေရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များတွင် ရေနုတ်မြောင်းများကို ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊

(၃) မြစ်ကြောင်းများအတွင်း ရေစီးဆင်းမှုကို အဟန့်အတား ဖြစ်စေသော သဲသောင်ခုံများ တူးဖော်ခြင်း၊

(၄) မြစ်ကမ်းဘေးတစ်လျှောက် ရေထိန်းနံရံများပြုလုပ်ခြင်း၊

(၅) တာတမံများပြုပြင် ထိန်းသိမ်းခြင်း၊ မွမ်းမံခြင်း၊

(၆) မြစ်ကမ်းပါးများတွင် မြေလွှာထိန်းသစ်ပင်များစိုက်ပျိုးခြင်း၊

(၇) မြေဆီလွှာတိုက်စားမှုကို ကာကွယ်နိုင်သည့် သစ်ပင်များ၊ သီးနှံပင်များ စိုက်ပျိုးခြင်း၊

(၈) ဆည်၊ တာတမံများ ပြင်ဆင်ခြင်းနှင့် အားဖြည့်ခြင်းအတွက် လိုအပ်သော အရေးပေါ်ပစ္စည်း ကိရိယာများ(သဲအိတ်၊ ရေစုပ်စက်၊ ပေါက်တူး၊ပေါက်ပြား၊ ဝါး အစရှိသည်များ) ကြိုတင် သိုလှောင်စုပုံခြင်း၊

(၉) မိုးသည်းထန်စွာအဆက်မပြတ် ရွာသွန်းမှုကြောင့် ဆည်၊ တာတမံကြီးများ ရေလက်ခံနိုင်စွမ်းမရှိပါက ရေလွှတ်ထုတ်ရသည့်အခါ လူနေအိမ်ခြေများ ရေလွှမ်းမိုးနိုင်မှုအတွက် ကြိုတင်သတိပေးစနစ်များ တပ်ဆင်ထားခြင်းနှင့် အချက်ပြစနစ်များ ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိခြင်း၊

(၁၀) ဆည်၊ တာတမံများ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်လာပါက ဆည်အောက်ဘက်နေ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများ ပြားနိုင်ကြောင်း ပိုမိုသတိပြု၍ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၁၁) နှစ်စဉ်ရေကြီးရေလျှံမှု ဖြစ်ပေါ်လေ့ရှိသည့် နေရာများမှ ပြည်သူလူထုကို ဘေးလွတ်ကင်းရာနေရာများတွင် ပြောင်းရွှေ့နေရာ ချထားပေးနိုင်ရန် ကြိုတင်စီမံ ဆောင်ရွက်ခြင်း၊

(၁၂) ရေဘေးဖြစ်ပွားနိုင်သည့်ဒေသတွင် အရေးပေါ် လမ်းပန်းဆက်သွယ်ရေး၊ လမ်းကြောင်းများ ကြိုတင်ရွေးချယ်သတ်မှတ်ထားခြင်း၊

(၁၃) ရေဘေးကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်း၊ ရေဘေးရှာဖွေကယ်ဆယ်ရေး ပစ္စည်းကိရိယာများ လုံလောက်စွာ စုစည်းထားရှိခြင်း၊

(၁၄) ဒေသရှိ စက်တပ်ရေယာဉ်များ၊ လူလှော်လှေများအား ကြိုတင်စုစည်းထားခြင်း၊ ထိုရေယာဉ်များအား နယ်မြေခွဲ၍ တာဝန်ပေးထားခြင်း၊

(၁၅) မြစ်၊ ချောင်းများတစ်လျှောက် နေထိုင်သူများ၊ ရေဘေးအန္တရာယ်ရှိ ဒေသနေပြည်သူများအနေဖြင့် အိမ်တိုင်းတွင် လှေငယ်များ၊ ဖောင်များ၊ အသက်ကယ်ဗောကွင်းများ အဆင်သင့်ရှိစေခြင်း၊ ဖြစ်နိုင်ပါက အန္တရာယ်ကျရောက်နိုင်ဆုံးသော မိသားစုများအတွက် Life Jacket များ ဝေငှထားခြင်း၊

(၁၆) ရပ်ကွက်၊ ကျေးရွာများ၊ စာသင်ကျောင်းများတွင် ရေဘေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခြင်း၊

(၁၇) မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် ကြိုတင်သတိပေးမည့် အစီအစဉ်များ ဆောင်ရွက်ထားခြင်း၊

(၁၈) အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ပြည်သူများ သိရှိစေရေး ဆောင်ရွက်ထားခြင်း၊

(၁၉) ရေဘေးအန္တရာယ်တုံ့ပြန်ရေးစီမံချက်များ ရေးဆွဲထားရှိခြင်း၊

(၂၀) ဆည်၊ တာတမံများအနီးရှိ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာများအတွက် အရေးပေါ် တုံ့ပြန်ရေး အထူးစီမံချက်များ ရေးဆွဲထားရှိခြင်း၊

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

## လေးမျက်နှာမြို့နယ်တွင် ကမ်းပြိုပြောင်းရွှေ့အိမ်ထောင်စုများနှင့် လေဘေးသင့်အိမ်ထောင်စုတို့အတွက် ထောက်ပံ့ငွေပေးအပ်

**လေးမျက်နှာ ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ဝဝန်မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျရာတွင် ပြောင်းရွှေ့ရသည့် အိမ်ခြေငါးလုံးနှင့် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် အိမ်ခြေတစ်လုံးအတွက် ကယ်ဆယ်ရေးရန်ပုံငွေကျပ်ခြောက်သိန်းကျော်အား ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကမ်းပြိုပြောင်းရွှေ့ အိမ်ထောင်စုများနှင့် လေဘေးသင့်အိမ်ထောင်စုတို့အတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေ ကျပ် ၅၃၀၀၀၀ နှင့် တစ်ပတ်စာဆန်ရိက္ခာတန်ဖိုးငွေ ၇၇၇၀၀ စုစုပေါင်း ကျပ် ၆၀၇၇၀၀ ကို ဘေးအန္တရာယ်ဆိုင်ရာစီမံ ခန့်ခွဲမှုဦးစီးဌာန၊ ဟသ်ာတခရိုင်ဦးစီးမှူးရုံးမှတာဝန်ရှိသူများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက သဘာဝဘေးဒဏ်ခံစားရသော အိမ်ထောင်စုဝင်များအား ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ဩဂုတ် ၂၅ ရက်နှင့် ၂၇ ရက်က သောင်ဘုတ်ကျေးရွာအုပ်စု သောင်ဘုတ်ကျေးရွာနှင့် ယင်းဆယ်ကျေးရွာအုပ်စု ယင်းဆယ်ကျေးရွာတို့တွင် ဝဝန်မြစ်ရေတိုက်စားခြင်းကြောင့် ကမ်းပါးပြိုကျမှုများ ဖြစ်ပွားခဲ့ရာ လူနေအိမ်ငါးလုံး ပြောင်းရွှေ့ခဲ့ရပြီး အလားတူ သိမ်ကုန်းအုပ်စု ကပေါင်းကွင်းကျေးရွာတွင်လည်း ယခုလ ၂၇ ရက်က လေပြင်းတိုက်ခက်မှုကြောင့် လူနေအိမ်တစ်လုံး အမိုးလန်ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

**ရွှေမိုး-လေးမျက်နှာ (ပြန်/ဆက်)**



## သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသည့် ဓာတ်တိုင်များကို ပြန်လည်ပြုပြင်နိုင်ရေး တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ညောင်ဦး ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ညောင်ဦးမြို့နယ် ရေတွင်းညောင်ပင်ကျေးရွာနှင့် လက်ဝဲကျေးရွာတို့တွင် ဒုတိယနှစ်စက်ဝန်း လူထုဗဟိုပြုစီမံကိန်းထောက်ပံ့ငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့်ကျေးလက်ကွန်ကရစ်လမ်း၊ လျှပ်စစ်မီးကြိုးများနှင့် ဓာတ်တိုင်များ ထိခိုက်ပျက်စီးသွားခဲ့ကြောင်း သိရ၍ ယနေ့နံနက် ၁၀ နာရီက ညောင်ဦး မြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံးမှ အငယ်တန်း အင်ဂျင်နီယာ-၂ ဒေါ်ခိုင်ရွှေဝင်းနှင့် ဝန်ထမ်းများအဖွဲ့က ပျက်စီးသွားသည့် ကျေးလက်ကွန်ကရစ်လမ်း၊ လျှပ်စစ်မီးကြိုးနှင့် ဓာတ်အားလိုင်းတိုင်များကို ပြန်လည်ပြုပြင်ဆောင်ရွက်ပေးနိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားမှုများအား ပြန်လည်ပြုပြင်ရန် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးမှ အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်ခိုင်ရွှေဝင်းနှင့် ဝန်ထမ်းများအဖွဲ့သည် ရှေးဦးစွာ ညောင်ဦးမြို့နယ် ရေတွင်းညောင်ပင်ကျေးရွာတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ထိခိုက်ပျက်စီးသည့် ကျေးရွာတွင်း တပ်ဆင်ထားရှိသော လျှပ်စစ်မီးကြိုးများ၊ ဓာတ်တိုင်များ ပြိုလဲနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ကျေးရွာနေပြည်သူများ လျှပ်စစ်မီး အမြန်သုံးစွဲခွင့် ရရှိနိုင်ရေးအတွက် ကျေးရွာလူထုဗဟိုပြု စီမံကိန်းကော်မတီဝင်များနှင့် တွေ့ဆုံ၍ ပြုပြင်ဆောင်ရွက်ပေးမည့်လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တာဝန်ရှိသူများ အဖွဲ့သည် ညောင်ဦးမြို့နယ် လက်ဝဲကျေးရွာနေပြည်သူများ ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ဒုတိယနှစ်စက်ဝန်း လူထုဗဟိုပြုစီမံကိန်းထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် ကျေးလက်ကွန်ကရစ်လမ်း မိုးရေတိုက်စားမှုကြောင့် ပျက်စီးခဲ့မှုအခြေအနေအား သွားရောက်၍ တိုင်းတာစစ်ဆေးကာ ဒေသခံပြည်သူများ သွားလာမှုအခက်အခဲ မဖြစ်စေရေးအတွက် ပြန်လည်ပြုပြင်ဆောင်ရွက်ပေးမည့်လုပ်ငန်းများနှင့် စပ်လျဉ်းပြီး ဒေသခံစီမံကိန်းကော်မတီဝင်များနှင့် တွေ့ဆုံ၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် ( ညောင်ဦး )**

## ဆွမ်ပရာဘွမ်မြို့၌ ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဆွမ်ပရာဘွမ် ဩဂုတ် ၂၉**

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ဆွမ်ပရာဘွမ်မြို့၌ ဆင်တုပ်ကွေးရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနှင့် ခြင်ခိုအောင်းပေါက်ဖွားမှုများကို ကာကွယ်နှိမ်နင်းရေးအတွက် မြို့တွင်း ချုံနွယ်အမှိုက်သရိုက်များ ရှင်းလင်းခြင်းကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဖုန်ကန် (ပူတာအို)**

## ကျိုင်းတုံမြို့၌ အာဖရိကဝက်အပြင်းဖျားရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ကူညီထောက်ပံ့ငွေများပေးအပ်

**ကျိုင်းတုံ ဩဂုတ် ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် အာဖရိကဝက်အပြင်းဖျားရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ကူညီထောက်ပံ့ငွေများကို ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉နာရီ မိနစ် ၃၀ က ကျင်းပသည်။




ရှေးဦးစွာ ရှမ်းပြည်နယ် ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်က အာဖရိက ဝက်အပြင်းဖျားရောဂါနှင့် ပတ်သက်၍ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေ ရရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ထောက်ပံ့ငွေ ၈၃ သိန်းနှင့် ၇၈၀၀ ကျပ်အား ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်က ပေးအပ်ရာ ခရိုင်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကော်မတီ (ကိုယ်စား) ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုမှ လက်ခံရယူသည်။

ထို့နောက် ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနိုင်က နိဂုံးချုပ် အမှာစကားပြောကြားရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများအား သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ယခုထောက်ပံ့ငွေများဖြင့် မြေပြင်တွင် အမှန်တကယ်လိုအပ်သောကိစ္စများတွင် ထိရောက်စွာသုံးစွဲသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ခင်ဦးမြို့နယ် ရွာစဉ်ကျေးရွာ တိုက်နယ်ဆေးရုံ၌ အောက်စီဂျင်ဘူးများလှူဒါန်း

**ခင်ဦး ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ် ရွာစဉ်ကျေးရွာ တိုက်နယ်ဆေးရုံ၌ လူနာများလိုအပ်လျက်ရှိနေသော အကျိုးပြု အောက်စီဂျင်ဘူးများကို ဩဂုတ်လ ၂၉ ရက် နံနက် ၁၀ က တိုက်နယ်ပြည်သူ့ဆေးရုံအုပ် ဒေါက်တာခင်ဝင်းဌေး ထံသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။ အဆိုပါ အောက်စီဂျင်ဘူးများကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် စာကလေးအင်းကျေးရွာ မြကန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဣန္ဒဝံသမှ လူနာများအတွက်လိုအပ်နေသောအောက်စီဂျင်ဘူး ငါးဘူးနှင့် ဆေးရုံပေါ်တွင် ဆေးကုသလျက်ရှိသော လူနာ ၄၂ ဦးတို့ကို တစ်ဦးလျှင် ငွေကျပ် တစ်ထောင်၊ မုန့်များနှင့် အချိုရည်ဘူးများကို အာဟာရဒါနပြု ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

**ချစ်စံ (ခင်ဦး)**



**တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့ အမှတ်(၄) ရပ်ကွက် ဆံတော်ရှင်ဘုရားသွား ကားလမ်း မိုင်တိုင်အမှတ် (၃)မိုင်(၁)ဖာလုံမြေနိမ့်ပိုင်းနေရာ ကားလမ်းမပေါ်၌ ဩဂုတ်၂၉ ရက်မှစ၍ ရေကျသွားပြီဖြစ်ကာ မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် လူများ ပုံမှန်ဖြတ်သန်းသွားလာနေစဉ်။**

ကလိန်အောင် ( ပြန်/ဆက် )

## စလင်းမြို့နယ်၌ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် အိမ်တိုင်ရာရောက်သောက်သုံးရေရရှိရေး လုပ်ငန်းများဆောင်ရွက်

**စလင်း ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ဘန့်ပြင်ကျေးရွာတွင် ပြည်သူကျေးလက် UNICEF တို့ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသော နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် အိမ်တိုင်ရာရောက်သောက်သုံးရေ ရရှိရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇော်ထံမှ သိရသည်။

အဆိုပါ သောက်သုံးရေရရှိရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူလူထု ထည့်ဝင်ငွေကျပ် ၁၁ ဒသမ ၂၇၉သန်းဖြင့်လေးလက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်း၊ UNICEF မှ ထောက်ပံ့ပစ္စည်းများဖြစ်သော ၈၀ ဝပ် ဆိုလာ ၃၂ ချပ်၊ ဆိုလာစနစ်သုံး ရေစုပ်စက်တစ်လုံးနှင့် ရေပိုက် လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အင်ဂျင်နီယာများ၏ နည်းပညာအကူအညီဖြင့် ကျေးရွာသူကျေးရွာသားများ ကိုယ်တိုင်တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။



နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့်သောက်သုံးရေရရှိရေး ဆောင်ရွက်စဉ်။

ဘန့်ပြင်ကျေးရွာ သောက်သုံးရေရရှိရေး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (နေပြည်တော်) မှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ညွှန့်ကြည်နှင့် တာဝန်ရှိသူများက ယနေ့နံနက် ၁၀ နာရီတွင် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ ပြည်သူကျေးလက် UNICEF တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စက်ရေတွင်းတူးဖော်ထားမှု၊ ဆိုလာပြားတပ်ဆင်ထားရှိမှု၊ ဂါလန် ၅၀၀၀ ဆံ့ စင်မြင့် ရေစင်တည်ဆောက်ထားရှိမှု၊ ကျေးရွာအတွင်း ရေမီတာစနစ်ဖြင့် အိမ်တိုင်ရာရောက် သောက်သုံးရေရရှိရေးဆောင်ရွက်ထားမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ငြိမ်းသူ (စလင်း)**

# လုပ်ငန်းခွင်၌ ပဋိပက္ခကို ဖြေရှင်းခြင်း

**ကောင်းမွန်**

**ကျွန်ုပ်တို့ နေ့စဉ်လုပ်ကိုင်နေသည့် လုပ်ငန်းခွင်တွင် ပဋိပက္ခများ ဖြစ်ပေါ်တတ်လေ့ရှိသည်။ ပဋိပက္ခတစ်ရပ် ဖြစ်ပေါ်လာပြီဆိုပါက ယင်းပဋိပက္ခတွင် မိမိကသာ အနိုင်ရရှိရေးဆိုသည်မှာ စစ်မှန်သည့် အဖြေရရှိခြင်း မဟုတ်ပေ။ မိမိကသာ အနိုင်ရရှိရေးဆိုသည်မှာ ပဋိပက္ခအတွင်း အခြားတစ်ဖက်မှ မည်သို့သော ရလဒ်ကို အလိုရှိသည်ဖြစ်စေ သင့်အနေဖြင့် လိုလားသည့်ရလဒ်ကို မဖြစ်မနေ ရရှိခြင်းပင် ဖြစ်သည်။ ယင်းကဲ့သို့ နည်းလမ်းဖြင့် ပဋိပက္ခတွင် အနိုင်ရရှိခြင်းမှာ အရေးကြီးသည့် ကိစ္စရပ်ကို ဖြေရှင်းခြင်း မဟုတ်သည့် အလျောက် ပဋိပက္ခသည် တစ်ချိန်မဟုတ်တစ်ချိန် ပြန်လည်ဖြစ်ပေါ်လာမည်သာ ဖြစ်သည်။**

သို့ဖြစ်၍ ပဋိပက္ခကို အပြုသဘောဆန်စွာ ဖြေရှင်းရေးမှာ မိမိကသာ အနိုင်ရရေးထက် ပိုမိုအရေးပါသည်။ ပဋိပက္ခကို မဖြေရှင်းဘဲ ထားရှိမည်ဆိုပါကလည်း လုပ်ငန်းခွင်အတွင်း သက်ဆိုင်သူများအကြား သက်သောင့်သက်သာရှိကြမည် မဟုတ်ဘဲ အချိန်ကြာသည်နှင့်အမျှ အချင်းချင်း ရန်လိုမှုကိုပင် ဖြစ်ပေါ်စေနိုင်သည်။ ယင်းသို့ဆိုပါက လုပ်ငန်းခွင်၌ ဆက်ဆံရေးပျက်ပြားပြီး စွမ်းဆောင်ရည် မပြည့်ဝသည့် အသင်းအဖွဲ့အနေအထားသို့ ရောက်ရှိစေနိုင်သည့်အပြင် အဖွဲ့သားများအကြား စိတ်ဖိစီးမှု၊ ထုတ်လုပ်မှုကျဆင်းခြင်း အစရှိသည့် မလိုလားအပ်သော ရလဒ်များ ဖြစ်ပေါ်စေတတ်ပါသည်။

လုပ်ငန်းခွင်၌ ဖြစ်ပေါ်လာသည့် ပဋိပက္ခများကို အောက်ပါနည်းလမ်းများအတိုင်း အပြုသဘောဆန်စွာ ဖြေရှင်းရန် စဉ်းစားသင့်သည်-

(က) လုပ်ငန်းခွင်၌ အချို့သောပဋိပက္ခများကို ရှောင်လွှဲနိုင်ခြင်း မရှိသည့်အချက်ကို နားလည်သဘောပေါက်ခြင်း

လုပ်ငန်းခွင်အပေါ် စေတနာထားရှိခြင်း၊ မိမိတို့ လုပ်ဆောင်ရမည့် လုပ်ငန်းပိုင်းနှင့် ပတ်သက်၍ စိတ်လှုပ်ရှားခြင်း၊ စိတ်ကူးစိတ်သန်း အသစ်များ ထွက်ပေါ်လာခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ အပြောင်းအလဲဖြစ်ပေါ်ခြင်း စသည့် အခြေအနေများတွင် ပဋိပက္ခနှင့် သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်တတ်လေ့ရှိသည်။ ယင်းမှာ ပဋိပက္ခတွင် မွေ့လျော်ခြင်း၊ သို့မဟုတ် ပြဿနာအား ဖန်တီးခြင်းတို့ကို ဆိုလိုခြင်း မဟုတ်ပေ။ သို့ရာတွင် ပဋိပက္ခတစ်ရပ် ဖြစ်ပွားခြင်းမှာ ထင်ထားသလောက် မဆိုးရွားလှဘဲ စိတ်ဝင်စားဖွယ်၊ လေ့လာမှတ်သားဖွယ် လုပ်ငန်းစဉ်တစ်ခု၏ အစလည်း ဖြစ်လာနိုင်ပါသည်။ ပဋိပက္ခဆိုသည်မှာ မိမိတို့အနေဖြင့် ကွဲပြားခြားနားသော အယူအဆကို ခိုင်ခိုင်မာမာ ဖော်ထုတ်ပြသလိုခြင်းလည်း ဖြစ်နိုင်သည်။ အရေးကြီးသည်မှာ ပဋိပက္ခကို ကာလကြာရှည်စွာ ဖြစ်ပွားခွင့် မပြုရေးပင်ဖြစ်သည်။

(ခ) ပဋိပက္ခများအား နောက်ကျမှဖြေရှင်းခြင်းထက် စောစီးစွာ ဖြေရှင်းသင့်ခြင်း

ပဋိပက္ခတစ်ခု ဖြစ်ပွားပါက စောစီးစွာ ဖြေရှင်းသင့်သည်။ သို့မဟုတ်ပါက အချိန်ကြာမြင့်သည်နှင့်အမျှ ပဋိပက္ခမှာ ပိုမိုဆိုးရွားလာနိုင်သည်။ တစ်ခါတစ်ရံ လုပ်ငန်းခွင်တွင် ပဋိပက္ခဖြစ်ပွားရခြင်းမှာ ပြောကြားလိုက်သည့် အကြောင်းအရာကြောင့်သာ မဟုတ်ဘဲ ပြောဆိုသင့်သည်ကို ပြောဆိုမှု မရှိခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ ဆိုလိုသည်မှာ တစ်ဦးဦးက အမှားတစ်ခုကို ကျူးလွန်မိပြီးနောက် ၎င်းအနေဖြင့် အမှားကို ဝန်ခံလာမည့်အခြေအနေအား ကျန်ရှိသူများက စောင့်စားနေတတ်သည်။ သို့ရာတွင် ယင်းသို့ ဝန်ခံလိုက်ခြင်း မရှိဘဲ တအုံနွေးနွေး ထားခြင်းဖြင့် မလိုလားအပ်သည့် အနေအထားသို့ ရောက်ရှိသွားတတ်ပါသည်။ ယင်းသို့ အနေအထားမျိုးသို့ မရောက်စေရန် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေခြင်း မပြုသင့်ပေ။

(ဂ) ယဉ်ကျေးစွာ မေးမြန်းပါ

လုပ်ငန်းခွင်တွင် အခြားသူတစ်ဦးဦးက သင်စိတ်ဆိုးစေသည့်အရာကို ပြုလုပ်ပါက၊ သို့မဟုတ် ၎င်းတို့၏ သဘောထားအမြင်၊ လုပ်ဆောင်ချက်အပေါ် မရှင်းလင်းပါက ၎င်းတို့အား ကောင်းမွန်စွာ မေးမြန်းခြင်းဖြင့် ပဋိပက္ခအစားကွဲပြားသည့် ရလဒ်တစ်ခုကို ဖြစ်ပေါ်စေနိုင်ပါသည်။ သင်စိတ်ဆိုးစေရန်၊ သင့်စိတ် အနှောင့်အယှက်ဖြစ်စေရန် အခြားသူတစ်ဦးဦးက တမင်ရည်ရွယ် လုပ်ဆောင်ခြင်းဖြစ်သည်ဟု မှတ်ယူခြင်း မပြုသင့်ပေ။ တစ်ခါတစ်ရံ တစ်ဦးဦးက လုပ်ဆောင်သည့်ကိစ္စမှာ သင့်အတွက် စိတ်မသက်မသာ ဖြစ်စေသည့်တိုင် ၎င်းတို့တွင် ခိုင်လုံသည့် အကြောင်းရင်းများ ရှိနေတတ်သည်။ ထိုသို့အခြေအနေတွင် ၎င်းတို့၏ လုပ်ဆောင်မှုနှင့် ပတ်သက်၍ ကောင်းမွန်စွာ မေးမြန်းခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သည့် ပဋိပက္ခကို ဟန့်တားနိုင်မည်ဖြစ်သည်။ မေးမြန်းသည်ဆိုရာတွင်လည်း တစ်ဖက်လူအား စွပ်စွဲသည့် အနေအထားမျိုးမဟုတ်ဘဲ မိမိသိလိုသည့် အနေအထားမျိုး၊ စုံစမ်းမေးမြန်းမှုမျိုးသာ ဖြစ်သင့်သည်။

(ဃ) တစ်ဖက်လူအား အခြေအနေနှင့် ပတ်သက်၍ ပြောကြားရန် ဖိတ်ခေါ်ပါ

ပဋိပက္ခတစ်ခု၊ ပြဿနာတစ်ခုဖြစ်ပွားပြီ ဆိုပါက သင်တို့၏ အလုပ်စားပွဲမှနေ၍ အီးမေးလ် အပြန်အလှန် ရေးသားခြင်း၊ ယခုခေတ်ဆိုလျှင် ဖုန်းမှ တစ်ဆင့် မက်ဆေ့အတိုများ ပေးပို့ခြင်း၊ (သို့မဟုတ်) အလျင်စလို တယ်လီဖုန်းဖြင့် မေးမြန်းပြောဆိုခြင်းတို့က မည်သည့်ကိစ္စကိုမျှ ပြေလည်အောင် ဖြေရှင်းနိုင်မည် မဟုတ်ပေ။ ရံဖန်ရံခါ ယင်းကဲ့သို့ အပြန်အလှန် ရေးသားခြင်းဖြင့် ပြဿနာကို ပိုမိုရှုပ်ထွေးစေနိုင်ပါသည်။ သို့ဖြစ်၍ ပြဿနာကို ဖြေရှင်းနိုင်ရန် အနှောင့်အယှက် မရှိသည့် နေရာတစ်ခုခု၌ သီးသန့်အချိန်ပေး၍ ဖြေရှင်းသင့်သည်။

(င) စူးစမ်းလေ့လာပါ

ပဋိပက္ခအပေါ် ဓမ္မဓိဋ္ဌာန်ကျကျ၊ ယထာဘူတကျကျ လေ့လာသုံးသပ်ပါ။ ပဋိပက္ခနှင့် ပတ်သက်သည့် အချက်အလက်များအပေါ် တတ်နိုင်သမျှ ပကတိအခြေအနေကို ထင်ဟပ်သည့် အမြင်အတိုင်း ဖော်ပြပါ။ တစ်ဖက်လူမှ မည်သို့ ထင်သည်။ မည်သည့်အရာအား လုပ်နေသည်ကို မှန်းဆပြောဆိုခြင်းမျိုး မဟုတ်ဘဲ အခြေအနေနှင့် စပ်လျဉ်း၍ သိသာမြင်သာသည့် အချက်များကိုသာ ကိုးကားပြောဆိုသင့်ပါသည်။ ဥပမာအားဖြင့် တစ်ဖက်လူအား "သင့်အနေဖြင့် အစည်းအဝေး၌ ကျွန်ုပ်အပေါ် အစဉ်အမြဲ ဝေဖန်လေ့ရှိသည်ကို သတိပြုမိသည်" ဟု ပြောဆိုခြင်းမှာ မှန်ကန်မှု ရှိ မရှိ စိစစ်နိုင်သည့် အချက်ဖြစ်သည်။

သို့ဖြစ်၍ ယင်းအချက်အပေါ် ကိုးကားပြောဆိုမည်ဆိုပါက ပြောဆိုနိုင်ပါသည်။ သို့ရာတွင် မှန်းဆချက်သက်သက်ကို အခြေခံ၍ ဖော်ပြပြောဆိုခြင်းမျိုးကို မပြုလုပ်သင့်ပေ။

(စ) လိုအပ်က တောင်းပန်ပါ။

ပဋိပက္ခတစ်ခုဖြစ်ပွားပါက သင်နှင့် ပတ်သက်သည့် အပိုင်းအတွက် တောင်းပန်ပါ။ များသောအားဖြင့် ပဋိပက္ခ၌ ပါဝင်ပတ်သက်သူတိုင်းသည် တစ်မျိုးမဟုတ် တစ်မျိုး လုပ်ဆောင်တတ်ကြပြီး ပဋိပက္ခကို ပိုမိုကြာမြင့်စေတတ်ပါသည်။ ပဋိပက္ခတစ်ခုလုံးအတွက် သင့်အနေဖြင့် တာဝန်ရှိသည်ဟု ဆိုလိုခြင်း မဟုတ်ဘဲ သင်နှင့် သက်ဆိုင်သည့်အပိုင်းအတွက်သာ တာဝန်ယူရေး ဖြစ်ပါသည်။

(ဆ) တစ်ဖက်လူ၏ အပိုင်းအပေါ် ချီးကျူးပြောကြားပါ

ပဋိပက္ခ၌ တစ်ဖက်လူ၏ အပိုင်းနှင့်ပတ်သက်၍ ချီးကျူးပြောကြားပါ။ ယင်းသို့ လုပ်ဆောင်ရန်မှာ များသောအားဖြင့် ခက်ခဲကြောင်း တွေ့ရှိရတတ်သည်။ မိမိတို့နှင့် သဘောထားချင်း မတိုက်ဆိုင်သူတို့၏ ကောင်းမွန်မှန်ကန်သည့် လုပ်ရပ်အပေါ် ချီးကျူးပြောကြားခြင်းကို လူအနည်းငယ်တို့သာ ပြုလုပ်နိုင်ကြသည်။ သို့ရာတွင် ဤအချက်မှာ ပဋိပက္ခကို ကျော်လွှား၍ ရှေ့သို့ ဆက်လှမ်းရေးအတွက် များစွာအရေးလှပါသည်။ ။

**"ပဋိပက္ခကို အပြုသဘောဆန်စွာ ဖြေရှင်းရေးမှာ မိမိကသာ အနိုင်ရရေးထက် ပိုမိုအရေးပါသည်။ ပဋိပက္ခကို မဖြေရှင်းဘဲ ထားရှိမည်ဆိုပါကလည်း လုပ်ငန်းခွင်အတွင်း သက်ဆိုင်သူများအကြား သက်သောင့်သက်သာ ရှိကြမည်မဟုတ်ဘဲ အချိန်ကြာသည်နှင့်အမျှ အချင်းချင်း ရန်လိုမှုကိုပင် ဖြစ်ပေါ်စေနိုင်သည်။ ယင်းသို့ ဆိုပါက လုပ်ငန်းခွင်၌ ဆက်ဆံရေးပျက်ပြားပြီး စွမ်းဆောင်ရည် မပြည့်ဝသည့် အသင်းအဖွဲ့အနေအထားသို့ ရောက်ရှိစေနိုင်သည့်အပြင် အဖွဲ့သားများအကြား စိတ်ဖိစီးမှု၊ ထုတ်လုပ်မှုကျဆင်းခြင်း အစရှိသည့် မလိုလားအပ်သောရလဒ်များ ဖြစ်ပေါ်စေတတ်ပါသည်"**

## ပြည်နယ်အတွင်း ကျောက်မျက်ရတနာအသေးစားနှင့် လက်လုပ်လက်စားဥပဒေမူကြမ်း ဖြစ်ပေါ်စေရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မိုးညှင်း ဩဂုတ် ၂၉**

Transparency and Accountability Network Kachin (TANKS)အဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်နယ်အတွင်း ကျောက်မျက်ရတနာ အသေးစားနှင့် လက်လုပ်လက်စား ဥပဒေမူကြမ်း ဖြစ်ပေါ်လာရေးအတွက် အကြံပြုချက်ရယူခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က မိုးညှင်းမြို့နယ် နမီးစု ရပ်ကွက်ရှိ စိမ်းလဲ့ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဦးဇော်ဝင်းက အမှာစကားပြောကြားပြီး ကျောက်မျက်ရတနာ အသေးစားနှင့် လက်လုပ်လက်စား ဥပဒေမူကြမ်း ရေးဆွဲရေး အဖွဲ့ခေါင်းဆောင် လွှတ်တော်ကိုယ်စားလှယ် ဦးချန်တန်ခင်က ဥပဒေမူကြမ်း ရေးဆွဲရေးအဖွဲ့ကို ဇွန်လအတွင်းက လွှတ်တော်ကိုယ်စားလှယ်လေးဦးဖြင့် ဖွဲ့စည်းထားကြောင်း၊ ယခုလို အလုပ်ရုံဆွေးနွေးပွဲကို လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ပညာရှင်များ၊ ဌာနဆိုင်ရာများ၊ ကျောက်မျက်လုပ်ငန်းရှင်များ၏ အကြံပြုချက်များ ရရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ကျောက်မျက်ရတနာ နည်းပညာရှင် Sone Sie Program ၏ Strategic Advisory ဦးမုန်ဒန်က ကျောက်မျက်ကဏ္ဍနှင့် ပတ်သက်ပြီး သိသင့်သိထိုက်သော အကြောင်းအရာများကို ရှင်းလင်းပြီး တက်ရောက်လာသူများက အသေးစားနှင့် လက်လုပ်လက်စား ကျောက်မျက်ရတနာ ဥပဒေမူကြမ်း ဖြစ်ပေါ်လာရေးအတွက် နှစ်ရက်ကြာ အကြံပြုဆွေးနွေးကြကြောင်း သိရသည်။

**ကျော်ကျော်ထွေး (မိုးညှင်း)**




ဥပဒေမူကြမ်းဖြစ်ပေါ်ရေးအလုပ်ရုံဆွေးနွေးပွဲကို မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမ၌ ကျင်းပစဉ်။

## ထီးလင်း ဖိုးသဲကြီးလမ်းအား ကွန်ကရစ်လမ်းခင်းပေး

**မကွေး ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့ရှိ ဖိုးသဲကြီးလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ငွေကျပ် ၁၀ သန်းအထက် ငွေလုံးငွေရင်းဖြင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ခင်းပေးလျက်ရှိသည်။

အဆိုပါလမ်းမှာ ထီးလင်း အမှတ်(၁) ရပ်ကွက်နှင့် အမှတ်(၂) ရပ်ကွက်သို့ ဆက်သွယ်ထားသည့် အဓိက ဒုတိယလမ်းမဖြစ်သည်။ ယင်းကွန်ကရစ်လမ်း ဆောင်ရွက်ပြီးစီးမှုကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်အောင်၊ အမှုဆောင်အရာရှိ ဦးဘွေကြီးအောင်နှင့် စည်ပင်သာယာရေးကော်မတီများက ဩဂုတ် ၂၇ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

**စစ်ကြည် (စလင်း)**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
# လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် လစ်လပ်လျက်ရှိသည့် လစာနှုန်းကျပ် (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရရှိသော ငွေကိုင်(၄) ရာထူး (၁၀)နေရာ၊ ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူး (၅၀)နေရာအတွက် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသည့် ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ခ) ၃၀-၉-၂၀၁၉ရက်တွင် အသက် (၃၀)၊ ဝန်ထမ်းဖြစ်လျှင် အသက်(၃၅)နှစ်ထက် မကြီးသူဖြစ်ရမည်။

(ဂ) ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲ၏ ခွင့်ပြုချက်ပါရှိရမည်။

(ဃ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး နေ့/ညတာဝန်ထမ်းဆောင်နိုင်သူ၊ ငွေကြေးအရှုပ်အရှင်းကင်းရှင်းပြီး အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(င) ကွန်ပျူတာ (Word,Excel) ကျွမ်းကျင်ရမည်။

၃။ လျှောက်လွှာတွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ မွေးသက္ကရာဇ်၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ပညာအရည်အချင်း၊ နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ မိဘအမည်တို့ကို ဖော်ပြရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရပါမည်-

(က) အလုပ်သမားမှတ်ပုံတင်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်၊ ဘွဲ့လက်မှတ်မိတ္တူများ (မူရင်းများကို စာမေးပွဲဖြေဆိုချိန်တွင် တစ်ပါတည်းယူဆောင်လာရမည်။)

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့မှ ၁၅-၈-၂၀၁၉ရက်နောက်ပိုင်း ထောက်ခံချက်မူရင်း။

၅။ ရွေးချယ်ခြင်းခံရပါက အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိခံဝန်ချက်လက်မှတ်ရေးထိုးရမည်။

၆။ ရေးဖြေစာမေးပွဲတွင် အထွေထွေဗဟုသုတဘာသာရပ်ကို ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေအောင်မြင်ပါက ကွန်ပျူတာလက်တွေ့နှင့် လူတွေ့စစ်ဆေးခြင်းများပြုလုပ်မည်။

၇။ လျှောက်ထားသူများသည် လျှောက်လွှာများကို ရုံးချုပ်(စီမံဌာန) အမှတ်(၂၆/၄၂)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ဘဏ်ခွဲများသို့ ၃၀-၉-၂၀၁၉ရက် နောက်ဆုံးထားလျှောက်ထားရမည်။ သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသော လျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။

၈။ အထွေထွေဗဟုသုတဘာသာရပ်အား ၅-၁၀-၂၀၁၉ရက် (စနေနေ့)တွင်လည်းကောင်း၊ ကွန်ပျူတာလက်တွေ့ဘာသာရပ်နှင့်လူတွေ့စစ်ဆေးခြင်းအား ၁၉-၁၀-၂၀၁၉ရက် (စနေနေ့) တွင်လည်းကောင်း၊ ရုံးချုပ်နှင့်သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဘဏ်ခွဲများတွင် ဖြေဆိုရမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၁-၃၉၁၁၂၄၊ ၀၁-၃၉၁၂၃၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

## မူလကမ္ဘာအေးကျောင်းမိုးကုတ်ရိပ်သာ
## နေ့(၅)ရက် အထူးတရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီး၊ မူလကမ္ဘာအေးကျောင်း မိုးကုတ်ရိပ်သာတွင် ၅-၉-၂၀၁၉ ရက်မှ ၉-၉-၂၀၁၉ ရက်အထိ မွန်းလွဲ ၁၂း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ နေ့စဉ်တရားပွဲကျင်းပ ပြုလုပ်မည်ဖြစ်ပါ၍ မူလကမ္ဘာအေးကျောင်း ဆရာတော်ဦးဝိမလ(ဓမ္မာစရိယ) နှင့် ဘယဝိသုဒ္ဓိကျောင်းဆရာတော် ဦးမာဃိန္ဒ(သာသနဓဇဓမ္မာစရိယ) ကမ္မဌာနာစရိယတို့မှ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ် တရားတော်နှင့် သစ္စာလေးပါးတရားတော်မြတ်တို့ကို ဟောကြားမည်ဖြစ်ပါ၍ ဓမ္မမိတ်ဆွေ ယောဂီသူတော်စင်အပေါင်းတို့အား နိဗ္ဗာန်အကျိုးမျှော်၍ လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

**အကျိုးဆောင်အဖွဲ့**
**မူလကမ္ဘာအေးကျောင်းမိုးကုတ်ရိပ်သာ**
**ဖုန်း-၀၁-၃၈၂၂၈၆၊ ၀၉-၄၅၀၀၀၇၀၆၀၊ ၀၉-၇၉၉၈၈၆၈၅၈**



ကလေးနာမည်ပေး ဆရာကြီး
ရာဇာဇော်ဝင်း
(LL.B.)(WIPO,DL-101Switzerland)
ကလေးနာမည်ပေးကင်ပွန်းတပ်အိမ်ရောင်းထွက်ဖို့ထီပေါက်မပေါက်
01-399426,01-394727,09-73009994,09-5152521


## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 6B/6739 ယာဉ်လက်ဝယ်ရှိသူ ဦးကြည်လွင် ၉/မသန(နိုင်)၀၅၆၄၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
### ၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၁၀၃

ဦးမြင့်ဦး — နှင့် — ၁။ ဦးကျော်သူနိုင် ၂။ ဒေါ်ရွှေရွှေကြည် ၃။ ဒေါ်မြတ်စုဝင်း

**တရားလို** — **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စံပါယ်(၁)လမ်း၊ အမှတ်-၅၁၆ နေ (၃) တရားပြိုင် ဒေါ်မြတ်စုဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မော်တော်ယာဉ်အမှတ် 2E/7066 Nissan AD Van မော်တော်ယာဉ်သည် တရားလိုသာ လက်ရှိထားပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် မော်တော်ယာဉ်အမှတ် 2E/7066 Nissan AD Van 2007 မော်တော်ယာဉ် အမျိုးအစားအား လက်ရောက်ရလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၃ ရက် (၁၃၈၁ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် ဩဂုတ် ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နီလာဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၉)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ရောင်းချရန်ကြော်ငြာစာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၁၉ ခုနှစ် ဇာရီမှုအမှတ် -၅၀

ဒေါ်သီတာစိုး — နှင့် — ၁။ ဦးတင်ဝင်း ၂။ ဒေါ်မူမူအေး

**တရားနိုင်** — **တရားရှုံးများ**

မန္တလေးခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၅၇၂/၂၀၁၈ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၇ရက် နံနက် ၁၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ထုံးဘိုကျေးရွာ၊ တောတွင်ကျေးရွာအုပ်စု၊ အရှေ့လားသော် ဒေါ်ညွန့်လှိုင်၏ မြေအစပ်၊ အနောက်လားသော် မြေကွက်လပ်၊ တောင်လားသော် ရွာလယ်လမ်းမကြီး မြေအစပ်၊ မြောက်လားသော် ဦးအောင်အောင်၏ မြေအစပ် စသည့်အလားလေးရပ်အတွင်းတွင်ရှိသော ရွာမြေကွက်နှင့် သွပ်မိုးထရံကာ မြေစိုက်တစ်ထပ်အိမ်အဆောက်အအုံ။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၈၀။**

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်ကတရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်သူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်ရက်သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၉ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန်ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

**(တင့်တင့်ငွေး)**
**ဒုတိယခရိုင်တရားသူကြီး (၇)**
**မန္တလေးခရိုင်တရားရုံး**


တရုတ်စကားပြန်အဖြစ်(၆)လပြတ်သင်တန်း
အလုပ်ပါတစ်ခါတည်း အင်တာဗျူးရမည်။ (၁၅) နှစ်အတွေ့အကြုံရှိ GESC တရုတ်စကားပြောစာသင်ကျောင်းမှအထူးလေ့ကျင့်သင်ကြားပေးမည်။ လစာ(၃-၆) သိန်းရမည်
ဖုန်း- ၀၉၅၀-၆၃၃၆၉၊ ၀၉၅၄-၁၀၅၉၂


## မိဘအမည်မှန်

ပန်းတနော်မြို့နယ်၊ အထက ခနော် တက္ကသိုလ်ဝင်တန်းမှ မောင်ဇင်မင်းသူ၏ မိဘအမည်မှန်မှာ ဦးမြင့်ညိမ်း ၁၄/ပတန(နိုင်)၂၀၈၉၂၈ နှင့် ဒေါ်ဆွေဆွေလွင် ၁၄/ပတန(နိုင်)၂၁၉၇၀၇ ဖြစ်ပါကြောင်း။


မြေကွက်များဈေးကောင်းပေးဝယ်လိုသည်
ဒဂုံမြို့သစ်(အရှေ့၊ တောင်၊ မြောက်၊ ဆိပ်ကမ်း)တို့တွင် မြေကွက်များဝယ်လိုသည်။
ပွဲခပေးရန်မလို
မည်သူမဆို 01-2339310 01-2339355 01-578044 01-570721


## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### မန္တလေးခရိုင်တရားရုံးတော်၌
### ၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၄၄၇

၁။ ဒေါ်စန်းစန်းလွင် ၂။ ဒေါက်တာကျော်မျိုးသူ — နှင့် — ၁။ ဦးဝင်းမောင် ၂။ ဒေါ်ခင်လှလှ ၃။ ဒေါ်ခင်ဝါဆို

**တရားလိုများ** — **တရားပြိုင်များ**

ပုသိမ်ကြီးမြို့၊ မြို့မကျေးရွာအုပ်စု၊ အောင်မင်္ဂလာ(၁)လမ်းတွင်နေ ဦးဝင်းမောင် (ဘ) ဦးကျွန်း၊ ဒေါ်ခင်လှလှ (ဘ) ဦးသိန်းမောင်၊ ဒေါ်ခင်ဝါဆို (ဘ)ဦးဝင်းမောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စန်းစန်းလွင် ပါ-၂က ရောင်းကြေးကျန်ငွေသိန်း (၅၀)ကိုလက်ခံစေပြီး ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုစေကာ ဝယ်ယူသည့်မြေကွက်အား လက်ရောက်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်ကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၆ ရက် (၁၃၈၁ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၉း၃၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် ဩဂုတ် ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောမျိုးမျိုး)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**မန္တလေးခရိုင်တရားရုံး**


SEVEN
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
"ပွဲခလုံးဝမယူပါ"။
09 - 33 333 511
09 - 33 333 644


## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/8726 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက (ရွာသစ်) တက္ကသိုလ်ဝင်တန်း (င)မှ မောင်တင်မျိုးအောင်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးဝင်းမြိုင် ၉/ဝတန(နိုင်)၀၄၇၉၆၆ ဖြစ်ပါကြောင်း။ **ဦးဝင်းမြိုင်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက(ရွာသစ်)တက္ကသိုလ်ဝင်တန်း (ဃ)မှ မောင်မင်းခန့်သူ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးခင်မောင်လွင် ၉/ဝတန(နိုင်)၂၀၆၆၃၅ ဖြစ်ပါကြောင်း။ **ဦးခင်မောင်လွင်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက(ရွာသစ်)တက္ကသိုလ်ဝင်တန်း (က)မှ မသီဂီထက်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးမြင့်သိန်း ၉/မလန(နိုင်)၀၉၇၁၃၆ ဖြစ်ပါကြောင်း။ **ဦးမြင့်သိန်း**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက(ရွာသစ်) တက္ကသိုလ်ဝင်တန်း (ခ)မှ မအိရတနာလှိုင်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးသိန်းထိုက် ၉/ဝတန(နိုင်)၁၀၃၃၁၀ ဖြစ်ပါကြောင်း။ **ဦးသိန်းထိုက်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက(ရွာသစ်) တက္ကသိုလ်ဝင်တန်း (င)မှ မောင်ပြည့်စုံဟိန်း၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးချစ်ကိုကို ၉/ဝတန(နိုင်)၁၀၈၁၉၀ ဖြစ်ပါကြောင်း။ **ဦးချစ်ကိုကို**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက(ရွာသစ်) တက္ကသိုလ်ဝင်တန်း (ဃ)မှ မောင်ငြိမ်းချမ်းအောင်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးနိုင်မင်း ၉/ဝတန(နိုင်)၁၅၅၇၀၀ ဖြစ်ပါကြောင်း။ **ဦးနိုင်မင်း**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက(ရွာသစ်)တက္ကသိုလ်ဝင်တန်း (က)မှ မဖြိုးဖြိုးဝေ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးစိန်မောင် ၉/ဝတန(နိုင်)၀၆၆၄၃၅ ဖြစ်ပါကြောင်း။ **ဦးစိန်မောင်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက(ရွာသစ်)၊ တက္ကသိုလ်ဝင်တန်း (ဂ)မှ မယမင်းခိုင်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးပေါဟန် ၉/ဝတန(နိုင်)၁၂၁၉၆၅ ဖြစ်ပါကြောင်း။ **ဦးပေါဟန်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက(ရွာသစ်) တက္ကသိုလ်ဝင်တန်း (င)မှ မောင်ရဲမြတ်သူ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးသောင်း ၉/ဝတန(နိုင်)၀၂၀၄၃၃ ဖြစ်ပါကြောင်း။ **ဦးသောင်း**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက(ရွာသစ်) တက္ကသိုလ်ဝင်တန်း (က)မှ မအိမွန်မြင့်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးဘသောင်း ၉/နထက(နိုင်)၁၃၉၀၆၈ ဖြစ်ပါကြောင်း။ **ဦးဘသောင်း**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက(ရွာသစ်)တက္ကသိုလ်ဝင်တန်း (က)မှ မနှင်းအိဖြိုး၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးညွန့်အောင် ၉/ဝတန(နိုင်)၁၂၉၁၂၀ ဖြစ်ပါကြောင်း။ **ဦးညွန့်အောင်**

## မိဘအမည်မှန်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အထက ပြည်စံအောင် နဝမတန်း(B)မှ မောင်ဖိုးချစ်၏ မိဘအမည်မှန်မှာ ဦးစိုးပိုင်-ဒေါ်ဝင်းဖြစ်ပါကြောင်း။

**မိခင်အမည်မှန်**

ဝိုင်းမော်မြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း ($B_2$)မှ မောင်ဟဲဆာ၏ မိခင်အမည်မှန်မှာ ဒေါ်ဟဲမူဆာ ၁/ဝမန(နိုင်)၀၅၄၂၄၂ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

မကွေးမြို့နယ်၊ အထက(ကန်ပြား) တက္ကသိုလ်ဝင်တန်းမှ မောင်ဖြိုးကို၏ ဖခင်အမည်မှန်မှာ ဦးသိန်းငွေး ၈/မဘန(နိုင်)၀၇၇၉၂၅ ဖြစ်ပါကြောင်း။ **ဦးသိန်းငွေး**


အငြိမ်းစားစာရေးဆရာကြီး
ခရူသင်း (သမင်ဖြူ)
LEUCODERMA
ခရူသင်း (သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4G/3054 Forland BJ3042 Dump Truck (4x2)L ယာဉ်လက်ဝယ်ရှိသူ Aung Kan Bo Trading Co., Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7J/8700 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖခင်အမည်မှန်

ဝိုင်းမော်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း($B_1$)မှ မလာမြာမီး၏ ဖခင်အမည်မှန်မှာ ဦးရီတား ၁/ဝမန(နိုင်)၀၅၀၅၃၀ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဝိုင်းမော်မြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း($A_1$)မှ မဇီမာဂူ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၂-၂၀၀၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ အထက (စကု) တက္ကသိုလ်ဝင်တန်းမှ မနန်းအိလှိုင်၏ ဖခင်အမည်မှန်မှာ ဦးနေမျိုး ၈/မဘန(နိုင်)၀၈၀၆၂၈ ဖြစ်ပါကြောင်း။ **ဦးနေမျိုး**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် အရှေ့စည်းရွာ အထက(ခွဲ) နဝမတန်းမှ မောင်စည်သူအောင်၏ဖခင်အမည်မှန်မှာ ဦးကျော်လွင် ၅/ကလထ(နိုင်)၁၁၃၆၉၂ ဖြစ်ပါကြောင်း။ **ဦးကျော်လွင်**

## မွေးသက္ကရာဇ်အမှန်

ဝိုင်းမော်မြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း($A_2$)မှ မင့ွါးမာလီ၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၁-၂၀၀၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးမြို့နယ်၊ အထက(ကန်ပြား) တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ထွန်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်မော် ၈/မကန(နိုင်)၁၄၁၈၁၅ ဖြစ်ပါကြောင်း။ **ဦးမြင့်မော်**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ အရှေ့စည်းရွာ အထက(ခွဲ) နဝမတန်းမှ မောင်မျိုးငယ်၏ဖခင်အမည်မှန်မှာ ဦးအုံကျော် ၅/ကလထ(နိုင်)၂၈၄၄၁၄ ဖြစ်ပါကြောင်း။ **ဦးအုံကျော်**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ အရှေ့စည်းရွာ အထက(ခွဲ)နဝမတန်းမှ မောင်ငြိမ်းချမ်းအောင်၏ဖခင်အမည်မှန်မှာ ဦးသောင်းဦး ၈/ပခက(နိုင်)၃၀၇၉၅၆ ဖြစ်ပါကြောင်း။ **ဦးသောင်းဦး**

ရဟန်း ဒါယိကာမကြီး

## ဒေါ်ကျင်ဆိုင်

**အသက်(၇၇)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ သရက်ပင်ဆိပ်ကျေးရွာနေ (ဦးမြထွေး-ဒေါ်စောရှင်)တို့၏သမီး၊ ဂုံမင်းမြောင်ကျေးရွာ၊ အညာစုနေ (ဦးမောင်တင်-ဒေါ်သဲနု)တို့၏သမီးချွေးမ၊ ဘားအံမြို့နေ ဦးလိပ်စီး၏ညီမ၊ ကြို့ပင်ကောက်နေ ဦးညွန့်မောင်-ဒေါ်တင်လှိုင်တို့၏ညီမ၊ ဂုံမင်းမြောင်ကျေးရွာကျောင်းစုနေ ဦးလှသောင်း-ဒေါ်ကျင်ရီတို့၏အစ်မ၊ ဘားအံမြို့နေ ဦးမြင့်သူ-ဒေါ်နန်းခင်လေးမြင့်၊ ဦးဇော်မျိုးအောင်-ဒေါ်ကေခိုင်မွန်၊ ဂုံမင်းမြောင်ကျေးရွာ၊ အညာစုနေ ဦးငြိမ်းချမ်း-ဒေါ်ဆွေဇင်အိ(ဆန်းစတားကွန်ပျူတာ)တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ဘွားဘွားကြီး၊ ဦးချစ်ရွှေ၏ချစ်လှစွာသောဇနီးသည် ၂၈-၈-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ည ၇း၂၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ဂုံမင်းမြောင်ကျေးရွာ၊ ဦးချစ်ရွှေ၏နေအိမ်မှ ဂုံမင်းမြောင်ကျေးရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးတင်မောင်ထွေး (ရေဦးမြို့)

**B.E (Metallurgy) က. စ. လ(ငြိမ်း)**

**အသက် (၆၇)နှစ်**

ရေဦးမြို့နေ (ဦးမြထွေး-ဒေါ်သိန်းတင်) တို့၏သားထွေး၊ ရန်ကုန်မြို့ အမှတ်(၁၆၁)၊ အင်ကြင်းလမ်း (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ (ဗိုလ်မှူးကြီးဝင်းထိန် (ငြိမ်း)) ဒေါ်နွဲ့နွဲ့တို့၏ သားသမက်၊ ဒေါ်လဲ့လဲ့ဝင်း (မန်နေဂျာ-ငြိမ်း) (ကစစ. ၂၁) တာယာစက်ရုံ-သထုံ၏ ခင်ပွန်း၊ ဗိုလ်ကြီးဉာဏ်ဇော်ဦး-ဒေါ်စန္ဒာမင်း (အ. ထ. က(၆) မော်လမြိုင်) တို့၏ဖခင်၊ မောင်မြင့်မြတ်ဦး၏ အဘိုး၊ (ဦးခင်မောင်အေး-ဒေါ်မြသန်း)၊ (ဦးညီလေး-ဒေါ်တင်စိန်)၊ ဦးလှရွှင်-(ဒေါ်လှမြိုင်)၊ ဒေါ်တင်အေး၊ (ဒေါ်သန်းကြည်) တို့၏မောင်၊ ဦးသက်ဦးဟန်-ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးခေါင်မင်း-ဒေါ်သီတာဝင်း၊ ဦးကျော်ဇေယျဝင်း-ဒေါ်စပယ်ဉာဏ်ဟိန်း၊ ဦးကျော်သူရဝင်း-ဒေါ်စန္ဒာဝင်း တို့၏ အစ်ကိုသည် ၂၈. ၈. ၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် (၂း၂၀)နာရီတွင် ရန်ကုန်ပြည်သူ့ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀. ၈. ၂၀၁၉ (သောကြာနေ့) ညနေ (၄း၀၀)နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုလ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများမွန်းလွဲ (၂း၃၀)နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်စန်း အသက်(၈၆)နှစ်**

ဦးမြင့်အောင် (1994 Sr.Agri)မိခင် ဒေါ်စန်းသည် ၂၉-၈-၂၀၁၉ရက် မွန်းလွဲ ၂း၀၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**1994 Sr.စိုက်ပျိုးရေးတက္ကသိုလ်**
**ကျောင်းသား/သူဟောင်းများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်စိုး (ပုသိမ်)

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City အမှတ်(H-5)ငုဝါလမ်းနေ၊ [ဦးမောင်စိန်-ဒေါ်ကျင်ညွန့်(ခ)ဒေါ်လီကော]တို့၏သား၊ (ဦးကျင်ခဲ)-ဒေါ်ကျင်စို့တို့၏သားသမက်၊ ကိုအောင်ချိုဦး-မစုစု (ATKအထည်အလိပ်ဖြန့်ချိရေး)၊ ကိုကျော်လွင်ဟိန်း(ATK၊ကားအလှဆင်ပစ္စည်းဖြန့်ချိရေး)၊ ကိုကျော်ညိမ်းထွန်း၊ ကိုကျော်ယု-မအေးဝင့်ဖြူတို့၏ဖခင်၊ မောင်မြတ်သိမ်းကျော်၏အဘိုး၊ ဒေါ်စိုးစိုးရင်၏ခင်ပွန်းသည် ၂၉-၈-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၇း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၁၉ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးဖုးကျန့်သုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း။ [လှိုင်သာယာမြို့နယ်၊ FMI City၊ ငုဝါလမ်း၊ အမှတ်(H-5)နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။]

**ကျန်ရစ်သူမိသားစု**

---

## ဦးငွေလွင် (လှည်းကူး)

**အသက်(၅၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နေ ဦးတင်ရွှေ-ဒေါ်တင်သန်းတို့၏သား၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ပေါ်ဆန်းမွှေးလမ်း နေ(ဦးထွန်းရီ-ဒေါ်ချိုပို)တို့၏သားသမက်၊ မောင်ရဲလွင်ဦး-မလွင်လွင်ကျော်၊ မောင်ဟိန်းထက်၊ မောင်မင်းလှိုင်-မရွှန်းလဲ့ငွေလွင်တို့၏ဖခင်၊ ဒေါ်သန်းသန်းအေး၏ချစ်လှစွာသောခင်ပွန်းသည် ၂၈-၈-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၉ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၉-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သံသုမာလမ်း၊ အမှတ်(၁၄/၄)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဥ်အမှတ် 4H/4517၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြဝတီမြို့)**

---

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဥ်အမှတ် HSE/4681၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြဝတီမြို့)**

---

### ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့နယ်၊ ဒူးယားမြို့၊ ကွင်းအမှတ် (၁၄၈၄)၊ ဒူးယားကွင်း၊ ဦးပိုင်အမှတ်(၅၄၁)၊ ဧရိယာ ၀ဒသမ ၁၈ဧကရှိမြေကို ဦးရဲမြင့်အမည်ပေါက် မြေပေးမိန့်လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါ သည့်ရက်မှစ၍ ၁၅ရက်အတွင်း ဟသ်ာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟသ်ာတမြို့နယ်**

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

## ကိုဇော်ဇော်ဝင်း(ခ) ကိုအောင်အောင်ဝင်း

**(Nay Zine)**

**အထက (၃)တာမွေ ကျောင်းသားဟောင်း**

**အသက်(၄၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ ဖိုးစိန်လမ်း၊ အမှတ် (၄၈)နေ (ဦးသိန်းကျော်-ဒေါ်ကျင်မို့)တို့၏မြေး၊ ဦးဝင်းနိုင်(KMD)-ဒေါ်တင် ရွှေတို့၏သား၊ ကိုကျော်ကျော်ဝင်း-မနွေးနွေးဇော်တို့၏ညီ၊ ဒေါ်မိမိဇော် (အထက-၃၊ တာမွေ)၊ ဦးမိုးကျော်သူ-ဒေါ်ခင်ချိုမာတို့၏တူ၊ မမိုးအိအိကျော်၊ ဗိုလ်ကြီး မိုးပြည့်စုံကျော်-မသီရိထွန်း၊ မောင်လင်းထက်လူတို့၏ အစ်ကို၊ မောင်လင်းသူရိန်ဦး၊ မောင်လင်းပြည့်ကျော်၊ မောင်လင်းဘုန်းသန့်ကျော်၊ မောင်လင်းဘုန်းခန့်ကျော် တို့၏ဦးလေးသည် ၂၈-၈-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၉ရက်(သောကြာနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက်၁၁း၃၀ နာရီတွင် ထွက်ပါမည်)။ **ကျန်ရစ်သူမိသားစု**

---

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အနန္တဂုဏ်ရည်လမ်း၊ မေတ္တာညွန့်ဈေးရှိတစ်ထပ်(ထပ်ခိုးပါ) ငါးခန်းတွဲ အဆောက်အအုံ ဆိုင်ခန်းအမှတ်(၁)အား ဒေါ်နီနီစိန် ၁၄/မအန(နိုင်)၀၀၅၈၀၁အမည်ဖြင့် ပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်(Owner Book) ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားမှုရင်းများတင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဥ်အမှတ် 3J/9436 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## ဒေါ်ရင်မေ

**အသက်(၉၇)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁၉)၊ မဥ္ဇူလမ်း၊ ပါရမီရိပ်သာနေ (ဦးအေးမောင်-ဒေါ်မြတင်)တို့၏သမီး၊ (ဦးကွာနန်း-ဒေါ်စု)တို့၏သမီးချွေးမ၊ (ဒုတိယဗိုလ်မှူးကြီးဗသိုက်)၏ချစ်လှစွာသောဇနီး၊ ဒေါက်တာဦးခင်မောင်ဝင်း-ဒေါက်တာဒေါ်ခင်သီ၊ ဒေါက်တာဦးသိန်းစိုး-ဒေါက်တာဒေါ်ဝင်းမေ၊ ပါမောက္ခဒေါက်တာဦးရဲမြ-(ဒေါက်တာဒေါ်ကတ်သရင်းဗသိုက်)၊ (ဒေါက်တာဦးကျော်ဇော)-ဒေါက်တာခင်ပုလဲနု၊ ဒေါက်တာဦးကျော်ညိမ်းတို့၏မိခင်၊ ဒေါက်တာဦးသန့်ဇင်ဝင်း-ဒေါက်တာဒေါ်ဥမ္မာဝင်း၊ ဒေါက်တာဦးသက်နိုင်ဦး-ဒေါက်တာဒေါ်အေးအေးဝင်း၊ ဦးသိမ်းနိုင်ဝင်း-ဒေါ်ခင်ဆွေ မြင့်၊ ဒေါက်တာအောင်ခိုင်-ဒေါက်တာခိုင်ခိုင်ဝင်း၊ ဦးတင်ထူးခိုင်-ဒေါ်ဖြူဖြူထွန်း၊ ဦးသိန်းထူးအောင်-ဒေါ်စန္ဒာအောင်၊ ဦးရာဇာထွန်း-ဒေါ်မြကေသီ၊ ဦးမင်းဇော်မြ၊ ဦးထွန်းမြဇော်-ဒေါ်မေသက်ဟန်၊ ဦးစိုးကျော်ဇော၊ ဦးတိုးကျော်ဇော-Carla, James Junior, Bobbi Moe Zaw တို့၏အဘွား၊ မောင်ဝင်းဇင်ဦး၊ မောင်ဝင်းမင်းဦး၊ မောင် Alexender ဝင်း၊ မောင် Andrew ဝင်း၊ မစန္ဒီဝင်းခိုင်၊ မောင်ဝင်းဇော်ခိုင်၊ Harrison Aung၊ မောင်သတ္တိမြထွန်း၊ မောင်နေရောင်မြထွန်း၊ မောင်ဖုန်းနန္ဒမြ၊ Taye တို့၏အဘွားသည် ၂၈-၈-၂၀၁၉ရက် နံနက် ၀၀း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၉-၂၀၁၉ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## ဦးခက်တင်

**ရေတာရှည်မြို့**

**အသက်(၈၆)နှစ်**

ရေတာရှည်မြို့၊ (၁)ရပ်ကွက်၊ ဒဂုံ-မန်းလမ်းနေ (သစ်တောဝန်ထောက်) (ဦးဘသွင်-ဒေါ်စောရီ)တို့၏သား၊ ဦးခင်မောင်ထွေး-ဒေါ်မြင့်မြင့်သွင်၊ ရန်ကုန်မြို့နေ ဦးတိုးမြင့်ဝေ(ကထိက)-ဒေါ်တင်တင်မော်၊ မြောင်းမြမြို့နေ (ဦးအုန်း)-ဒေါ်အုန်းမေ နှဲ့၊ ရေတာရှည်မြို့နေ ဦးသိန်းဆွေ(ခ)ပေါ်ပေါ် တို့၏မောင်/အစ်ကိုသည် ၂၅-၈-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈- ၂၀၁၉ရက်တွင် ရေတာရှည်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၃၁-၈-၂၀၁၉ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

## ဦးစိန်ငွေး [သုတေသနမှူး(ငြိမ်း)-CRO]

**မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန၊ (ယခင်) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၃)လမ်းအောက်လမ်း၊ အမှတ်(၁၇)နေ (ဦးဘရင်-ဒေါ်ငွေခင်)တို့၏သား၊ (ဦးမှုန်-ဒေါ်ညီမကြီး)တို့၏သားသမက်၊ ဒေါ်အုန်းမြင့်(ပါမောက္ခ-ငြိမ်း၊ အရှေ့တိုင်းပညာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ရန်ကုန်အဘိဓမ္မာတက္ကသိုလ်)၏ခင်ပွန်း၊ ဒေါက်တာမြစန္ဒီ(ပါမောက္ခ၊ ကွန်ပျူတာတက္ကသိုလ်၊ ပုသိမ်)-ဦးစောထွန်း(လက်ထောက်ညွှန်ကြားရေးမှူး၊ အဏုမြူစွမ်းအင်ဌာန)၊ ဒေါ်မြသန္တာ(မြသန္တာအောင်ဖက်ရှင်)၊ ဒေါက်တာမြဇာလီ(ကထိက၊ ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဒေါ်မြဥမ္မာ(CB Bank)-ဦးနေမျိုးဦး၊ ဦးဝဏ္ဏ (Sunscreen Myanmar Co.,Ltd)၊ ဦးလွမ်းမိုး-ဒေါ်စုမေခိုင် (Sunscreen Myanmar Co.,Ltd)တို့၏ချစ်လှစွာသောဖခင်၊ မြတ်ရတနာပိုင်(TTC၊ ခွာညို)၊ မင်းရဲထက်ပိုင်တို့၏အဘိုးသည် ၂၈-၈-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီတွင် ARYU International Hospital ၌ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၉ရက်(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

ငပုတောမြို့နယ်အသင်း(ရန်ကုန်)

## စဝ်မြသိန်း(ခ)စဝ်ငွေးဝေ Sheila Min အသက်(၇၈)နှစ်

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်မီးစော်ဘွား(စဝ်ခွန်မင်း-စဝ်ခင်ကြီး)တို့၏သမီး၊ ပုသိမ်မြို့နေ (ဦးဘကြွေ-ဒေါ်သန်းညွန့်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၉၇စီ၊၁)နေ ဦးတင်မောင်(Retired Chief Engineer, Tomoe/Huap Choon/RCL)၏ဇနီး၊ နန်းခင်ခင်ကြီး၊ နန်းလှိုင်လှိုင်တင်မောင်-စိုးစံဝင်းတို့၏မိခင်၊ ငပုတောမြို့နယ်အသင်း(ရန်ကုန်)အသင်းဝင်မိသားစု စဝ်မြသိန်း(ခ) စဝ်ငွေးဝေ Sheila Minသည် ၂၈-၈-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွား ပါသဖြင့် ၃၀-၈-၂၀၁၉ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအားအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)**အမှုဆောင်အဖွဲ့**

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## Pa Sian Cin Mang

**လက်ထောက်အင်ဂျင်နီယာ(ငြိမ်း)၊ ကညန(ရန်ကုန်)**

**အသက်(၆၃)နှစ်**

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဖုံးကျေးရွာနေ Pu Lian Zam-Pi Niang Za Cing တို့၏သား၊ Pa Ngin Do Thawng ၏အစ်ကို၊ ရန်ကုန်မြို့နေ Nu Khup Khaw Nem ၏ချစ်လှစွာသောခင်ပွန်း၊ Pa Zam Khan Thang-Daw Maw Li Win, Tg. Cin Suan Pau, Tg.Thawng Za Cin, Tg. Cing Sian Dal, Lia Cing Sian Nuamတို့၏ဖခင် Pa Sian Cin Mang ဦးရှင်းကျင့်မန်သည်၂၈-၈-၂၀၁၉ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၀-၈-၂၀၁၉ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၁၅၆-A၊ ဗဟိုလမ်း)ရှိ တီးတိန်နှစ်ခြင်းအသင်းတော်-ရန်ကုန်(TBC-Y)ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။**ကျန်ရစ်သူမိသားစု**

---

## မခင်ဝေဝေလင်း

**အသက်(၃၉)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းကွက်သစ်ရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၄၅၈)နေ တိုင်းရင်းသမားတော်ကြီး ဦးကျော်လင်း-ဒေါ်ကြူကြူ သန်းတို့၏သမီး၊ (ကိုဇော်ဇော်ဝင်း-မစိန်ဝင်း)၊ (ကိုအောင်ကျော်ဦး)-မခင်ပပဝင်း၊ ကိုသိန်းထွဋ်-မချိုချိုအေးတို့၏ညီမ၊ မခင်စန္ဒာလင်း၊ မခင်ဥမ္မာလင်းတို့၏အစ်မ၊ တူ/တူမ ရှစ်ယောက်တို့၏အဒေါ်သည် ၂၈-၈-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၂၈နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၉ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး

## ဒေါ်စန်းရီ(ခ)ဒေါ်စန္ဒမာလာ

**အထက(၁)တွံတေး၊ အထက(၃)ဖျာပုံ၊ အထက မကွေး (ဆားစည်)၊ အထကဖောင်ကြီး၊ အထက(၁)မရမ်းကုန်း၊ အထက(၂)မရမ်းကုန်း၊ အထက(၂)အင်းစိန်၊ အထက်တန်းပြဆရာမကြီး(ငြိမ်း)**

**သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၂)ဝါ**

တွံတေးမြို့နေ (ဦးမောင်တင်-ဒေါ်စိန်ရှင်)တို့၏သမီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း(၂)လမ်း(တောင်)၊ အမှတ်(၃၄၇)နေ (ဦးလှဖေ)(ညွှန်ကြားရေးမှူး-ငြိမ်း၊ နိုင်ငံတော်ကောင်စီရုံး)၏ဇနီး၊ ဦးမျိုးဟန်လှ(C/E Maersk Line)-ဒေါ်သန်းသန်းနွယ်၊ ဒေါ်သဇင်လှ(မြန်မာ့အရှေ့တိုင်းဘဏ် Ltd)၊ ဒေါက်တာစန်းမင်းလှ-Sylvia Hla(UK)တို့၏မိခင်၊ ကိုသော်ထက်မျိုးဟန်၊ မသက်ထားမျိုးဟန်၊ Sannlia Hla တို့၏အဘွားသည် ၂၈-၈-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၁၉ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အလက-၄၊ အင်းစိန်ကျောင်းရှေ့မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၃-၉-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၃၀)ရပ်ကွက်၊ စံပါယ်ဖြူလမ်း၊ အမှတ်(၅၆)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

## ဒေါ်ပြည့်သိမ်း

**(Baby Nyi Pu)**

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၂၇နေ [ဒါရိုက်တာအေဝမ်းဦးညီပု-TAKAKO Suzuki (ခ) ဒေါ်စန်းရင်]တို့၏သမီး၊ [ဒေါက်တာဦးစံလှ-ဒေါ်စိန်ဦး]တို့၏သမီးချွေးမ၊ (ဦးမောင်မောင်လှ)၏ဇနီး၊ ဦးအောင်ဖေ-ဒေါ်တင်တင်သော်၊ (ဦးစံမောင်)၊ ဦးပန်းလှ-ဒေါ်အေးအေးမြင့်၊ (ဒေါ်ပြည့်ငြိမ်းရှင်)တို့၏အစ်မ၊ မဇာလီမော်ဦး၏မိခင်သည် ၂၈-၈-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၃-၉-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁၁း၃၀ နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ ဘိုးလှအိမ်ရာ၊ အမှတ် ၉၉A၅ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတင်အုန်း(ခ)ဦးမောင်မောင်ကြီး

**(ရွှေမြင်းမိုရ်အုန်းဆီစက်)**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ ဘောဂဗလလမ်း၊ အမှတ်(၂၇၃)နေ (ဦးကိတ်ဖီ-ဒေါ်ပု)တို့၏သား၊ ပုသိမ်မြို့နေ ဦးဘွန်ချမ်း၏ညီ၊ ဒေါ်စန်းစန်းလွင်၏ခင်ပွန်း၊ ဦးတင်မောင်ထွန်း-ဒေါ်မြင့်မြင့်နိုင်၊ ဦးဇော်မင်းဦး-ဒေါ်သင်းသင်းနိုင်တို့၏ဖခင်၊ မောင်အောင်ခန့် ကျော်၊ မောင်အောင်မင်းမြတ်၊ မောင်အာကာမင်းဟိန်း၊ မဆုသီရိစံ၊ မခိုင်ဖူးဝေ၊ မောင်ကောင်းခန့်ဟိန်းတို့၏အဘိုးသည် ၂၉-၈-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၂နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၁၉ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉း၄၅နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၉-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

## ဒေါ်ခင်အေးနွယ် B.Sc(Bot)

**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂)ရပ်ကွက်၊ (၁၈)လမ်း၊ အမှတ်(၁၂၀) ပထမထပ်နေ ဦးစိန်ထွေး(ခ) ဦးဟုတ်စိန်း၏ဇနီး၊ (ဦးကြို့ချီချွမ်း-ဒေါ်စွမ်တီ)တို့၏ချွေးမ၊ မောင်နိုင်လင်း၊မယမင်းဦးတို့၏မိခင်၊ ဦးလှမိုး-ဒေါ်ကြည်(ခ)ဒေါ်ရီရီဝေ၊ ဒေါ်ကြာပေါ်(ခ) ဒေါ်သန်းဝင်း၊ (ဦးဟုတ်လှိုင်)-ဒေါ်မြင့်မြင့်၊ ဒေါ်အပို့(ခ)ဒေါ်လှလှငွေး၊ ဒေါ်အိုက်အိုက်တို့၏ညီမ၊ ဒေါ်ညိုညိုအေး၊ ဒေါ်မာလာ၊ ဦးညီညီလွင်-ဒေါ်စန်းစန်းမြတို့၏အစ်မ၊ အင်းစိန်မြို့နယ်နေ [ဦးခွေး(ခ)ဦးထွန်းဝင်း-ဒေါ်ကျင်ကီ]တို့၏သမီး၊ ဦးရွှေအေး-ဒေါ်ခင်လှိုင်၊ (ဒေါ်အေးအေးမြင့်)၊ ဒေါ်သီတာ-ဦးမျိုးခန့်၊ ဒေါ်ရီရီဝင်း-ဦးမောင်နွဲ့၊ ဒေါ်ချိုချိုပြုံးတို့၏ညီမသည် ၂၈-၈-၂၀၁၉ရက် ညနေ ၆း၀၅နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၉ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (၁၈လမ်းနေအိမ်မှကားများနံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၃-၉-၂၀၁၉ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ (၁၈)လမ်း၊ ၁၀၉/၆လွှာနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

## ဦးသန်းထွန်းဝင်း (RIT 1983-1994)

**သတ္တုဗေဒကျိုင်းတုံ**

**(ဦးစီးအရာရှိ၊ စက်မှုလယ်ယာ)**

**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်စက်မှုလယ်ယာဝန်ထမ်းအိမ်ရာ၊ အမှတ်(E-65)နေ ဦးစိန်ဝင်း-ဒေါ်သိန်းကြည်တို့၏သား၊ မောင်ဟိန်းထက်ပိုင် (ခေတ္တ-ဂျပန်)၊ မောင်ဟန်ထူးဇင်၊ မဟန်နွေဆုတို့၏ဖခင်၊ ဒေါ်နှင်းစန္ဒာဝင်း၏ချစ်လှစွာသောခင်ပွန်းသည် ၂၇-၈-၂၀၁၉ရက် (အင်္ဂါနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂-၉-၂၀၁၉ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပမည့်ရက် အတည်ပြု

**ရန်ကုန် ဩဂုတ် ၂၉**

၂၀၁၉ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဗိုလ်လုပွဲကို စက်တင်ဘာ ၂၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း မြန်မာနေရှင်နယ်လိဂ်ကော်မတီက ဩဂုတ် ၂၉ ရက်တွင် အတည်ပြုထုတ်ပြန်ခဲ့သည်။

ယင်းဗိုလ်လုပွဲကို မူလက စက်တင်ဘာ ၂၁ ရက်တွင် အောင်ဆန်းကွင်း၌ ကျင်းပရန်စီစဉ်ထားသော်လည်း ကွင်းပြောင်းလဲခဲ့သောကြောင့် ရက်ပါပြောင်းလဲခဲ့ခြင်းဖြစ်သည်။ အောင်ဆန်းကွင်း မြက်ခင်းပြင်မှာ ဆိုးရွားစွာပျက်စီးနေသောကြောင့် သုဝဏ္ဏကွင်းသို့ ပြောင်းလဲကျင်းပမည်ဖြစ်ပြီး ညနေ ၆ နာရီတွင် စတင်ကျင်းပမည်ဖြစ်သည်။ ၂၀၂၀ အာရှ ယူ-၁၆ ခြေစစ်ပွဲကို စက်တင်ဘာ ၁၈ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သောကြောင့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲကို မူလသတ်မှတ်ထားသည့် စက်တင်ဘာ ၂၁ ရက်အစား ၂၄ ရက်သို့ ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ ယခုရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် MNL ထိပ်သီးအသင်းများဖြစ်သည့် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ချန်ပီယံဆုကို နောက်တစ်ကြိမ်ရယူနိုင်ရန် ကြိုးပမ်းရမည့်ပွဲလည်းဖြစ်သည်။ ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းသည် ၂၀၁၇ ပြိုင်ပွဲ ဗိုလ်လုပွဲတွင် တွေ့ဆုံပြီးနောက်ပိုင်း ဒုတိယအကြိမ် တွေ့ဆုံခြင်းဖြစ်ကာ

*စာမျက်နှာ ၁၂ ကော်လံ ၁* ❋



ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းတို့ ၂၀၁၉ ရာသီ အမှတ်ပေးပြိုင်ပွဲတွင် တွေ့ဆုံခဲ့စဉ်။ ဓာတ်ပုံ- စိုးညွန့်

## ယခုပညာသင်နှစ်မှ စတင်၍ အခြေခံပညာ အထက်တန်းဆင့် ပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်မည်

စာမျက်နှာ » ၁၁

## သဖန်းဆိပ်ဆည်ရေ လျော့နည်းသွားချိန် ကျေးရွာဟောင်းများ ပေါ်လာ

စာမျက်နှာ » ၁၃

# မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် တရုတ်လက်ရွေးစင်တို့ ယနေ့ ခြေစမ်းပွဲကစားမည်

**ရန်ကုန် ဩဂုတ် ၂၉**

၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် တရုတ်လက်ရွေးစင်အသင်းသည် ဩဂုတ် ၃၀ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းနှစ်သင်းစလုံးသည် စက်တင်ဘာလတွင် စတင်ကျင်းပမည့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲအတွက် ပြင်ဆင်နေခြင်းဖြစ်ပြီး ယခုခြေစမ်းပွဲကို ကွင်းပိတ်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းခြေစစ်ပွဲတွင် ဂျပန်၊ ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်၊ မွန်ဂိုလီးယားအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး ပထမဆုံးပွဲအဖြစ် စက်တင်ဘာ ၅ ရက်တွင် မွန်ဂိုလီးယားအသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့လက်ရွေးစင်အသင်းသည် တရုတ်နိုင်ငံ၌ ကြိုတင်လေ့ကျင့်ခြင်းဖြစ်ပြီး ဩဂုတ် ၃၁ ရက်တွင် မွန်ဂိုလီးယားနိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာလတွင် ခြေစစ်ပွဲနှစ်ပွဲကစားရမည်ဖြစ်ပြီး မွန်ဂိုလီးယားအသင်းနှင့်ပွဲအပြီးတွင် စက်တင်ဘာ ၁၀ ရက်၌ ဂျပန်အသင်းနှင့် အိမ်ကွင်းကစားရမည်ဖြစ်သည်။

ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့် ခြေစမ်းပွဲ ကစားမည့် မြန်မာ့လက်ရွေးစင်အသင်း တွင် **ဂိုးသမား**-ကျော်ဇင်ထက် (ရန်ကုန်)၊ ကျော်ဇင်ဖြိုး (ရှောဝတီ)၊ ပြည့်လျှံအောင် (ရတနာပုံ)၊ **နောက်တန်း**- ဇော်မင်းထွန်း (ချောင်ဘူရီ)၊ စိုးမိုးကျော်၊ ဇော်လင်း၊ ကျော်ဇင်လွင် (ရှောဝတီ)၊ ပြည့်ဖြိုးဇော် (ရန်ကုန်)၊ ဒေးဗစ်ဒန်း၊ နန္ဒကျော် (ရှမ်း)၊ သိန်းသန်းဝင်း (ရတနာပုံ)၊ **အလယ်တန်း** - ရန်အောင်ကျော်၊ မောင်မောင်လွင် (ရန်ကုန်)၊ လွင်မိုးအောင် (ရှောဝတီ)၊ လှိုင်းဘိုဘို၊ စည်သူအောင် (ရတနာပုံ)၊ ကြည်လင်း (ဇွဲကပင်)၊ ဆွမ်လမန် (ရှမ်း)၊ ကောင်းစည်သူ (Southern)၊ **ရှေ့တန်း**- ကျော်ကိုကို (ဆာမတ်ပရာခန်)၊ အောင်သူ(မြောင်တောင်)၊ ဝင်းနိုင်စိုး (ရတနာပုံ)နှင့် သန်းပိုင် (ရန်ကုန်)တို့ ပါဝင်ကြသည်။

**သတင်း- ညီမြတ်သော်တာ**

# အပူပိုင်းမုန်တိုင်း ပိုဒူး ဗီယက်နမ်မြောက်ပိုင်းကမ်းခြေဖြတ်ကျော်ဝင်ရောက်မုန်တိုင်းအရှိန်ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးကြီးခြင်းနှင့် လေပြင်းတိုက်ခြင်းဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၂၉**

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "ပိုဒူး" သည် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၏ အရှေ့မြောက်ဘက် မိုင် ၁၁၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။ အဆိုပါအပူပိုင်း မုန်တိုင်း "ပိုဒူး" သည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နောက် ၂၄ နာရီအတွင်း ဗီယက်နမ်နိုင်ငံမြောက်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရပါသည်။

အဆိုပါ အပူပိုင်းမုန်တိုင်းသည် ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ပြီးနောက် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ တဖြည်းဖြည်းအားလျော့သွားနိုင်သည်။ သို့ပါ၍ မုန်တိုင်းအကြွင်းအကျန်တိမ်တိုက်များနှင့် လေပွေလှိုင်းများ၏အရှိန်ကြောင့် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၃ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊

*စာမျက်နှာ ၁၂ ကော်လံ ၁* ❑

# ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၃၂သင်းအဆင့် အုပ်စုပွဲစဉ်များ မဲခွဲ

**မိုနာကို ဩဂုတ် ၂၉**

ယူအီးအက်ဖ်အေချန်ပီယံလိဂ် ၂၀၁၉-၂၀ ရာသီကာလအတွက် ၃၂ သင်းအဆင့် အုပ်စုပွဲစဉ်များကို ဩဂုတ် ၂၉ရက် ကြာသပတေး ညပိုင်းတွင် ပြင်သစ်နိုင်ငံ မိုနာကိုမြို့၌ မဲခွဲရွေးချယ်ခဲ့သည်။

အသင်း ၃၂ သင်းကို အုပ်စု ရှစ်အုပ်စုခွဲကာ အုပ်စုတစ်ခုတွင် အသင်းလေးသင်း ပါဝင်ခဲ့သည်။ အုပ်စု(က)တွင် ပီအက်စ်ဂျီ၊ ရီးရဲမက်ဒရစ်၊ ကလပ်ဘရူ၊ ဂါလာတာစာရေးတို့ ပါဝင်ခဲ့ပြီး အုပ်စု(ခ)တွင် ဘိုင်ယန်မြူးနစ်၊ စပါး၊ အိုလံပီယာကို့စ်၊ ဇက်ဗက်ဇ်ဒါတို့ ပါဝင်ခဲ့သည်။ အုပ်စု(ဂ)တွင် မန်စီးတီး၊ ရှက်တာဒိုးနက်ခ်၊ ဒိုင်နမိုဇာဂရက်၊ အတ္တလန္တာနှင့် အုပ်စု(ဃ) တွင် ဂျူဗင်တပ်စ်၊ အက်သလက်တီကို၊ လေဗာကူဆင်၊ လိုကိုမိုးတစ်မော်စကို တွေ့ဆုံခဲ့သည်။ အုပ်စု(င)တွင် လီဗာပူး၊ နာပိုလီ၊ ဆာ့လ်ဘတ်၊ ဂျန့်ခ်နှင့် အုပ်စု(စ)တွင် ဘာစီလိုနာ၊ ဒေါ့မွန်၊ အင်တာမီလန်၊ ဆလားဗီးယားပရက်တို့ တွေ့ဆုံခဲ့သည်။ အုပ်စု(ဆ)တွင် ဇင်းနစ်၊ ဘင်ဖီကာ၊ လိုင်ယွန်၊ လိုက်ပ်ဇစ်နှင့် အုပ်စု(ဇ)တွင် ချယ်လ်ဆီး၊ အိုင်းယက်စ်၊ ဗလင်စီယာ၊ လိုင်လီတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယူအီးအက်ဖ်အေ

*စာမျက်နှာ ၁၂ ကော်လံ ၅* ❋

